# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်　　၂၀၁၅ ခုနှစ်၊ မေ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၁၄]


## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ **(မူလဋီ၊ ၃၊ ၁၆၉။)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေး ဆွေးနွေး

*သတင်း၊ စာမျက်နှာ-၃*





ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ဒိုက်ဦးမြို့နယ်တွင် နှစ်စဉ်ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ချောင်း ၁၀၃ ချောင်းကို ပြန်လည်တူးဖော်လျက်ရှိရာ ဂုံညင်းတန်းချောင်း ပြန်လည်တူးဖော်မှုကို မေ ၃ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

# ရေထွက်ကုန်များ မျက်နှာပန်းလှရေး ထုတ်လုပ်မှုနှင့်ထုပ်ပိုးမှုများတွင် အဆင့်မြှင့်တင်ရန် ဝိုင်းဝန်းကြိုးပမ်း

**သတင်း-ခင်လေးမြင့်အောင်၊ ဓာတ်ပုံ-မေဦးမိုး**

**ရန်ကုန်　မေ　၆**

ကမ်းရိုးတန်းဒေသထွက် ကြာရှည်အထားခံ ရေထွက်ကုန်များမှာ သန့်ရှင်းမှု အားနည်းခြင်းကြောင့် ပြည်တွင်းဈေးကွက်အတွင်းမှာပင် မျက်နှာပန်းမလှ ဖြစ်နေရသည်ကို ကာကွယ်ရန်အတွက် စားသုံးသူယုံကြည်စိတ်ချရသည့် ရေထွက်ကုန်ခြောက်များ ဖြစ်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ငါးပိနဲ့ ငါးခြောက်တွေဟာ မြန်မာလူမျိုးတွေအတွက် မပါမဖြစ်တဲ့ အစား အစာတွေဖြစ်ပါတယ်။ သို့ပေမယ့် အခုနောက်ပိုင်းမှာစားသုံးဖို့ မသင့်တာတွေ၊ ဓာတုဗေဒပစ္စည်းတွေ သုံးစွဲတာတွေ စတဲ့အသံတွေထွက်လာပြီး အမှန်တကယ် လည်း သန့်ရှင်းမှုအတွက် လိုအပ်ချက်တွေရှိနေပါသေးတယ်။ ဒါကြောင့် ငါး လုပ်ငန်းအဖွဲ့ချုပ်ရော၊ ရေထွက်ကုန်လုပ်ငန်းရှင်တွေရော၊ မွေးမြူရေး၊ ရေ လုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနရော ပူးပေါင်းပြီး အဆင့်မြှင့် တင်ဖို့ လိုအပ်ပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❐



## အငြိမ့်သဘင်၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြည်သူများ တမ်းတစွဲမက်ခဲ့သော ရုပ်ရှင်တေးသီချင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ အခန်းဆက်တင်ဆက်ပြသမည်

စာမျက်နှာ-၅

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အလေးထားဆောင်ရွက်ပေး

ဆောင်းပါး စာမျက်နှာ-၆



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်း

ဤ ၂၁ ရာစုတွင် ကမ္ဘာအရပ်ရပ်၌ ဘာသာစကားများ၊ ယဉ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာများ၊ ဓလေ့ထုံးတမ်းများရောထွေးယှက်တင်လာခဲ့ပြီဖြစ်သည်။ နိုင်ငံအသီးသီးတို့က ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ပိုင်ဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းနေကြရပြီဖြစ်သည်။ ယဉ်ကျေးမှုဟူသည် လူမျိုးတစ်မျိုးချင်းစီ၏ သမိုင်းပင်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင် သမိုင်းပျောက်မည်ဖြစ်သည်။ သမိုင်းပျောက်လျှင် နိုင်ငံနှင့် လူမျိုးလည်း ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကမ္ဘာအရပ်ရပ်၌ နိုင်ငံအသီးသီးတို့က ကိုယ်ပိုင်ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းနေကြခြင်းဖြစ်ပါသည်။

ယဉ်ကျေးမှုဟူသည် နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ တိမ်ကောကွယ်ပျောက်တတ်သည့် သဘောရှိပါသည်။ ပုဂံခေတ်ယဉ်ကျေးမှုသည် စာပေကျမ်းဂန်များအရသာ သိရပေတော့သည်။ ပုဂံခေတ်ထက်စောသော သရေခေတ္တရာနှင့် တကောင်းယဉ်ကျေးမှုသည် ပို၍ပင်ကွယ်ပျောက်သွားခဲ့ပြီဖြစ်ပါသည်။ အမြင့်သဘင်ဟုခေါ်သော ရုပ်သေးရုပ်စုံသဘင်မှာ တိမ်ကောသွားခဲ့ပြီဖြစ်သလို ဇာတ်ပွဲ၊ ဇာတ်သဘင်ကပြဖျော်ဖြေမှုမှာလည်း ရှားပါးလာပြီဖြစ်ပါသည်။ ခေတ်အဆက်ဆက်ထွန်းကားခဲ့သော မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ မြန်မာတိုင်းရင်းသားအားလုံးတွင် တာဝန်ရှိပါသည်။

ထို့ကြောင့်လည်း မြန်မာလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်ရလေအောင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးနေခြင်းဖြစ်ပါသည်။ (၂၁)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ် မေ ၇ ရက်(ယနေ့)မှ ၁၂ ရက်အထိ နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပသွားတော့မည်ဖြစ်သည်။

ဤပြိုင်ပွဲကြီးတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ဟူ၍ ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။ ဤသို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပေးနေခြင်းသည် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးလာချိန် လူငယ်လူရွယ်များအကြား ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဂီတကို အလေးထားထိန်းသိမ်းတတ်ကြစေရန်လည်း ဖြစ်ပါသည်။ ပြည်ပယဉ်ကျေးမှုများ ထိုးဖောက်ခံရမှုအများဆုံးနေရာသည် လူငယ်လူရွယ်များမှ စတင်ခြင်းဖြစ်ပါသည်။ အကြောင်းမူကား လူငယ်လူရွယ်တို့၏ သဘာဝမှာ အသစ်အဆန်းများကို ရှာဖွေလက်ခံကျင့်သုံးလေ့ရှိကြရာ တိုင်းတစ်ပါးယဉ်ကျေးမှုကိုမှ အလွယ်တကူလက်ခံတတ်ကြ၍ဖြစ်ပါသည်။

သို့ပါ၍ ဤအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှသည် နောင်နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ကိုယ်ပိုင်ယဉ်ကျေးမှုများ ဆက်လက်ထွန်းကားစေရန် မြန်မာတိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပေကြောင်း။ ။

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ဆွေးနွေး



**နေပြည်တော် မေ ၆**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာ့ဘဏ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Axel van Trotsenburg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မေ ၅ ရက် နံနက် ၁၀ နာရီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံ၏ ပထမ ငါးနှစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒုတိယငါးနှစ်စီမံကိန်း ၂၀၁၆-၂၀၂၁ ကို စတင်ရေးဆွဲနေမှုအခြေအနေ၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စစ်တမ်းကောက်ယူမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Axel van Trotsenburg က မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် Country Partnership Framework ကို စတင်ဆောင်ရွက်ရန် ကြေညာခြင်းနှင့် အဆိုပါ မူဘောင်တွင် ပါဝင်သည့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး၊ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေး၊ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး ကိစ္စရပ်များ၊ ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် အကောင်အထည်ဖော်မှု အခြေအနေများနှင့် ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် ရုံးခွဲ (နေပြည်တော်)ကို ဖွင့်လှစ်၍ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် အဓိကပံ့ပိုးဆောင်ရွက်သွားလိုသည့် ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ



# ကသာမြို့ အမှတ် (၈) ရပ်ကွက်ရှိ လူကူးတံတား ပြုပြင်ပေးစေလို

**ကသာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်သို့ ဆက်သွယ်ထားသော လူကူးတံတားကြီးသည် နှစ်ကာလကြာရှည်နေပြီး အောက်ခြေပေါင်တန်းများ၊ တိုင်များဆွေးမြည့်နေပြီး အောက်ခင်းကြမ်းပြင်မှာလည်း ပေါက်ပြဲနေသဖြင့် နီးစပ်ရာအိမ်များရှိ ပြည်သူများက ယာယီအားဖြင့် ပြုပြင်ထားကြောင်း သိရသည်။

အဆိုပါတံတားပေါ်သို့ ကျောင်းသား ကျောင်းသူ၊ ဈေးသွားဈေးလာများ၊ စက်ဘီး၊ ဆိုင်ကယ်နှင့် ကားများ ဖြတ်သန်းသွားလာနေကြသဖြင့် တံတားကြီးပြိုကျပျက်စီးသွားမည်ကို ရပ်ကွက်သူ ရပ်ကွက်သားများ စိုးရိမ်နေရကြောင်း ကုန်တင်ယာဉ်များလည်းဖြတ်သန်းသွားလာနေကြသဖြင့် အန္တရာယ်များလာကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တံတားကြီးကို မိုးမကျခင် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးပါက ပြိုကျပျက်စီးမှု အန္တရာယ်မှ ကင်းဝေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားပြည်သူများအတွက်လည်း စိတ်ချမ်းသာမှုရှိစေရန် အမြန်ဆုံး ပြုပြင်ပေးရန် တင်ပြလိုက်ရပါသည်။

**လူအောင်(ကသာ)**

# ဖောင်တော်ချက်မစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**လယ်ဝေး မေ ၆**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ (၇၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက်က စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်ဦး တည်ဆောက်ရန် ငွေကျပ်သိန်း ၁၂၀လှူဒါန်းခဲ့သည်။ ဗုဒ္ဓပူဇနီယပွဲတော်ကို ဧပြီ ၃၀ ရက်မှ မေ ၂၁ ရက်အ ထိ စည်ကားစွာကျင်းပသွားမည်ဟု သိရသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ် တာဝန်ခံဦးမြင့်ဆွေ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖောင်တော်ချက်မစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၇-၁၀၉၀ |
| ဥရောပ | တစ်ယူရို | ၁၁၉၀-၁၂၀၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀-၈၁၅ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၅-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၂-၁၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀-၂၉၆ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| ပေါ်ကွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၇၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၄၂ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၁၅၀-၂၂၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၆၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၀၀-၁၀၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ-စေ့ငုတင်ပြသည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် မေ ၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချန်ဟောင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချန်ဟောင်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

**✻ *ကျောဖုံးမှ***

ပြုလုပ်မယ့် ရှင်အပါးတစ်သောင်းစုပေါင်းရှင်ပြုပွဲကြီးမှာလည်း Miss Golden Land Myanmar 2015 အလှမယ်လေးတွေက လုပ်အားဒါနနဲ့ ပါဝင်ကုသိုလ်ရယူသွားမှာ ဖြစ်ပါတယ်”ဟု Miss Golden Land Myanmar Organization မှ စီအီးအို ကိုဝေယံအောင်က ပြောကြားသည်။

ထို့အပြင် မေ ၁၇ ရက်မှ စတင်ကာ ၂၄ ရက်အထိ စစ်ကိုင်းမြို့ အနီးတစ်ဝိုက်ရှိ ဒေသခံ ကလေးငယ်များနှင့် ကျေးလက်ပြည်သူလူထု နှစ်သောင်းခွဲအတွက် ကိုယ်ရည်ကိုယ်သွေးနှင့် စိတ်ဓာတ်မြင့်မားရေးဆိုင်ရာ သင်ခန်းစာများကို အလှမယ်လေးများက အတူတကွ သင်ကြားပြသလေ့ကျင့်သွားကြရန် စီစဉ်ထားပြီး MGLM မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ သင်ခန်းစာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ကိုဝေယံအောင်ထံမှ သိရှိရသည်။

“လက်ရှိမှာ အလှမယ် ၃၁ဦးကို အလှအပရေးရာတွေနဲ့ အခြားကဏ္ဍအသီးသီးအတွက် သင်ကြားမှုတွေ ပြုလုပ်နေပါပြီ။ အလှမယ်တွေကို မေ ၅ ရက်ကနေ စတင်မဲပေးနိုင်ပါပြီ။ သူတို့အနေနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွေ၊ လူမှုရေးနဲ့ ပရဟိတတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတွေမှာ အခြားသူတွေကို ဦးဆောင်ညွှန်ပြနိုင်တဲ့ အမျိုးကောင်းသမီးတွေဖြစ်လာပြီး လူမှုဘဝကို မြှင့်တင်နိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ ရှိလာအောင် လမ်းညွှန်ပေးပါတယ်။ အကြိုပြိုင်ပွဲတွေ ဖြစ်တဲ့ Talent ပြိုင်ပွဲကို မန္တလေးမှာ ကျင်းပသွားမှာဖြစ်ပြီး ပြင်ဦးလွင်မှာ Swin-suit ပြိုင်ပွဲကို ကျင်းပသွားမယ်” ဟု ကိုဝေယံအောင်က ပြောကြားသည်။

နောက်ဆုံးအဆင့် ပြိုင်ပွဲကို ဇွန် ၁၃ရက်တွင် ရန်ကုန်မြို့ MCC ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## လူဦးရေစာရင်းနှင့် လူငယ်များအလုပ်အကိုင် ရှာဖွေခြင်းဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၆**

ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Janet E. Jackson သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့အကြား လူဦးရေစာရင်းနှင့် လူငယ်များအလုပ်အကိုင် ရှာဖွေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အနာဂတ်တွင် ဆက်လက်လုပ်ဆောင်သွားမည့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ် လှုပ်ရှားမှုပြပွဲဖွင့်

**ပဲခူး မေ ၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုပြပွဲဖွင့်ပွဲကို မေ ၄ ရက် နံနက်ကပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။ ပြပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ရှောင်ရန်/ဆောင်ရန်များကို မှတ်တမ်းဓာတ်ပုံများ၊ Power Point များဖြင့် ပြသထားပြီး မေ ၄ ရက်မှ ၆ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အဆိုပါ ခန်းမ၌ ပြသွားမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၊ မော်တော်ဆိုင်ကယ်အရောင်းပြခန်း ပိုင်ရှင်များ၊ ပြည်သူများ လာရောက်လေ့လာနိုင်ကြောင်းသိရသည်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းတရားသူကြီးချုပ် ဦးခင်မောင်ရွှေ၊ တိုင်းစာရင်းစစ်ချုပ် ဦးအေးဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဝင်များနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှုပြပွဲဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စံပယ်က ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်က ပြပွဲအားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**

## တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမြင့်နောင်အား ပေါ်တူဂီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး သီရိပျံ့ချီဦးထွန်းနေလင်း ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၇**

အာဂျင်တီးနားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သီရိပျံ့ချီ ဦးထွန်းနေလင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဗျူနိုအေရိစ်မြို့၌ အာဂျင်တီးနားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ အမာဒိုဘိုဒူးထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **(သတင်းစဉ်)**

## အသိပေးနှိုးဆော်ချက်

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ဆဋ္ဌမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေးအထိမ်းအမှတ်ပွဲများအား ကျင်းပလျက်ရှိရာ အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားအား မေလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ပြည်သူ့ဥယျာဉ် အမှတ်(၂) စကိတ်ကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဘွဲ့ရလူငယ်များဦးစီး၍ ပညာဒါန(အခမဲ့)တက္ကသိုလ်ဝင်တန်း သင်တန်းဖွင့်လှစ်မည်

**နေပြည်တော် မေ ၆**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း ရွှေညောင်ပင်ဂိတ်အထက် မြို့မဈေးကုန်းကျောင်း၌ အခြေတည်၍ ဘွဲ့ရလူငယ်များဦးစီးကာ ပညာဒါန(အခမဲ့) တက္ကသိုလ်ဝင်တန်းသင်တန်း Educational Development Centre ဖွင့်လှစ်မည်ဖြစ်ကြောင်း သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင် တစ်ဦးထံမှ သိရသည်။ သင်တန်းတွင် ဘွဲ့ရပြီးသည့် ပရဟိတလူငယ်များမှ ပညာဒါနမျှဝေကြမည်ဖြစ်ပြီး တက္ကသိုလ်ဝင်သင်တန်းတွင် အပတ်စဉ် Debate, Presentation များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းအပ်လက်ခံရက်မှာ မေ ၉ ရက်နောက်ဆုံးထား၍ ကျောင်းအပ်လက်ခံပြီး မေ ၁၇ ရက်တွင် သင်တန်း စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်လိုသူများ အသေးစိတ်သိရှိလိုပါက သင်တန်းဖြစ်မြောက်ရေးအဖွဲ့ဝင်များဖြစ်သည့် ဖုန်း-၀၉-၃၁၂၄၈၈၂၈၊ ၀၉-၄၂၀၇၁၀၇၅၁၊ ၀၉-၄၂၈၂၁၅၂၀၆၊ ၀၉-၄၄၈၅၃၉၇၈၆၊ ၀၉-၇၉၇၉၀၈၄၄၇ သို့ အမြန်ဆုံးဆက်သွယ်စုံစမ်းနိုင်ကြကြောင်း သိရသည်။

**ကာရန်ခ**

# စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ချက်နှင့် မဟာဗျူဟာများတွင် ချိတ်ဆက်ပေါင်းစည်းပေးသွားရန်အရေးကြီး

နေပြည်တော် မေ ၆

**အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၅)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့မှ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ တာဝန်ရှိသူများ၊ Development Partners များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် စီမံချက်ကြီးသုံးခုဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားစွမ်းအင်စီမံချက်၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံချက်၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိ ရေးစီမံချက်များကို တာဝန်ခံဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး အတည်ပြုသွားရန်ဖြစ်ပါကြောင်း၊ စီမံချက်များရေးဆွဲရာတွင် အခြေပြုတွက်ချက်ထားသည့် စာရင်းအင်းကိန်းဂဏန်းများ၏ ယုံကြည်စိတ်ချရမှုနှင့် အရည်အသွေးပြည့်မီမှုကိုလည်း အလေးထားဆန်းစစ်ရမည် ဖြစ်ပါကြောင်း၊ လက်ငင်းလတ်တလော တွေ့ကြုံနေရသည့် စွမ်းအင်နှင့် လျှပ်စစ်ဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြေရှင်းပေးရင်း အနာဂတ်အတွက် ခိုင်မာသည့် အခြေခံကောင်းများ ဖန်တီးပေးရန် ဖြစ်ပါကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ ပြန်ပြည့်မြဲစွမ်းအင်၊ ကျောက် မီးသွေးစသည့် အခြေခံစွမ်းအင် အရင်းအမြစ်များကို ဖြစ်နိုင်ခြေအရှိဆုံးနှင့် အကောင်းဆုံးပေါင်းစပ်မှုကို ပြုလုပ်ရာတွင် စွမ်းအင်လုံခြုံမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းပေါင်းစပ်မှု အားကောင်းသည့် စွမ်းအင်မူဝါဒနှင့် စီမံချက်များအဖြစ် တာဝန်ခံနိုင်ရေးအတွက် သင့်တော်ကောင်းမွန်သည့် ဖွဲ့စည်းမှုများ ပြုလုပ်သွားရန်ဖြစ်ပါကြောင်း၊ စွမ်းအင်ဆိုင်ရာ ဥပဒေ နည်းဥပဒေများ၊ ရေရှည်တည်တံ့ခိုင်မြဲမည့်ဘဏ္ဍာရေးဆိုင်ရာ မူဘောင်များ၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်နိုင်မည့် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ဆောင်ရွက်မှု မူဘောင်များကို ခိုင်မာစွာ ပြဋ္ဌာန်းပေးရန်လိုပါကြောင်း။

စွမ်းအင်စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ကာကွယ်မှုအစီအမံများကို ချမှတ်ပြီး လိုက်နာကျင့်သုံးသွားစေရေးကြပ်မတ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ချက်နှင့် မဟာဗျူဟာများတွင် အချိတ်အဆက်မိမိ ပေါင်းစည်းပေးသွားရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က စွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲဖြစ်သည့် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ရေးဆွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းထွန်း၊ ဦးမောင်မြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က သက်ဆိုင်ရာဌာနအလိုက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီစသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသောစီမံချက်များ၊ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းရေးဆွဲခြင်းနှင့် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒါရိုက်တာ မစ္စတာချောင်ချီနိုက မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုရေးဆွဲလျက်ရှိသည့် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့မှ တာဝန်ရှိသူများက စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်၊ ADB ဘဏ်မှ အကြံပေးပုဂ္ဂိုလ်ဦးစိုးမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာပြန်ပြည့်မြဲ စွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်တို့က အနာဂတ်စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်အတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ကော်မတီအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။ ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်(၂၀၁၅-၂၀၁၇)နှင့်စပ်လျဉ်း၍ဆွေးနွေး



**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ကမ္ဘာ့ဘဏ်၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ အက်ဇဲလ် ဗန်ထရော့ဇန် ဘာ့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် လူသားအရင်းအမြစ်နှင့် အားကောင်းသည့် အဖွဲ့အစည်းများဖြစ်ပေါ်လာစေရန် ရင်းနှီးမြှုပ်နှံခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန် အားကောင်းသည့် ပုဂ္ဂလိကကဏ္ဍကို ပံ့ပိုးကူညီပေးခြင်း လုပ်ငန်းစဉ်များ ပါဝင်သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် (၂၀၁၅-၂၀၁၇) နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

### ❒ ရှမ်းပြည်နယ်

### *ရွှေဖုံးမှ*

အိမ်နီးချင်းနိုင်ငံများနှင့် အခြားဒေသတွင်း ကမ်းရိုးတန်းပေါ်များသည့် နိုင်ငံများတွင်လည်း ငါးခြောက်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ကြရာ သန့်ရှင်းမှုနှင့် ထုပ်ပိုးမှုအားသာချက်များကြောင့် ပြည်ပပို့ကုန်များအဖြစ် အရည်အသွေးပြည့်မီသော်လည်း ပြည်တွင်းငါးခြောက်လုပ်ငန်းအများစုမှာမူ မိမိတို့ပြည်တွင်းမှာပင် ရောင်းပန်းမလှသည်ကို မြင်တွေ့နေရကြောင်း သိရသည်။

"သန့်ရှင်းမှုအတွက် သက်ဆိုင်ရာစည်ပင်သာယာရေး၊ ဝန်ကြီးဌာန၊ အသင်းအဖွဲ့တွေစုပေါင်းပြီး ဆောင်ရွက်သင့်ပါတယ်။ ငါးခြောက်အပြင် ငါးပိလုပ်ငန်းတွေနဲ့ ငံပြာရည်ထုတ်လုပ်တဲ့လုပ်ငန်းတွေမှာလည်း လိုအပ်ချက်တွေ အများကြီးရှိနေသေးလို့ ပြည်တွင်းဈေးကွက်မှာတောင် ကုန်အမှတ်တံဆိပ် အနည်းငယ်သာ အောင်မြင်မှုရှိတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ငါးခြောက်ကုန်စည်ဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အရည်အသွေးပိုင်းမြှင့်တင်ရန်အတွက် သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနှင့် ကိုက်ညီမှုကို အဓိကထား ထုတ်လုပ်ကြရန်နှင့် စားသုံးသူများ၏ ယုံကြည်မှုကိုရရှိလာစေရန် ပြည်တွင်းပညာရှင်များကိုခေါ်ယူကာ ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်တို့ကို ဓာတ်ခွဲစစ်ဆေးမှုများ ပြုလုပ်ရန်အတွက် ငါးပိ၊ ငါးခြောက်နှင့် ငံပြာရည်ထုတ်လုပ်ရောင်းချသူများအသင်းက ရည်ရွယ်ထားပြီး အရည်အသွေးမြင့်မားသည့် ရေထွက်ထုတ်ကုန်များဖြစ်လာစေရန်နှင့် အရည်အသွေးနှင့် ထုပ်ပိုးမှုမြင့်မားသည့် ထုတ်ကုန်များကို နိုင်ငံတကာနှင့် အာဆီယံစံနှုန်းများအတိုင်း ကြိုးပမ်းဆောင်ရွက်ကာ ပြည်ပသို့တင်ပို့နိုင်ရေးအထိ ရည်ရွယ်ထားကြောင်း အဆိုပါအသင်း၏ဥက္ကဋ္ဌ ဦးထွန်းစိန်က ပြောသည်။

## မန်စီ၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**မန်စီ မေ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်စီမြို့နယ်ရဲတပ်ဖွဲ့ ရဲဓမ္မာရုံ၌ မေ ၄ ရက် နံနက် ၈ နာရီက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်လွင်ဦးက မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိစေရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### ◆ *ကျောဖုံးမှ*

ထိုင်းနိုင်ငံမှ ဘတ်စကက်ဘောအားကစားကျွမ်းကျင်သူ အနုပညာရှင်များအဖွဲ့မှ အားကစားသမားများသည်လည်း မြန်မာအနုပညာရှင်များနှင့် ချစ်ကြည်ရေးဘတ်စကက်ဘော အားကစားယှဉ်ပြိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

# အငြိမ့်သဘင်၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ပြည်သူများတမ်းတစွဲမက်ခဲ့သောရုပ်ရှင်တေးသီချင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ အခန်းဆက်တင်ဆက်ပြသမည်

**မြန်မာ့ရုပ်မြင်သံကြားနှင့် House of Media Entertainment တို့ ပူးပေါင်းရိုက်ကူးတင်ဆက်မည့် မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း၊ ရင်တွင်းရေးပြဿနာ၊ Channel Zero ဇာတ်လမ်းတွဲများနှင့်အတူ မြန်မာ့ရုပ်ရှင်ပရိသတ်များ တမ်းတမ်းတတစွဲမက်ခဲ့သော ရုပ်ရှင်တေးသီချင်းများကို ပြန်လည်ရိုက်ကူးတင်ဆက်မှုများ ပြုလုပ်ပြီးမကြာမီ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသပေးတော့မည်ဖြစ်ကြောင်း သိရသည်။**

သတင်း - မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ - မိုးမခ

အဆိုပါ အငြိမ့်သဘင်၊ ရုပ်သံဇာတ်လမ်းတွဲများနှင့် တေးသီချင်းများကို စတင်ရိုက်ကူးမှုပြုလုပ်မည့် ကန်တော့ပွဲပေးအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ Central Hotel ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြန်မာ့ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ထွန်း၊ ပွဲဖြစ်မြောက်ရေးစီစဉ်သည့် House of Media Entertainment မှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်မြင့်သန္တာစိုး၊ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းကို အဓိက ပါဝင်ဦးဆောင်စီစဉ်မည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဟာသသရုပ်ဆောင် ဦးသူရ (ခ) ဇာဂနာ၊ ရင်တွင်းရေးပြဿနာနှင့် Channel Zero ကို ဒါရိုက်တာအဖြစ် ရိုက်ကူးပုံဖော်မည့် ဒါရိုက်တာဟိန်းစိုး၊ တမ်းတမ်းတတဖြစ်ခဲ့သော မြန်မာ့ရုပ်ရှင်တေးသီချင်းများကို ပြန်လည်ပုံဖော်စီစဉ်ပေးမည့် ဗီဒီယိုနှင့်ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်လွင်၊ ရင်တွင်းပြဿနာတွင် ခေါင်းဆောင်မင်းသားအဖြစ်ပါဝင် သရုပ်ဆောင်မည့် နိုင်းနိုင်း၊ ရဲမွန်၊ အရိုင်း၊ ငှက်ပျောကြော်၊ ညောင်ညောင်တို့နှင့်အတူ Home Arts မှ မျိုးဆက်သစ်သရုပ်ဆောင်များ တက်ရောက်ကြသည်။

အငြိမ့်သဘင်၊ ရုပ်သံဇာတ်လမ်းတွဲနှင့် ရုပ်ရှင်တေးသီချင်းများ ရိုက်ကူးမှုတွင် ကဏ္ဍအသီးသီးမှ ပါဝင်ခဲ့ကြသည့် သက်ဆိုင်ရာအနုပညာရှင်များအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက် မေးမြန်းခဲ့ပါသည်။


အကယ်ဒမီ ဦးအောင်လွင်


ဦးသူရ (ခ) ဇာဂနာ


နိုင်းနိုင်း


ရွှေဖူးစာ

### တမ်းတမ်းတတ ရုပ်ရှင်တေးသီချင်းစီစဉ်သူ အကယ်ဒမီ ဦးအောင်လွင်

ဒီအစီအစဉ်ကိုစိတ်ကူးယဉ်တဲ့သူကတော့ ဒါရိုက်တာ ဦးအောင်မြင့်မြတ်ဖြစ်ပါတယ်။ ကျွန်တော်ကသီချင်းတွေ ဝါသနာပါတော့ စာအုပ်တွေ အများကြီးစုပါတယ်။ အဲဒီအချိန်မှာ သက်ဆိုင်ရာလူကြီးများနဲ့တွေ့ပြီးတော့ နောက်ခြောက်နှစ်ဆိုရင် မြန်မာ့ရုပ်ရှင်ဟာနှစ်ပေါင်း ၁၀၀ ပြည့်တော့မှာပါ။ အဲဒီအတွက် အမှတ်တရ အစီအစဉ်ပါ။ ကျွန်တော်တို့ ရုပ်ရှင်ဆိုတာ ဇာတ်သဘင်ကဆင်းသက်တာပါ။ ဒါကြောင့် အဆိုတွေ မကင်းကြဘူး၊ မြန်မာ့ရုပ်ရှင် ဇာတ်ကားတွေမှာလည်း တချို့တွေက တေးသီချင်းခေါင်းစဉ်တွေကို ရုပ်ရှင်ရဲ့ခေါင်းစဉ်နဲ့ သွားတာလည်းရှိခဲ့တယ်။ တချို့တွေက မင်းသား၊ မင်းသမီး အပျော်၊ အမြူး အကနဲ့ လွမ်းတာ ဆွေးတာကို နောက်ခံတေးဂီတလို့ခေါ်တဲ့ သီချင်းမျိုး ရှိပါတယ်။ အဲဒီအမျိုးအစားတွေကိုခွဲပြီးသွားတဲ့အခါမှာ စစ်ကြိုခေတ်က ချစ်ရေစင်တို့၊ စေတနာတို့ အဲဒီဟာတွေကအစ ပါဝင်အောင် ကျွန်တော်တို့ ကြိုးစားပါတယ်။ အဲဒါကြောင့်သီချင်းပေါင်း ၁၅၀ လောက်ရှိပါတယ်။ အဲဒီထဲမှာမှ လိုက်ဖက်တာ မလိုက်ဖက်တာ၊ တိုတာ၊ ရှည်တာလည်း မဖြစ်အောင်နဲ့ လေးလည်းမနေအောင်၊ မြူးတာလေးတွေနဲ့ရောပြီး ပြည်သူတွေကို တင်ဆက်ပြသပေးချင်တာ ၁၉၉၆ ခုနှစ်လောက်ကတည်းကပါ။ အဲဒီတုန်းက ဆိုကြမယ်၊ မြူးကြမယ် ဆိုပြီး ကျွန်တော်နဲ့ ကိုအောင်မြင့်မြတ် စီစဉ်ဖူးတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်ခဲ့ရတယ်။ အခုရိုက်ကူးတင်ဆက်ရမှာက နည်းနည်းတော့ခက်တယ်။ ဘာကြောင့်လဲဆိုတော့ ဟိုးအရင်တုန်းကဆိုခဲ့တဲ့သီချင်းတွေက ပညာရှင်တွေဖြစ်သလို တီးခဲ့တဲ့သူတွေကလည်း ပညာရှင်တွေဖြစ်တယ်။ ဒါ့အပြင် သီချင်းတွေက ကောင်းခဲ့ပေမယ့် အရုပ်အားဖြင့် မရှိခဲ့ဘူး။ ဒါကြောင့် အရုပ်ရော၊အသံရောရှိအောင် အခုလို ပြန်လည်ရိုက်ကူးတင်ဆက်ရတာက အဓိကရည်ရွယ်ချက်ပါ။

### ရုပ်ရှင်၊ဗီဒီယိုနှင့် ဟာသ သရုပ်ဆောင် ဦးသူရ (ခ) ဇာဂနာ

ဒီအစီအစဉ်ကတော့ မြန်မာ့ရုပ်မြင်သံကြားနဲ့ Home Arts တို့ပူးပေါင်းစီစဉ်တဲ့ ပွဲလေးဖြစ်ပါတယ်။ တကယ်ကတော့ ကျွန်တော်တို့က မြန်မာ့ရုပ်မြင်သံကြား Entertainment Channel ကနေထုတ်လွှင့်မယ့် အစီအစဉ်တွေပါ။ ပထမဦးဆုံး ပူးပေါင်းပြီး လုပ်ဆောင်တဲ့ ဖျော်ဖြေရေး အစီအစဉ်လို့ ပြောရမယ်ဆိုပေမယ့် တကယ့်တကယ်ပြောမယ်ဆိုရင် ဒီခန်းမထဲမှာ ထိုင်နေတဲ့ သူငယ်ချင်းတွေဖြစ်တဲ့ ကျွန်တော်ဇာဂနာ၊ အရိုင်းနဲ့ ငှက်ပျောကြော်တို့ဟာ မြန်မာ့အသံက မွေးထုတ်ပေးလိုက်တဲ့ သားတွေပါ။ ကျွန်တော်တို့ရဲ့ မိခင်ဌာနဟာ ရုပ်မြင်သံကြားပါ။ မြန်မာ့ရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ ၁၉၈၀ ပြည့်နှစ်ကတည်းက လူပြက်တွေအဖြစ်ကခဲ့ကြတာပါ။ ၁၉၈၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ မြန်မာတစ်နိုင်ငံလုံးကို ရုပ်မြင်သံကြားအစီအစဉ်စတင်ထုတ်လွှင့်လိုက်တာနဲ့ အဲဒီည တစ်နိုင်ငံလုံးကြည့်လိုက်ရတဲ့အငြိမ့်ဟာ မိုးနတ်သူဇာအငြိမ့်ပါ။ မင်းသမီးက သီတာဝင်းနဲ့ ကျွန်တော်တို့အုပ်စုတွေ ကခဲ့ကြတာပါ။ တကယ်တမ်းပြောရရင် ရုပ်မြင်သံကြားကြောင့် လူဖြစ်လာရတဲ့ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့မိခင်ဌာနကို ကျေးဇူးပြုတဲ့အနေနဲ့၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီအစီအစဉ်တွေကို လုပ်တာပါ။ ကျွန်တော်ကအငြိမ့်သမားဖြစ်တဲ့အတွက် အငြိမ့်ကို ဦးစားပေးပြီး တင်ဆက်ပါတယ်။ ယနေ့ခေတ်မှာ အငြိမ့်ဆိုတာ လူတွေက အမျိုးမျိုးပြောနေကြတယ်။ ဟိုကပဲလာသလိုလို၊ ဒီကပဲလာသလိုလို မြေဝိုင်းကပဲလာသလိုလို ထင်ယောင်ထင်မှားဖြစ်နေကြတယ်။ ဒါတွေကို ကျွန်တော် အပြစ်မပြောပါဘူး။ ကျွန်တော်တို့က အမှန် ထုတ်ပြဖို့ပဲ လိုပါတယ်။ ခု ကျွန်တော်တို့ ရိုက်ကူး တင်ဆက် ပေးမှာကိုသာ ပြည်သူတွေသိစေချင်တာက ဘယ်ဟာက အငြိမ့်လဲ၊ ဘယ်ခေတ်က အငြိမ့်ဆိုတာ ပေါ်ခဲ့တာလဲ၊ ခုချိန်မှာ မြန်မာတို့ရဲ့ အမျိုးသားရေးလက္ခဏာဟာ အငြိမ့်တစ်ခုပဲကျန်ပါတော့တယ်။ အဲဒီအငြိမ့်ကို ကျွန်တော်တို့ပြောပါတော့မယ်။ အဲဒီအငြိမ့်ကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က တစ်နိုင်ငံလုံး ကြည့်တဲ့အခါ သဘောပေါက်ပါလိမ့်မယ်။ မြန်မာ့အငြိမ့်ဆိုတာ ဘယ်တုန်းက စခဲ့တယ်။ ဘယ်နေရာက စပြီးဖြစ်ခဲ့တယ်ဆိုတာ သမိုင်းနဲ့ပြမှာဖြစ်ပါတယ်။

### ပွဲဖြစ်မြောက်ရေး စီစဉ်သည့် House of Media Entertainment မှ Managing Director ဒေါ်မြင့်သန္တာစိုး

အဓိက ဒီဇာတ်လမ်းတွဲလေးတွေ မြန်မာ့ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ဖြစ်တဲ့ အကြောင်းအရာကတော့ ပြည်သူတွေ လွတ်လပ်စွာကြည့်လို့ရတယ်။ ပြီးတော့ Home Arts ကကလေးတွေကို သရုပ်ဆောင်စေချင်တယ်။ ကျွန်မတို့ ဒီ အစီအစဉ်လေးတွေအားလုံးဟာ လူငယ်တွေပဲ ဦးစားပေးထားပါတယ်။ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်အားလုံးဟာ လူငယ်တွေပါပဲ။ သူတို့ကို အဓိက အလုပ်လုပ်စေချင်တာပါ။ ဒီ အစီအစဉ်တွေထဲမှာ Channel Zero ဟာဆိုရင် မီဒီယာတစ်ခုမှာ သတင်းတွေကို ဘယ်လိုယူရတယ်၊ ဘယ်လိုဖြန့်ရတယ်၊ ဘယ်လိုတာဝန်ယူရတယ် စတဲ့အရာတွေကို ပြည်သူကြားထဲမှာ သိစေချင်တာပါ။ တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးသီချင်းများကတော့ ဦးအောင်လွင်နဲ့ ဒါရိုက်တာ ဦးအောင်မြင့်မြတ်တို့ ဦးစီးရိုက်ကူးမှာပါ။ ဟိုးရှေးတုန်းက မြန်မာ့ရုပ်ရှင် တေးသီချင်းတွေကို ပြန်လည်ပုံဖော် ရိုက်ကူးတင်ဆက်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းကတော့ ဘယ်ခေတ်၊ ဘယ်တုန်းက မြန်မာ့အငြိမ့်သဘင်ကို စတင်ခဲ့တယ်ဆိုတာ ပြည်သူတွေကို သိစေချင်တာပါ။ ရင်တွင်းရေးပြဿနာဆိုတဲ့ ဇာတ်လမ်းတွဲလေးကတော့ မိသားစုတစ်ခုအတွင်းမှာ ပိုက်ဆံဖြစ်တဲ့ ငွေကြေးပြဿနာကို အခြေခံထားတာဖြစ်ပါတယ်။

### ဗီဒီယိုနှင့် ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်း

ကျွန်တော့်ကို ဒါရိုက်တာ ဦးဟိန်းစိုးနဲ့ ဦးဇာဂနာတို့က ဒီရင်တွင်းရေးပြဿနာဆိုတဲ့ ဇာတ်လမ်းထဲကို ပါဝင်ဖို့ ကမ်းလှမ်းထားပါတယ်။ မြန်မာ့အသံက အခုလို Entertainment Channel ဆိုပြီး ခွဲထွက်တင်ဆက်ပေးတာ ပြည်သူတွေအတွက် အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံ အနေနဲ့လည်း ကျွန်တော်တို့ ပထမဦးဆုံးကြည့်ခဲ့ရတယ်။ အခုချိန်မှာ အစီအစဉ်တွေ အများကြီးထပ်ထည့်တယ်၊ ပြီးတော့ ပြည်သူတွေ စိတ်ဝင်စားအောင် အခြားပရိုဂရမ်တွေ ထပ်ထည့်တော့ အများကြီးကောင်းပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ခုရိုက်ကူးမှာက ဇာတ်လမ်းတွဲရှည်ဖြစ်တဲ့အတွက် နောက်လူငယ်မျိုးဆက်သစ် အနုပညာရှင်တွေ တော်တော်များများ ပါဝင်မှာပါ။ ကျွန်တော်တို့ အနေနဲ့လည်း လက်လှမ်းမီသလောက် ကြိုးစားပြီး တွဲခေါ်သွားမှာပါ။ ခုရိုက်ကူးမယ့်ဇာတ်ကားလေးက ထူးခြားပါတယ်။ ပြည်သူတွေ စိတ်ဝင်စားကြမှာပါ။ ဇာတ်လမ်းတွဲကလည်း အရှည်ဆိုတော့ ခုခေတ်လူငယ်တွေ ပိုကြိုက်မယ်လို့ ယုံကြည်ပါတယ်။ ဆန်းလည်းဆန်းသစ်တယ်လေ။

### သရုပ်ဆောင်သစ် ရွှေဖူးစာ

ခုရိုက်မယ့်အစီအစဉ်တွေဖြစ်တဲ့ ဇာတ်လမ်းတွဲ နှစ်ခုလုံးမှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ Channel Zero မှာကတော့ ဇာခြည်ကျော်ဆိုတဲ့နာမည်နဲ့ သတင်းကြေညာတဲ့သူအဖြစ် သရုပ်ဆောင်မှာ။ နောက် ရင်တွင်းပြဿနာဆိုတဲ့ ဇာတ်လမ်းတွဲလေးမှာတော့ သီရိဆိုတဲ့နာမည်နဲ့ ကိုနိုင်းနိုင်းရဲ့ ဒုတိယရည်းစားအဖြစ် သရုပ်ဆောင်မှာဖြစ်ပါတယ်။ ကျွန်မတို့က ခုမှသင်တန်းပြီးတာပါ။ သင်တန်းပြီးတာနဲ့ လက်တွေ့ခုလိုသရုပ်ဆောင်ရမယ်ဆိုတော့ ဝမ်းလည်းဝမ်းသာပါတယ်။ ဒါပေမယ့် ရင်တွေလည်းအလွန်ခုန်ပါတယ်။ ပရိသတ်လက်ခံလာအောင် အများကြီးလည်းကြိုးစားသွားမှာပါ။ မျှော်လည်း မျှော်လင့်ထားပါတယ်။

ယခု မြန်မာ့ရုပ်မြင်သံကြားမှ ဇာတ်လမ်းတွဲများအဖြစ် တင်ဆက်ပြသပေးမည့် မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း၊ ရင်တွင်းရေးပြဿနာ၊ Channel Zero နှင့် တမ်းတမ်းတတဖြစ်ခဲ့သော မြန်မာ့ရုပ်ရှင်တေးသီချင်းများ ရိုက်ကူးမှုအစီအစဉ်များကို ယခုလာမည့် မေ ၁၁ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး အစောဆုံးအဖြစ် ဇူလိုင်လအတွင်း စတင်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများပေးအပ်




**နေပြည်တော် မေ ၆**

ကျေးလက်နေ ပြည်သူများအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သော အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပသည်။

တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ရခြင်းနှင့်ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက ပြည်သူ့ကျန်းမာရေးကို ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး၊ ဆေးရုံဆေးပေးခန်းများနှင့်ဝေးကွာသော ကျေးလက် နေပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အထောက်အကူဖြစ်စေရေးရည်ရွယ်၍ ပေးအပ်ခြင်းဖြစ်ကြောင်းပြောကြားပြီး နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာ ၆၅ ရွာအတွက် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ၆၅ လုံးကို နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက ပေးအပ်၍ ကျေးရွာများကိုယ်စား ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက လက်ခံယူသည်။ ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းညွှန်ကြားရေးမှူးက မြန်မာတိုင်းရင်းဆေးသေတ္တာများ အသုံးပြုပုံနှင့်ပတ်သက်ပြီး လက်တွေ့ အသိပညာပေး ရှင်းလင်းပြောကြားသည်။

တိုင်းရင်းဆေးသေတ္တာအတွင်း ဆေးပစ္စည်း ခုနစ်မျိုးပါဝင်ပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း အကူအညီဖြင့် မြန်မာတိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးသေတ္တာများကို ဒုတိယအကြိမ်မြောက် အခမဲ့ပေးအပ်ခြင်းဖြစ်ကြောင်းသိရသည်။

သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ပေး




သောင်းလွင်ဦး(RTA)

လူသားတို့၏ လူမှုဘဝများကို သေချာစွာလေ့လာကြည့်ပါ။ ကျောက်ခေတ်၊ သံခေတ်၊ လှည်းခေတ်၊ လှေခေတ်မှသည် ယနေ့ဂျက်လေယာဉ်၊ အာကာသယာဉ်အထိ တိုးတက်ပြောင်းလဲလာသော လူမှုဘဝဖြစ်စဉ်များကို မြင်တွေ့ရပါလိမ့်မည်။ လှည်းခေတ်၊ လှေခေတ်က "ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး" ဟူသောခေါင်းစဉ်ကို စဉ်းစားဖို့ပင် မလိုအပ်ခဲ့ပါ။ လှည်းပေါ်မှ ပြုတ်ကျ၍ သေခဲ့ဖူးသော သာဓကလည်း မရှိနိုင်ပါ။

သို့သော် တိုးတက်ပြောင်းလဲလာသော လူနေမှုဘဝများ၊ သွားလာဆက်သွယ်မှု လွယ်ကူစေရန် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ကား စသည်တို့ကို တီထွင်ခဲ့ကြသည်။ ထိုစက်တပ်ယာဉ်များ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် သွားလာမောင်းနှင်ကြရာ၌ အခြားလမ်းအသုံးပြုသူများနှင့် ထိတွေ့အန္တရာယ်မဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းခဲ့ကြရသည်။ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုကို စက်ရုံကြီးများ၊ ကုမ္ပဏီကြီးများမှ အရေအတွက်များပြားစွာ အပြိုင်အဆိုင်ထုတ်လုပ်ကြသည်။ ကမ္ဘာနှင့်အဝန်းသုံးစွဲကြသည်။ ယာဉ်များကလည်း အရှိန်ဖြင့်သွားလာမောင်းနှင်ကြသည်။ အဆိုပါ မော်တော်ယာဉ်များကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပေါ်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာခဲ့ကြသည်ကို သာမန်အားဖြင့် သတိပြုမိကြမည် မဟုတ်ပါ။ ယနေ့အချိန်အခါတွင် ဆေးရုံတစ်ရုံသို့ တက်ရောက်ကုသရသည့် လူနာများထဲ၌ ယာဉ်ထိခိုက်မှုအန္တရာယ်ကြောင့် ရောက်လာသည့် အရေအတွက်သည် အခြားရောဂါများကြောင့် ဖြစ်ပွားမှုနှုန်းထက် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခဲ့သည်မှာ ကြောက်ခမန်းလိလိပင် ဖြစ်လာပါသည်။

ထိုသို့သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် ဖြစ်ပေါ်လာခဲ့သော ဖြစ်ရပ်ဆိုးများကို တွေ့မြင်သုံးသပ်၍ ကမ္ဘာပေါ်ရှိလူသားများအသက်ကို ကာကွယ်ထိန်းသိမ်းနိုင်စေရန်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးမှ စောင့်ကြည့်လေ့လာ စစ်တမ်းများထုတ်ယူ၍ " ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု" ကို ဆောင်ရွက်ရန်စီစဉ်ခဲ့ပါသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁ ဒသမ ၃ သန်းကျော် သေဆုံးနေပြီး လူသန်းပေါင်း ၂၀ မှ ၅၀ အတွင်း ထိခိုက်ဒဏ်ရာရမှုနှင့် ဒုက္ခိတဘဝသို့ ကျရောက်လျက်ရှိသဖြင့် လူမှုစီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂတွင် ကမ္ဘာလုံးဆိုင်ရာ ကော်မရှင်(United Nations Regional Commissions)တို့ ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း ကမ္ဘာ့ကုလသမဂ္ဂက တိုက်တွန်းခဲ့ပါသည်။

၂၀၀၅ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ (၃၈) ကြိမ်မြောက် စုံညီအစည်းအဝေးမှ "ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု" များကို ကမ္ဘာ့လှုပ်ရှားမှုအဖြစ် ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ ရက်မှ ၂၉ ရက်အထိကျင်းပရန် တိုက်တွန်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမအကြိမ် "ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု"ကို ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ပုဒ်အနေဖြင့်လည်း "Road Safety is no Accident" "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း လူသားအားလုံးအန္တရာယ်ကင်း"ဟု သတ်မှတ်ခဲ့ပါသည်။

ဒုတိယအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၁၃ ခုနှစ် မေလ ၆ ရက်မှ ၁၂ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဆောင်ပုဒ်မှာ "Making Walking Safe" "ခြေကျင်လျှောက်သူ ဒို့ဝိုင်းကူ အန္တရာယ်ကင်းရေး ကာကွယ်ပေး" ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၂၀၁၅ ခုနှစ် မေလ ၄ ရက်မှ ၁၀ ရက်အထိ တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် သတ်မှတ်ပေးခဲ့သောကြောင့် နိုင်ငံတကာတွင် ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း တက်ကြွစွာဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ယခုတတိယအကြိမ်မြောက် ရက်သတ္တပတ်လှုပ်ရှားမှု၏ အဓိကရည်ရွယ်ချက်မှာ "Children and Road Safety" ဆိုသည့် ကလေးများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဖြစ်ပြီး ဆောင်ပုဒ်မှာ "ယာဉ်အန္တရာယ်ကင်းစေဖို့ ကလေးငယ်များကို စောင့်ရှောက်စို့"ဟူ၍ သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council) NRSC ကို ဖွဲ့စည်းထားရှိပြီး ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်ဒုတိယသမ္မတ(၂)က ဦးဆောင်၍လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တာဝန်ယူ၍လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဓိကတာဝန်ယူဆောင်ရွက်ကြရပြီး အခြားဆက်စပ်ဌာနများဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များအလိုက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် မတ်လအထိ မှတ်ပုံတင်ထားသည့် ယာဉ်စီးရေ ၅၀၇၇၆၉၉ စီး ရှိသည့်အနက် မော်တော်ဆိုင်ကယ်စီးရေမှာ ၄၂၇၆၆၉၆ စီး ရှိသဖြင့် တစ်နိုင်ငံလုံး၏ မှတ်ပုံတင်စီးရေစုစုပေါင်းတွင် မော်တော်ဆိုင်ကယ်ရှိနေသည့် ရာခိုင်နှုန်းမှာ ၈၄ ဒသမ ၂၃ ရာခိုင်နှုန်း ဖြစ်နေပါသည်။ အိမ်နီးချင်းနိုင်ငံကြီးများမှ စျေးသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနေသည့် ဆိုင်ကယ်များသည် မြို့ရွာ၊ ကျေးလက်တောင်တန်းဒေသပါမကျန်ရောက်ရှိသွားပြီး သွားလာမှုအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးပြုသည်ဟု ယူဆရသော်လည်း ထိုဆိုင်ကယ်များ တိမ်းမှောက်ထိခိုက်သည့် ရာခိုင်နှုန်းမှာ ကြောက်ခမန်းလိလိပင် ဖြစ်နေပါသည်။ ထိုဆိုင်ကယ်စီးသူများထဲတွင် အများစုမှာ လူငယ်လူရွယ်များ၊ ကျောင်းသားငယ်များ အများဆုံးပါဝင်လျက်ရှိပါသည်။

ယာဉ်မတော်တဆထိခိုက်မှုများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၁ ဒသမ ၃ သန်းခန့် သေဆုံးလျက်ရှိပြီး သန်း ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိနေခြင်း၊ မသန်စွမ်းဖြစ်ခြင်းများ ဖြစ်ပွားလျက်ရှိပါသည်။ ယာဉ်တိုက်မှုကြောင့် တစ်နေ့လျှင် လူ ၃၅၀၀ ခန့်၊ တစ်နာရီလျှင် လူ ၁၄၆ ဦးခန့် သေဆုံးလျက်ရှိနေပါသည်။ ယာဉ်တိုက်မှုကြောင့် နေ့စဉ် ကလေး ၅၀၀ ကျော်သည် သေဆုံးနေပြီး ၁၀၀၀ ကျော် ဒဏ်ရာရလျက် ဘဝတစ်လျှောက်လုံးအတွက် မသန်စွမ်းဖြစ်မှုများလည်း မကြာခဏ ခံစားနေရသည်ကို တွေ့ရှိရပါသည်။ ဆင်းရဲသောနိုင်ငံတွင် နေထိုင်ရသော ကလေးငယ်များမှာ အန္တရာယ်အများဆုံးဖြစ်နေရသည်ကို တွေ့ရှိရပါသည်။ ယာဉ်မတော်တဆမှုနှင့်ကြုံတွေ့ရသည့် ကလေးငယ်များ၏ ၉၀ရာခိုင်နှုန်းကျော်သည် ဝင်ငွေနည်းပါးသောနိုင်ငံနှင့် ဝင်ငွေအလယ်အလတ်ရှိသော နိုင်ငံများမှ ဖြစ်ကြပါသည်။

ယာဉ်မတော်တဆဖြစ်မှုများ လျှော့နည်းစေရေးလုပ်ငန်းကို ထိရောက်စွာ မဆောင်ရွက်ပါက ကလေးသူငယ် သန်းပေါင်းများစွာသည် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများ တိုးတက်လာလျက်ရှိပြီး အနာဂတ်သားကောင်းရတနာများ ဆုံးရှုံးသွားမည်ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၅ ပြည့်နှစ်၌ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသက်ငါးနှစ်အထက် ကလေးငယ်များအတွက် ကျန်းမာရေးထိခိုက်မှုဖြစ်စေသည့် အကြောင်းအရင်းမှာ ယာဉ်မတော်တဆမှုကြောင့် ဖြစ်ပွားခြင်းက ဦးဆောင်လာပါလိမ့်မည်။ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာပေါ်၌ HIV၊ AIDS၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါတို့ထက် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးမှုက ပို၍များမည်ဖြစ်ကြောင်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားကြောင်း သိရှိရပါသည်။

လူငယ်လူရွယ်များ အထူးသဖြင့် ကလေးသူငယ်များအနေဖြင့် လမ်းပေါ်သွားလာရာ၌ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအရ အရွယ်ရောက်သူများထက် ကြိုတင်မျှော်မှန်းတွေးဆနိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ လမ်းအန္တရာယ်ကြုံတွေ့နိုင်မှုသည် လူကြီးများထက် လူငယ်များတွင် ပို၍ဖြစ်ပွားနိုင်ပါသည်။ လူငယ်၊ လူရွယ်များ ကျောင်းသွား၊ ကျောင်းပြန်လမ်းပေါ်သွားလာခြင်း၊ စက်ဘီးစီးနင်းခြင်း၊ မော်တော်ဆိုင်ကယ် စီးနင်းခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ မေးသိုင်းကြိုးမတပ်ခြင်း၊ မော်တော်ယာဉ်တို့၏ ခေါင်းမိုးပေါ်စီးခြင်း၊ ဘေးတွယ်လိုက်ပါစီးနင်းခြင်း၊ မော်တော်ယာဉ်မောင်းနှင်ခြင်းစသည်တို့တွင် လမ်းအန္တရာယ်ကြုံတွေ့မှု လျော့နည်းစေရေးအတွက် အသိ၊ သတိရှိစေဖို့ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လာပါသည်။

ထို့ကြောင့် ကျောင်းနေအရွယ်၊ ကလေးသူငယ်အရွယ်မှစ၍ အဓိကဆောင်ရွက်သင့်သည့် အချက်သုံးချက်ကို ဦးစားပေးဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါသည်။ ထိုအချက်သုံးချက်မှာ အန္တရာယ်ကင်းရှင်းစွာ လမ်းပေါ်သွားလာနိုင်ရန်အတွက် လိုအပ်သည့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများသိရှိရန် လေ့ကျင့်သင်ကြားပေးရေး၊ ယာဉ်သွားလာမှုအခြေအနေ အရပ်ရပ်ပေါ်တွင် အန္တရာယ်ကင်းပြီး မှန်ကန်သည့် လှုပ်ရှားမှုများကို အသက်အရွယ်အလိုက် ဆောင်ရွက်နိုင်သည့် စွမ်းရည်ရှိလာစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးသည် အရေးကြီးပြီး ဘဝလုံခြုံမှုရှိကြောင်း ဂရုပြုမှု၊ အလေးထားမှု ပိုမိုတိုးတက်လာစေရေးအတွက် ပညာပေးဆောင်ရွက်သွားရန်လိုအပ်လျက် ရှိပါသည်။

ဤအချက်များကို ကလေးအရွယ်ကစပြီး သိရှိစေရန်အတွက် အခြေခံကျောင်းများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များတွင် စနစ်တကျ စဉ်ဆက်မပြတ် သင်ကြားပေးဖို့လိုအပ်ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဘာသာရပ်တစ်ရပ်အဖြစ် သင်ကြားပေးရေးအပြင် နိုင်ငံတကာအတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်ကြားပြသရေးနှင့်ပတ်သက်ပြီး ဆရာကိုင် လမ်းညွှန်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ကလေးများအတွက် လေ့ကျင့်ရန်အထောက်အကူပြုစာရွက်စာတမ်းများ၊ သင်ကြားပြသမည့် ဆရာ၊ ဆရာမများအား ဌာနတွင်းသင်တန်းပေးခြင်းများ၊ ဆင့်ပွားသင်တန်းများနှင့် ကျောင်းဝန်းကျင်အန္တရာယ်ကင်းစွာသွားလာနိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ယနေ့မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များအား လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပညာရေးဌာနများ၊ ကျောင်းများ ပူးပေါင်းဆောင်ရွက်ကြမှသာ နောင်အနာဂတ်အတွက် ရင်အေးရဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အချို့နေရာဒေသအလိုက် ကြိုးပမ်းဆောင်ရွက်မှုများရှိနေကြပြီး အောင်မြင်ပြီးမြောက်သော လုပ်ငန်းများစွာကိုလည်း တွေ့ရပါသည်။ သို့သော် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် (Road Safety) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရန် များစွာလိုအပ်နေပါသေးသည်။

နိဂုံးချုပ်အနေဖြင့် "တတိယအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု"၌ အခြေခံကျသည့် လူငယ်လူရွယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိဖို့၊ လိုက်နာလေ့ကျင့်ဖို့၊ လိုက်နာလေ့ကျင့်ခြင်းမှ အန္တရာယ်ကင်းသောသွားလာနေထိုင်မှုအဖြစ် အလေ့အထဖြစ်လာစေဖို့၊ ထိုမှတစ်ဆင့် လူတိုင်းလူတိုင်း ပူးပေါင်းပါဝင်ခြင်းဖြင့် "ယာဉ်အန္တရာယ်ကို စုပေါင်းကာကွယ်ကြပါစို့" ဟု တိုက်တွန်းရင်း တတိယအကြိမ် "ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (၂၀၁၅)" "Global Road Safety Week (၂၀၁၅)"ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

**၂၀၃၀ ခုနှစ်တွင် ကမ္ဘာပေါ်၌ HIV၊ AIDS၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါတို့ထက် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးမှုက ပို၍များမည်ဖြစ်**

# မြန်မာနိုင်ငံ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နယူးယောက် မေ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၅ ရက် ညနေ ၄ နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် Mr. Ban Ki-moon နှင့် တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦး၊ ဒေါက်တာဝင်းမြင့်၊ ဦးဝင်းသန်း၊ ဦးသိန်းထွန်း၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီး၌ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂရုံးချုပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသော ဂျပန်ကုမ္ပဏီများ အာမခံပို၍ထားလာကြလျက်ရှိ

**ကျော်သဲအိမ်**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေကြသော ဂျပန်ကုမ္ပဏီများသည် အကြောင်းတစ်စုံတစ်ရာကြောင့် ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှု မထိခိုက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများအပေါ် အာမခံပို၍ထားလာကြလျက်ရှိရာ နိပ္ပွန်ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံလုပ်ငန်းသည် မြန်မာနိုင်ငံရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှုများအပေါ် ယန်း ၆၀ ဘီလီယံခန့် (ဒေါ်လာ ၄၉၇ သန်း) အာမခံထားရန် လုပ်ဆောင်လျက်ရှိကြောင်း၊ လွန်ခဲ့သော ဘဏ္ဍာရေးနှစ်က မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုအပေါ် ဖော်ပြပါ အာမခံလုပ်ငန်းသို့ အာမခံထားသည့်ပမာဏအရ အဆင့် ၂၉ တွင်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုကိုကျော်ကာ အဆင့်ခြောက်သို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံလုပ်ငန်းသည် စစ်ပွဲကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အစိုးရမူဝါဒအပြောင်းအလဲကြောင့်သော်လည်းကောင်း၊ ကုမ္ပဏီတစ်ခုအတွက် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများကို အာမခံပေးထားကြောင်း မေ ၆ ရက်နေ့ထုတ် နစ်ကိုင်အေးရှန်းရီဗျူးတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ဖြေလျှော့မှုများ ပြုလုပ်လာချိန်တွင် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံခြားကုမ္ပဏီများ ရောက်ရှိလာလျက်ရှိရာ ယနေ့အထိ ဂျပန်ကုမ္ပဏီပေါင်း ၂၀၀ ခန့် ရောက်ရှိလာခဲ့ပြီး ယင်းတို့အနက် နာမည်ကြီးကုမ္ပဏီများဖြစ်သည့် ဆူမီတိုမိုကော်ပိုရေးရှင်း၊ မစ်ဆူဘီရှိကော်ပိုရေးရှင်းနှင့် ကေဒီဒီအိုင်ကုမ္ပဏီတို့ ပါဝင်ကြောင်း သိရသည်။ **(Nikkei Asian Review )**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း မစ္စတာ ဗီဂျေနမ်ဗီးယားနှင့် တွေ့ဆုံ



**နယူးယောက် မေ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မေ ၅ ရက် နံနက် ၁၁ နာရီခွဲတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ မစ္စတာ ဗီဂျေနမ်ဗီးယားအား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် Asia Society သို့ ရောက်ရှိကြပြီး ၎င်းတွင် ပြသထားသော Buddhist Art of Myanmar ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

# ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မေ ၆**

ငွေဆောင်၊ ချောင်းသာကမ်းခြေဒေသရှိ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားရာတွင် ယခုအခါ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ခရီးစဉ်ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ငွေဆောင်၊ ချောင်းသာ၊ ငပလီ စသည့် ကမ်းခြေဒေသများလည်း ပါဝင်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည့်အတွက် နယ်မြေရှိ ပြည်သူလူထု၏ အကျိုးစီးပွားလည်း ဖွံ့ဖြိုးလာသည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ပြည်သူလူထုပါဝင်သော အဖွဲ့အစည်းများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အများပြည်သူ၏ ဆန္ဒဖြင့် စီမံကိန်းလုပ်ငန်းများကို ရေးဆွဲဆောင်ရွက်စေလိုပါကြောင်း ထို့အတွက် ယနေ့ ခေါ်ယူညှိနှိုင်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ကမ်းခြေဒေသအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ သုတေသနပြုရန် လိုအပ်သော စုဖွဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့၏လုပ်ငန်းဌာနအလိုက် လုပ်ကိုင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ(၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၆-၅-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင်ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး (၄)ဦးနှင့်ထုတ်ဝေလုပ်ငန်းသက်တမ်းတိုး(၅)ဦး၊ ပေါင်း လုပ်ငန်းသက်တမ်းတိုး (၉)ဦး အားလည်းကောင်း၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၁)ဦး၊ အထွေထွေထုတ်ဝေခွင့် (၅)ဦး ပေါင်းလုပ်ငန်းအသစ် (၈)ဦးတို့အားလည်းကောင်း၊ ထုတ်ဝေသူ အမည်ပြောင်း(၁)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၄၉ ဦးနှင့် အသစ်လျှောက်ထားသူ ၁၆၀ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၃၈၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၁၀ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၄၅၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့်ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေး


**နေပြည်တော် မေ ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲ Mr. Boris Michel ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ICT အခန်းကဏ္ဍ၏ နှစ်အလိုက်ပြောင်းလဲတိုးတက်မှုနှင့် ရည်မှန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၆**

Perspectives on Accelerating ICT Development in Myanmar အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ The Hotel Royal ACE တွင် ကျင်းပရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခု ဆွေးနွေးပွဲသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပညာကဏ္ဍအနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်နိုင်သည်ကို ဒေသတွင်းနှင့် နိုင်ငံတကာ အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ မျှဝေဆွေးနွေးနိုင်မည့် ပထမဆုံး အကြိမ် ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ ICT နည်းပညာ၏မောင်းနှင်အားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ICT အခန်းကဏ္ဍ၏ နှစ်အလိုက် ပြောင်းလဲတိုးတက်လာမှု အခြေအနေများ၊ ရည်မှန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Deputy Chief of Mission, Ms. Virginia Murray က ပြည်သူများ အင်တာနက်ကို အသုံးပြု၍ အကြံဉာဏ်များ ဖလှယ်နိုင်ခြင်း၊ တောင်သူလယ်သမားများ မိုဘိုင်းအင်တာနက်မှတစ်ဆင့် မိုးလေဝသ ရာသီဥတု သတင်းများ၊ သီးနှံဈေးနှုန်းသတင်းများကို ရရှိနိုင်ခြင်း၊ လူငယ်စွန့်ဦးတီထွင်သူများအတွက် အွန်လိုင်းအသုံးပြု၍ အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း သတင်းအချက်အလက်များ ရယူခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ICT နည်းပညာအသုံးပြုခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဒုတိယ အင်ဂျင်နီယာချုပ် ဒေါ်နွယ်နီစိုးရင်က "ICT Initiatives in Myanmar" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ စတင်အသုံးပြုခဲ့မှု အခြေအနေ၊ လက်ရှိအခြေအနေနှင့် မူဝါဒများအား ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲအစီအစဉ်အရ နံနက်ပိုင်းတွင် Google Asia Pacific မှ "Information Security" ခေါင်းစဉ်ဖြင့်လည်းကောင်း ၊ Microsoft Asia Pacific က "Doing It Right; ICT for Education, Innovation and Growth in Myanmar" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် Hewlett-Packard Asia Pacific Pte Ltd. မှ "Growing Myanmar's Entrepreneurs" ခေါင်းစဉ်နှင့် Delivering Cloud-enabled Healthcare Solutions ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ Qualcomm Incorporated မှ "Mobile Brocdband Spectrum Planning and Harmonization" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Cisco Systems မှ "Enhancing Myanmar's Bigital Connectivty" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ "The Role of Technology in Supporting National Development" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကချင်ပြည်နယ်၌ ကျင်းပ

**မြစ်ကြီးနား မေ ၆**

(၆၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက မီးသတ်တပ်ဖွဲ့အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဆုံးရှုံးမှုပမာဏနည်းပါးစေရန် နည်းပညာနှင့် တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားစေရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ရာတွင် စေတနာထားလုပ်ကိုင်ဆောင်ရွက်ကြပြီး ယုံကြည်အားကိုးရသည့် မီးသတ်တပ်ဖွဲ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်ဖြင့် ငြှိမ်းသတ်ပြိုင်ပွဲ၊ အပေါ့စားမီးသတ်စက်ဖြင့် မီးငြှိမ်းသတ်ပြိုင်ပွဲနှင့် ယူနီဖောင်းဝတ်စုံပြိုင်ပွဲများဖြင့် မီးသတ်စွမ်းရည်များ ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၁၀ သိန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်က ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးထံ ပေးအပ်ပြီး မီးငြှိမ်းသတ်ယာဉ်ဖြင့် ငြှိမ်းသတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသည့် တပ်ဖွဲ့များကို ပြည်နယ်ဝန်ကြီးချုပ်၊ ယူနီဖောင်းဝတ်စုံဝတ်ပြိုင်ပွဲတွင် ဆုရရှိသည့် တပ်ဖွဲ့ဝင်များအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အပေါ့စားမီးငြှိမ်းသတ်စက်ဖြင့် မီးငြှိမ်းသတ်မှုစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် တပ်ဖွဲ့ဝင်များကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အငှမတန်းနှင့် နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များ နေပြည်တော်ရှိ အထင်ကရနေရာများ ဆက်လက်လေ့လာ

**နေပြည်တော် မေ ၆**

နေပြည်တော် စုပေါင်းခန်းမသို့ ရောက်ရှိနေကြသည့် ပုဂံအပန်းဖြေစခန်းမှ အငှမတန်း ဘက်စုံပညာထူးချွန်လူငယ် မောင်မယ်နှင့် အင်းလေး အပန်းဖြေစခန်းမှ နဝမတန်း ဘက်စုံပညာထူးချွန်လူငယ် မောင်မယ်များသည် ယနေ့တွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဘက်စုံပညာထူးချွန် လူငယ်မောင်မယ်သည် ကြီးကြပ်သူဆရာ ဆရာမများနှင့်အတူ ယနေ့ နေပြည်တော် လေ့လာရေးခရီးစဉ်တွင် နံနက်ပိုင်း၌ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးသို့ သွားရောက်၍ စေတီလိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ပုံတူ ဗုဒ္ဓစွယ်တော်မြတ်အား ဖူးမြော်ကြည်ညို ကုသိုလ်ပြုကြသည်။

ဆက်လက်ပြီး ထူးချွန်လူငယ်များအဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်ပြီး သမိုင်းဝင် နိုင်ငံ့ခေါင်းဆောင်များ၏ မှတ်တမ်းများနှင့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)တို့၏ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ညနေပိုင်းတွင် ဘက်စုံထူးချွန်လူငယ်များသည် နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်နှင့် ရေပန်းဥယျာဉ်တို့သို့ သွားရောက်လေ့လာကြပြီး အေးချမ်းပျော်ရွှင်စွာ အနားယူခဲ့ကာ စုပေါင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနေ့ သွားခဲ့တဲ့ နေပြည်တော် ခရီးစဉ်မှာလည်း သမီးတို့အတွက် ဗဟုသုတတွေ အများကြီးရခဲ့တယ်။ စစ်သမိုင်းပြတိုက်မှာဆို နိုင်ငံ့ခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းတွေ၊ အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ရဲဘော်သုံးကျိပ် သွေးသောက်သစ္စာဆိုခဲ့ကြတဲ့ ပစ္စည်းတွေ၊ မြန်မာ့တပ်မတော်သားတွေရဲ့ စွန့်စားခဲ့မှု မှတ်တမ်းတွေ၊ (ကြည်း၊ ရေ၊ လေ) မြန်မာ့တပ်မတော် အသုံးပြုခဲ့တဲ့ လေယာဉ်၊ သင်္ဘောစတဲ့ ကာကွယ်ရေးယာဉ်တွေ အများကြီးမြင်တွေ့ခဲ့ရတယ်။ နောက်ပြီး ရေပန်းဥယျာဉ်ရောက်တော့လည်း သူငယ်ချင်းတွေအများကြီးနဲ့သွားရတော့ ပျော်ဖို့ကောင်းပါတယ်။ မိုးတွေကလည်း ရွာနေတော့ ပြေးပြေးလွှားလွှားသွားပြီး အမှတ်တရဓာတ်ပုံတွေရိုက်ခဲ့တယ်။ သမီးတို့ဘဝအတွက်တော့ ဒီလေ့လာရေးခရီးစဉ်က အမြဲတမ်းအမှတ်တရဖြစ်နေမှာပါ" ဟု ဘက်စုံထူးချွန်လူငယ်တစ်ဦးဖြစ်သူ မကျော့စန္ဒာနိုင်အောင်က သူ့အတွေ့အကြုံကို ပြောပြသည်။




ငွေဆောင်စခန်းမှ ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်စုပေါင်းစခန်းသို့ ရောက်ရှိမည်ဖြစ်သည်။ မေ ၇ ရက်တွင် ထူးချွန်လူငယ်များအားလုံးသည် နေပြည်တော် သတ္တသတ္တာဟ စေတီတော်၊ လွှတ်တော်နှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတို့သို့ ဆက်လက်သွားရောက်လေ့လာမည်ဖြစ်ပြီး ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပမည့် ၂၀၁၅ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲသို့ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်**
**ဓာတ်ပုံ-စိုးအောင်(ပညာရေး)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါကစ္စတန်နှင့် ဆားဗီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် မေ ၆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ပါကစ္စတန်တပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ကော်မတီ ဥက္ကဋ္ဌ General Rashad Mahmood နှင့် ဆားဗီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E.Mr. Bratislav Gasic တို့၏ ဖိတ်ကြားချက်အရ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံနှင့် ဆားဗီးယားသမ္မတနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာကြသည်။** (ယာပုံ)

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ehsan Ullah Batth နှင့် ဆားဗီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Miodrag Nikolin တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ့တပ်မတော်အကြီးအကဲ တစ်ဦးအနေဖြင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံနှင့် ဆားဗီးယားသမ္မတနိုင်ငံများသို့ ပထမဆုံးအကြိမ်သွားရောက်သော ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှု ၆၈ နှစ်ရှိပြီဖြစ်ကာ ဆားဗီးယားနိုင်ငံနှင့်လည်း ယူဂိုဆလားဗီးယားဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံဟောင်းမှ ဆားဗီးယားသမ္မတနိုင်ငံအဖြစ် အသွင်မကူးပြောင်းမီ ၄၀ နှစ် အသွင်ကူးပြောင်းပြီးနောက် ယနေ့အချိန်ထိ ၂၄ နှစ် နှစ်နိုင်ငံသံတမန်နှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုစုစုပေါင်း ၆၄ နှစ်ရှိပြီ ဖြစ်သည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နှစ်နိုင်ငံရှိအစိုးရနှင့်တပ်မတော်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ့တပ်မတော်နှင့် ပါကစ္စတန်တပ်မတော် ဆားဗီးယားနိုင်ငံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးပြီး အထင်ကရနေရာများနှင့် အကြီးစား စက်မှုလက်မှုလုပ်ငန်းများကို လေ့လာကြည့်ရှုသိရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)



# နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းနှင့် မဟာမျိုးချစ်စစ်အောင်မြင်ခြင်း အထိမ်းအမှတ်ပွဲကျင်းပ



**ရန်ကုန် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံရုံးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ ပူးပေါင်းကျင်းပသည့် နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းနှင့် မဟာမျိုးချစ်စစ်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်ဓာတ်ပုံ၊ ပိုစတာပြပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့နယ် အမျိုးသားပြတိုက်၌ကျင်းပရာအဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ The Embassy of the Russian Federation, Ambassador, H.E.Mr.Vasily Pospelov, The Embassy of the People's Republic of China, Ambassador, H.E.Mr. Yang Houlan, Embassy of Cambodia, Ambassador,H.E.Mr. Sieng Bunvuth၊ The Embassy of the Republic of Indonesia, Ambassador, H.E.Dr. Ito Sumardi နှင့် သံရုံးအသီးသီးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ The Embassy of the Russian Federation, Ambassador, H.E.Mr. Vasily Pospelov က နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းနှင့် မဟာမျိုးချစ်စစ်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်ဓာတ်ပုံ၊ ပိုစတာပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ The Embassy of the People's Republic of China, Ambassador, H.E.Mr. Yang Houlan ကလည်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဓာတ်ပုံပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ နှစ်(၇၀)ပြည့် ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်းနှင့် မဟာမျိုးချစ်စစ်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်ဓာတ်ပုံပိုစတာပြပွဲကို မေ ၆ ရက်မှ ၁၇ ရက်အထိ ၁၂ ရက်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ အမျိုးသားပြတိုက် (ရန်ကုန်) ပထမထပ်တွင် ပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❀ ကျော့ဖုံးမှ

ပိတ်ဆို့ထားသောကြောင့် အခွင့်အရေးသိပ်မရခဲ့ပေ။ မိနစ် ၄၀ ကျော်မှ အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ လူစားဝင် ကစားသမား သန်သန်းထွေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ဝင်းသိဂ်ီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ဝင်းသိဂ်ီထွန်းကပင် လှပသည့်ကန်ချက်ဖြင့် ဒုတိယဂိုး ထပ်မံရယူပေးခဲ့ပြီး ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက စိတ်ကြိုက်ဖိကစားသွားသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး ရီရီဦးက ၆၈ မိနစ်နှင့် ၇၃ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု(က)၌ ဩစတြေးလျ ယူ-၂၀အသင်းက ကိုးမှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် ဒုတိယ၊ အုပ်စု(ခ)၌ ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဒုတိယနေရာတို့ ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။

# ရမ်းဗြဲမြို့ ရမ္မာဝတီရိုးရာလှေ(လှီ)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရမ်းဗြဲ မေ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် ရမ္မာဝတီရိုးရာလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီက ရမ်းဗြဲမြို့၏ အလယ်မှ ဖြတ်သန်းစီးဆင်းနေသော တန်းချောင်းလှေပြိုင်ပွဲ ကျင်းပရာနေရာ၌ ကျင်းပခဲ့သည်။

ရမ္မာဝတီ ရိုးရာလှေပြိုင်ပွဲတွင် ရမ်းဗြဲမြို့ပေါ် (၆)ရပ်ကွက်မှ ပြိုင်လှေ ခုနစ်စင်းနှင့် လက်ပန်အဝကျေးရွာမှ တစ်စင်း၊ အဝတောင်ကျေးရွာမှ တစ်စီး၊ ကျက်သရေကျေးရွာမှ တစ်စင်း၊ တိန်ပြင်ကျေးရွာမှတစ်စင်းနှင့် မရွတ်ချိန်ကျေးရွာမှ တစ်စင်း စုစုပေါင်း ပြိုင်လှေ ၁၂ စင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန လှေပြိုင်ပွဲဝန်ကြီး ဦးကျော်ခင်၊ ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘထီး၊ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးတို့က အမှာစကား ပြောကြားကြပြီးနောက် လှေပြိုင်ပွဲကျင်းပရေး ကော်မတီအတွင်းရေးမှူး ဦးခင်ရီက လှေပြိုင်ပွဲစည်းကမ်းဥပဒေများကို ဖတ်ကြားတင်ပြရှင်းလင်းခဲ့သည်။

ယင်းနောက် ရခိုင်စည်တော်အဖွဲ့မှ တီးခတ်ဖြေဖျော်ပြီး အခမ်းအနားကို ဝန်ကြီး ဦးကျော်ခင်၊ ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် လှေပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဘလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ နေ့လယ်ပိုင်းတွင် ပြိုင်ပွဲဝင်လှေအသင်းများမှ သံချပ်ပြိုင်ပွဲကိုလည်း ကျင်းပခဲ့သည်။

ရမ္မာဝတီ ရိုးရာလှေပြိုင်ပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး မဏ္ဍပ်အလှဆု၊ သံချပ်အကောင်းဆုံးဆုများကိုလည်း ဆုချီးမြှင့်မည်ဖြစ်သည်။ ညနေပိုင်းတွင် ရခိုင်ရိုးရာကျင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး ညပိုင်းတွင် နွေဦးလှိုင်ဇာတ်သဘင်ဖြင့် သုံးရက်သုံးညတိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်နိုင်**

# မြန်မာ့ရိုးရာတေးဂီတကို လေ့လာလိုက်စားသူတွေ ပိုပြီးပေါ်ထွက်လာမယ် — ဒေါ်တင်တင်မြ

# စောင်းကြိုးတွဲဖက်တီးခတ်မှု မှန်ကန်ရမယ် — စောင်းဦးသိန်းဟံကြီး

**အမေး၊ အရေး-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

နေပြည်တော် မေ ၆

**(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ မေ ၇ ရက်မှ စတင်ကျင်းပပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၌ ပထမဆုရရှိခဲ့ကြသူများ လာရောက်ယှဉ်ပြိုင်ကြသည်ဖြစ်ရာ အကြိတ်အနယ် ရှိမည်ဖြစ်သည်။**

ယခု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲအလိုက် အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်အဖွဲ့ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါသည်။



စောင်းဦးသိန်းဟံကြီး



ဒေါ်တင်တင်မြ

**ဒေါ်တင်တင်မြ (ဥက္ကဋ္ဌ၊ အဆိုအကဲဖြတ်အဖွဲ့)**

"ဒီနှစ်ပြိုင်ပွဲမှာတော့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ" ပါဝင်တယ်။ အမျိုးသားဝါသနာရှင် (ဒုတိယ)တန်းအတွက် မြန်မာ့သွေး၊ သူ့ဌေးဝါဒ၊ ဇာတိမာန်သီချင်းတွေ သီဆိုယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အမျိုးသမီးဝါသနာရှင် (ဒုတိယ)တန်းအတွက် တပင်ရွှေထီး၊ မြန်မာ့ခေတ်၊ သီတာရတနာသီချင်းတွေ ပါဝင်ယှဉ်ပြိုင်ကြရမယ်၊ ပြိုင်ပွဲဝင်ကြမယ့်သူတွေအနေနဲ့ ပေးထားတဲ့ သီချင်းတွေကို ရှေးမူဟန်မပျက် သီဆိုနိုင်ရမယ်၊ အသံအနိမ့်အမြင့်၊ ကိုယ်တိုင်စည်းဝါးနိုင်နင်းမှု ပင်ကိုအသံကောင်းမွန်မှု၊ တေးသီချင်း စာသားအလိုက်နားဆင်သူတွေကို ခံစားမှုဖြစ်ပေါ်စေမှု စတဲ့အချက်တွေကို သတိပြု သီဆိုပြိုင်ပွဲဝင်ကြမှာဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပနိုင်လေ မြန်မာ့ရိုးရာ တေးဂီတကို မြတ်နိုးထိန်းသိမ်းသူတွေ၊ လေ့လာလိုက်စားသူတွေ ပိုမိုပေါ်ထွက်စေတာပါ။

**စောင်းဦးသိန်းဟံကြီး (စောင်းအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ)**

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပထမရသူတွေချည်း လာရောက်ယှဉ်ပြိုင်တာမို့ အကဲဖြတ်ရဖို့ ခက်ခဲမယ့်ပွဲပါပဲ။ ပြိုင်ပွဲဝင်သူတွေအနေနဲ့ စောင်းသန္ဓေမှန်ရမယ်၊ ကြိုးတွဲဖက်မှု မှန်ကန်တိကျရမယ်၊ သီချင်းတီးရာမှာ သန့်စင်ရမယ်။ သံစဉ်မှန်ရပြီး ရှေးမူမပျက်တီးခတ်နိုင်ရမှာဖြစ်တဲ့အပြင် တီထွင်ဆန်းသစ်မှုတွေ ပါဝင်ရမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကြမယ့် သူတို့လေးတွေရဲ့အားနည်းချက်၊ လိုအပ်ချက်တွေကိုလည်း ပြုပြင်နိုင်ကြဖို့ သင်ကြား ညွှန်ပြပေးလျက်ရှိပါတယ်။ ဒီခေတ်ကလေးတွေက သိလွယ်၊ တတ်လွယ်ကြတာမို့ စောင်းတီးခတ်ရာမှာ ထူးချွန်ပြောင်မြောက်သူတွေလည်း အများကြီး ထွက်ပေါ်လာပါတယ်။ အခုလို နိုင်ငံတော်အဆင့် အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွေ အဆက်မပြတ် ပြုလုပ်ခြင်းဟာ မြန်မာ့ရိုးရာအနုပညာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်းဖြစ်ပါတယ်" ဟု ပြောကြားသွားသည်။ စောင်းဦးသိန်းဟံကြီးသည် အသက် (၇၈) နှစ်ရှိပြီဖြစ်သော်လည်း ဂီတအနုပညာတာဝန်ကို ထမ်းဆောင်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေဆဲဖြစ်သည်။

တေးသံရှင် ဒေါ်တင်တင်မြမှာလည်း လက်ရှိတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင် နာယကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်က ကြီးမှူးကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၉၉၃ ခုနှစ်မှ စတင်ကာ အဆိုအကဲအဖြတ်အဖွဲ့တွင် အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်ပြီး လက်ရှိတွင်လည်း အဆိုအကဲဖြတ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

**(မြန်မာ့အလင်း)**

## ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ပွဲ ပဲခူးမြို့တွင် ကျင်းပ

ပဲခူး မေ ၆

ပဲခူးတိုင်းဒေသကြီး၏ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်ပွဲနှင့် ထောက်ပံ့ငွေများချီးမြှင့်ခြင်းအခမ်းအနားကို မေ ၆ ရက် နံနက်က ပဲခူးမြို့ မြို့တော် ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးဝင်းအောင်က အောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံကို အဖွဲ့ခေါင်းဆောင် ဦးဝင်းအောင်၊ ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲကြီးကြပ်သူများအတွက် ထောက်ပံ့ချီးမြှင့်ငွေများကို တာဝန်ရှိသူများသို့ ပေးအပ်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင်များက ကဗျာလွတ်အက၊ ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကတို့ဖြင့် ဖျော်ဖြေခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်သို့ ပြိုင်ပွဲ ၁၆ မျိုးအား ပြိုင်ပွဲဝင် ၉၄ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**




# ဒေသခံပြည်သူများအတွက် အကျိုးပြုလျက်ရှိသော ငလိုက်ချောင်း ရော်ဘာရေတားတမံ

**မျိုးဇေယျာ(ပျဉ်းမနား)**

ပျဉ်းမနား မေ ၆

မြို့တော်အင်္ဂါရပ်နှင့်အညီ ဒေသခံပြည်သူများအတွက် တည်ဆောက်ပေးခဲ့သော ငလိုက်ချောင်း ရော်ဘာရေတားတမံကြီးသည် ဒေသခံပြည်သူများအား အကျိုးပြု၍ မြို့တော်လှပမှုကို အထောက်အကူပြုနေပြီဖြစ်သည်။

ဒေသခံပြည်သူများ ရေပိုမိုလုံလောက်စွာ သုံးစွဲနိုင်စေရေး၊ ချောင်းတစ်လျှောက် သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အထောက်အကူပြုနိုင်ရေး၊ မြေအောက်ရေအနေအထားကို ထိန်းသိမ်းပေးသဖြင့် ချောင်းအနီး မြို့နေရပ်ကွက်များရှိ ရေတွင်း၊ ရေကန်များ ခန်းခြောက်မှု အခြေအနေကာကွယ်တားဆီးပေးနိုင်ရေးကို ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် (၉)လမ်းတံတားအနီး ၌ ၂၀၁၄ ခုနှစ် ဧပြီလတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် အလျား ၉၅ ပေ၊ အမြင့် ၁၁ ပေရှိ ရော်ဘာရေတားတမံနှင့် ရေပေးဝေရေးလုပ်ငန်းများကို တည်ဆောက်ခဲ့ပြီး အဆိုပါရေတားတမံကို ( ၂၆-၆-၂၀၁၄ ) ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါတွင် ဒေသခံပြည်သူများ သဘာဝအပူဒဏ်ခံစားနေရချိန် ပူပြင်းမှု၏ အကျိုးဆက်ဖြစ်သော ခြောက်သွေ့လာမှုကြောင့် ရေအခက်အခဲများ ဖြစ်ပေါ်နေချိန်တွင် ငလိုက်ချောင်းရော်ဘာရေတားတမံမှ အနီးရှိမြို့ပေါ် ရပ်ကွက်များဖြစ်သော ရန်အောင် (၁)ရပ်ကွက်၊ ရွာကောက်ရပ်ကွက်၊ ရွှေချီရပ်ကွက်နေပြည်သူများ၏ရေအခက်အခဲများကို ယခင်နှစ်များထက် ကာကွယ်ပေးနိုင်ခဲ့သည်။ လက်ရှိရေပေးဝေမှုစနစ်အနေဖြင့် ငလိုက်ချောင်းရော်ဘာ ရေတားတမံအနီး ချောင်းကြမ်းပြင်၌ ကျောက်၊ သဲ အဆင့်ဆင့်ဖြင့် အလွှာလိုက် တည်ဆောက်ထားသော ရေစုကျင်းရှိ၍ မူလချောင်းရေမှ အလွှာအသီးသီးကိုကျော်ဖြတ်ကာ ရေမြှုပ် Pump များဖြင့် ချောင်းကမ်းပါးဘေးရှိ Ground Tank ပေါ်တွန်းတင်ပြီး ယင်း Ground Tank ၌ အကန့်သုံးကန့်ခွဲထား၍ ရေကြမ်းကန် ၁၅၀၀၀ ဂါလန်၊ အနည်ကျကန် ၁၅၀၀၀ ဂါလန်၊ သန့်စင်ပြီးရေကန် ၁၅၀၀၀ ဂါလန်၊ စုစုပေါင်းရေဂါလံ ၄၅၀၀၀ ဂါလန် ဝင်ဆံ့သည့်ကန်များ တည်ဆောက်ထားသည်။

ရေကြမ်းကန်မှ လျှံကျလာသော ရေများသည် အနည်ကျကန်၌ အနည်ထိုင်၍ ယင်းရေများကို Carbon Filter, Sand Filter များဖြင့် အဆင့်ဆင့်ဖြတ်၍ သန့်စင်ပြီး ရေကို ရေသန့်ကန်အတွင်း မောင်းထည့်ပြီး ယခုအချိန်အခါတွင် မြို့ပေါ်ရပ်ကွက်များဖြစ်သော ရွှေချီရပ်ကွက်၊ မင်္ဂလာရပ်ကွက်များသို့ ပေးဝေသော ခေမာသီဝံရေစင်ပေါ်သို့လည်းကောင်း၊ သံဃာ့ဆေးရုံကြီးသို့လည်းကောင်း၊ ဈေးကုန်းကျောင်းသို့လည်းကောင်း တစ်နာရီ ၅၀၀၀ ဂါလန်နှုန်းဖြင့် ပေးဝေလျက်ရှိသည်။

ယခင်က ရွှေချီရပ်ကွက်၊ မင်္ဂလာရပ်ကွက်များသို့ ရေပေးဝေသော ခေမာသီဝံရေစင်ပေါ်သို့ မြို့ပေါ်ရေစက်များမှ သုံးနာရီခန့် မောင်းတင်ရသော်လည်း Rubber Dam တည်ဆောက်ပြီးချိန်မှစ၍ သန့်စင်ပြီးရေကို ပူးပေါင်းမောင်းနှင်သည့်အခါ တစ်နာရီကျော်ခန့်သာ ကြာမြင့်သဖြင့် ရပ်ကွက်နေပြည်သူများ ရေကိုပိုမိုလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုဒဏ်ကို ယခင်နှစ်များတွင် ဒေသခံပြည်သူများ ခက်ခဲကြုံတွေ့ခဲ့ရသော်လည်း ရော်ဘာရေတားတမံ တည်ဆောက်ပြီးစီးသည့်အချိန်တွင် ရေခန်းခြောက်မှု၊ ရေရှားပါးမှုအခက်အခဲကို ကျော်ဖြတ်နိုင်ခဲ့ပြီး ပျဉ်းမနားမြို့လယ်ရှိ အထင်ကရ မြို့ကျက်သရေဆောင် ကန်တော်မင်္ဂလာရှမ်းကန်ကြီးသည်လည်း ကန်ရေလျော့နည်းမှုမရှိကာ ကန်အတွင်းရှိ ငါး၊ လိပ်ရေသတ္တဝါများနှင့် လှပတင့်တယ်ခဲ့ပြီး မီးဘေးအန္တရာယ်ဖြစ်ပွားခဲ့လျှင်လည်း မီးငြိမ်းသတ်ရန်အတွက် ၎င်းရော်ဘာရေတားတမံကြီးမှ ရေကို အလွယ်တကူ ရယူနိုင်မည်ဖြစ်သည်။

မြို့ပေါ်ရေပေးဝေရေးစနစ်တွင်လည်း ယခင်နှစ်များနှင့်မတူ အထူးအထောက်အကူပြုခဲ့ကာ မြို့ပေါ်နေပြည်သူများအနေဖြင့် ရေရှားပါးမှုအခက်အခဲကို မကြုံတွေ့ရတော့ဘဲ ရေလုံလောက်မှုလည်း ရှိခဲ့သည်။ ငလိုက်ချောင်း ရော်ဘာရေတားတမံတစ်လျှောက် ဒေသစိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေး၊ မြေအောက်ရေ ထိန်းသိမ်းနိုင်ရေးတို့ကိုလည်း များစွာ အထောက်အကူပြုနိုင်ခဲ့ပြီး ဒေသခံပြည်သူများကလည်း ဆက်လက်၍ ရေတားတမံကြီး ထပ်မံစည်ကားလာနိုင်ရေး၊ ဆက်လက် တိုးချဲ့ပြုပြင်တည်ဆောက်ရေး၊ လှပစေရေးကို မျှော်လင့်နေကြောင်း သိရသည်။

ဒေသခံ ပြည်သူများအတွက် အကျိုးပြုနေသော ငလိုက်ချောင်း ရော်ဘာ ရေတားတမံကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ လှပစေရေးအတွက် ဒေသခံပြည်သူများ၊ ချောင်းအနီးနေထိုင်ကြသူများအနေဖြင့် ချောင်းအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်း၊ အညစ်အကြေးများစွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



# ဝေရောစန ကျောက်စိမ်းစေတီတော် ရွှေထီးတော်တင်လှူပွဲ ဇွန်လဆန်း ကျင်းပမည်

**မန္တလေး မေ ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရှာ မြင်းမှူးကျေးရွာ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၆၁ ၏ အနောက်ဘက်ရှိ ကမ္ဘာ့ပထမ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကို ဇွန်လဆန်းပထမပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ပထမ ဝေရောစန ကျောက်စိမ်းစေတီတော် ထီးတော်တင်လှူပွဲတွင် မြန်မာ့ရိုးရာခြင်းဝိုင်းများ၊ အလှခတ်ပွဲများဖြင့် ကျင်းပပူဇော်မည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခြင်းလုံးအလှခတ်အသင်းများအနေဖြင့် ပါဝင်ခတ်ကစားလိုပါက မေ ၂၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံး ရန်ကုန်မြို့ ဖုန်း ၀၁- ၃၉၃၄၂၀ နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံးခွဲ(မန္တလေး) ၄၁ လမ်းနှင့် ၈၉ လမ်းထောင့်၊ ဖုန်း-၀၉-၆၈၀၁၇၄၄၊ ၀၉-၄၃၁၀၀၀၂၉၊ ၀၉-၃၃၁၀၃၁၃၂၊ ၀၉-၉၁၀၂၀၈၂၇၊ ၀၉-၆၈၀၂၀၆၃၊ ဝမ်းတွင်းမြို့ ဦးငယ်ထွေးဝင်း ဖုန်း-၀၉-၂၁၆၅၄၀၆ နှင့် ဦးအောင်ကျော်ဦး တောင်တွင်းကြီးမြို့ ဖုန်း-၀၉-၂၅၆၄၆၂၇၈၇ တို့သို့ ကြိုတင် ဆက်သွယ်၍ ခြင်းခတ်သားစာရင်းနှင့်တကွ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မေ ၆ ရက်က အစ္စရေးနိုင်ငံ၏ (၆၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး **H.E.Mr. Daniel Zohar Zonshine** ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# ပြင်ဦးလွင်စခန်းချတွေ့ဆုံပွဲ တက်ရောက်ခဲ့ကြသော ကင်းထောက်မောင်မယ်များ ရန်ကုန်ဘူတာကြီးသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၆**

၂၀၁၅ ခုနှစ် ကင်းထောက်မောင်မယ်(တတိယအကြိမ်) စခန်းချတွေ့ဆုံပွဲ (ပြင်ဦးလွင်စခန်း)၌ တက်ရောက်ခဲ့ကြသော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကြီးကြပ်ဆရာ ဆရာမများ၊ ကင်းထောက်မောင်မယ်များ၊ တက္ကသိုလ်များမှ ကင်းထောက် မောင်မယ်များသည် ပြင်ဦးလွင်မြို့မှ ရန်ကုန်ဘူတာကြီးသို့ အထူးရထားဖြင့် ယနေ့ နံနက် ၈ နာရီတွင် ပြန်လည်ရောက်ရှိလာကြသည်။

ရန်ကုန်ဘူတာကြီး၌ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကင်းထောက်ကြီးများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ၂၀၁၅ ခုနှစ် ကင်းထောက်မောင်မယ်(တတိယအကြိမ်)စခန်းချတွေ့ဆုံပွဲ (ပြင်ဦးလွင်စခန်း)၌ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကင်းထောက်မောင်မယ် ၇၂၀ နှင့် ကြီးကြပ်ဆရာ ဆရာမ ၁၂၀၊ တက္ကသိုလ်များမှ ကြီးကြပ်ဆရာ ဆရာမ ရှစ်ဦးနှင့် ကင်းထောက်မောင်မယ် ၆၀ တို့သည် မေ ၁ ရက်မှ ၅ ရက်အထိ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပျဉ်းမနား၌ လေပြင်းတိုက်ခတ်၍ လမ်းမီးတိုင်များလဲ


**ပျဉ်းမနား မေ ၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်က လေပြင်းများ တိုက်ခတ်သဖြင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပါဠိကွေ့အနီးရှိ လမ်းမီးတိုင်များ ကျိုးကျပျက်စီးခဲ့သည်။ **(အောက်ပုံ)**

လေပြင်းများ တိုက်ခတ်သဖြင့် လမ်းမီးတိုင်များ ကျိုးကျပျက်စီးရာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်သို့ ဓာတ်ကြိုးများပြုတ်ကျသဖြင့် မော်တော်ယာဉ်များ ခေတ္တသွားလာမှု ကြန့်ကြာခဲ့သည်။

လမ်းမီးတိုင်များ ကျိုးကျရာသို့ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ဝန်ထမ်းများ၊ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့်ဝန်ထမ်းများ အခင်းဖြစ်ရာနေရာသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ပြီး နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့စု(၆) ပျဉ်းမနားမှ တာဝန်ခံ ဒုရဲမှူးရဲလွင်နှင့် ပျဉ်းမနားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ရန်ကုန်-မန္တလေး လမ်းဟောင်း ယာဉ်ကြောမပိတ်စေရေးအတွက် လမ်းများ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



# လက်ရွေးစင်အသင်းနှင့် ယူ-၂၃ အသင်း သရေကျ

**ရန်ကုန် မေ ၆**

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာလက်ရွေးစင်အသင်းနှင့် မြန်မာယူ-၂၃ အသင်းတို့သည် ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်းတွင် ခြေစမ်းကစားရာ တစ်ဂိုးစီသရေကျသွားသည်။

**မြန်မာလက်ရွေးစင် - တစ်ဂိုး**
**မြန်မာ ယူ-၂၃ - တစ်ဂိုး**

ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းမှာ ပယ်နယ်တီချေပဂိုးဖြင့် မြန်မာယူ-၂၃ အသင်းကို သရေသာကစားနိုင်ခဲ့သည်။ မြန်မာယူ -၂၃ အသင်းမှာလည်း ပြည်ပခြေစမ်းခရီးစဉ်များ မသွားရောက်မီ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အမာခံကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ကြည်လင်း၊ မင်းမင်းသူ၊ ခင်မောင်လွင်၊ ဝင်းမင်းထွန်း၊ ဇော်မင်းထွန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ရန်အောင်ကျော်၊ ဒေးဗစ်ဒန်းတို့ကို လူစားလဲအသုံးပြုခဲ့သည်။ မြန်မာယူ-၂၃ အသင်းမှာလည်း အမာခံကစားသမားများဖြစ်သည့် နေလင်းထွန်း၊ စည်သူအောင်၊ ဖြိုးကိုကိုသိန်း၊ ကျော်ဇင်ဖြိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ ၂၉ မိနစ်တွင် စည်သူအောင်က ယူ-၂၃ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး တစ်မိနစ်အကြာမှာပင် ပယ်နယ်တီမှတစ်ဆင့် ကြည်လင်းက လက်ရွေးစင်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းရော ယူ-၂၃ အသင်းပါ ယခုလအတွင်း ပြည်ပနိုင်ငံများ၌ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



**CONGRATULATIONS**

Our warmest welcome and heartfelt congratulations
on the auspicious opening of

**"UNITED OVERSEAS BANK"**

Yangon branch in Myanmar on 6th May 2015.
We wish you much success in providing banking services
for the development of a strong financial sector in Myanmar.

**Chairman and Board of Directors**
**KBZ BANK LTD.**

# ရေနံချောင်းရေနံမြေရှိ ရေနံထုတ်လုပ်မှုမရှိသော ရေနံတွင်းဟောင်း အမှတ်-၂၉၈၀ မှ တွန်းကန်မှုဖြစ်ပွားပြီး ရေနံအနည်းငယ်ပါသော ရေများထွက်ရှိ

**နေပြည်တော် မေ ၆**

ရေနံချောင်းရေနံမြေရှိ ရေနံထုတ်လုပ်မှုမရှိသော ရေနံတွင်းဟောင်းအမှတ်-၂၉၈၀ မှ ဧပြီ ၁၈ ရက် ည ၁၂ နာရီတွင် တွန်းကန်မှုဖြစ်ပွားပြီး မိနစ် ၂၀ ခန့်အကြာတွင် ရေနံအနည်းငယ်ပါသော ရေစည် ၂၀ ခန့် ထွက်ရှိလာခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ရေနှင့်ရေနံစည် ၂၀ ခန့် ပန်းထွက်ပြီး ရွာလုည်းလမ်းကြောင်းအတိုင်း စီးဆင်း၍ ရွာခြံစည်းရိုးများ၊ ယာခင်းအနည်းငယ်အတွင်း ဖြတ်သန်းစီးဆင်းကာ သဲသောင်ပြင်အတွင်းသို့ စိမ့်ဝင်စီးဆင်းခဲ့ကြောင်း၊ တွင်းအနီး(ပေ ၅၀၀)တွင် လူနေအိမ်(ထရံကာ၊ သွပ်မိုး)တစ်လုံးရှိပြီး ထိခိုက်ပျက်စီးမှုမရှိသော်လည်း ရေရှည်တွင် မသင့်လျော်သဖြင့် ရွှေ့ပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တွင်းကို ယာယီပိတ်ထားနိုင်ရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စောင့်ကြည့်စီမံလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိမှုများ မရှိကြောင်း သိရသည်။

ရေနံတွင်းဟောင်း အမှတ်-၂၉၈၀ သည် ၁၉၄၁ ခုနှစ်တွင် တူးဖော်ထုတ်လုပ်ခဲ့သော ရေနံတွင်းဟောင်းဖြစ်ပြီး ၄င်းတွင်းဟောင်းသည် အလားအလာမကောင်းသော်လည်း လက်ရှိဖြစ်ပေါ်နေသော တွန်းကန်ထွက်ရှိမှုအပေါ်အခြေခံ၍ ဘူမိဗေဒအချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက လေ့လာဆဲဖြစ်သည်။

အဆိုပါ လေ့လာမှုမှ ရရှိလာသော ဘူမိဗေဒအချက်အလက်များနှင့် အလားအလာပေါ်မူတည်ကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား စွမ်းအင်ဝန်ကြီးဌာနမှ စီမံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ YESC ပိုင် 6.6 KV မင်္ဂလာတောင်ညွန့်မြို့နယ်ရုံး ဓာတ်အားခွဲရုံတွင် တပ်ဆင်ထားသော 6.6 KV GCB Panel အား ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရန်နှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မေ ၇ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ လုပ်ငန်းများဆောင်ရွက်စဉ် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကလေး (အရှေ့၊ အနောက်၊ တောင်၊ မြောက်)ရပ်ကွက်များ၊ ဖို့မြေရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ ဖဆပလရပ်ကွက်၊ (101) လမ်း၊ မြန်မာ့ဂုဏ်ရည် လမ်းတစ်လျှောက်၊ ဂျိုးဖြူလမ်း၊ သိမ်ဖြူလမ်း၊ ဒေါ်သိန်းတင်လမ်းတစ်လျှောက်တို့တွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

ထို့အပြင် လှိုင်မြို့နယ်အတွင်းရှိ YESC ပိုင် 66/33 KV,RIR ဓာတ်အားခွဲရုံတွင် မြေအောက်ဓာတ်ကြိုးပြောင်းရွှေ့ခြင်း လုပ်ငန်းများအတွက် မေ ၇ ရက်တွင် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်စဉ် လှိုင်မြို့နယ်အတွင်းရှိ (၁၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၆) ရပ်ကွက်များတွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် ပန်ကြားအပ်သည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

**မေ ၅ ရက် ညနေပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်နှင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံဂူသို့ ဆက်သွယ်ထားသော ကားလမ်းပေါ်ရှိ ကျိုက်မရောမြို့နယ် သရနှာကျေးရွာနှင့် ဓမ္မသတ်ကျေးရွာကြားတွင် သဲတင်ယာဉ်တစ်စီး အရှိန်လွန်၍ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်နေသည်ကို တွေ့ရစဉ်။** (အဆိုပါ မော်တော်ယာဉ်ကို ဆွဲယူဆယ်တင်ရန် မော်လမြိုင်မြို့မှ ကရိန်းကားကြီး ရောက်ရှိလာပြီး ကားဆွဲတင်ရန် ဆောင်ရွက်မှုကြောင့် ကျဉ်းမြောင်းသော ကော့ဘိန်း-ခရုံဂူ ကားလမ်း နာရီနှင့်ချီ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။)

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# ကမာရွတ် မြကန်သာအိမ်ရာကစားကွင်း လူသတ်မှု ပြစ်မှုကျူးလွန်သူများ ငါးရက်အတွင်း ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် မေ ၆**

ကမာရွတ်မြို့နယ် (၂)ရပ်ကွက် မြကန်သာလမ်း မြကန်သာအိမ်ရာ အားကစားကွင်း အုတ်နံရံဘေး အမှိုက်ပုံအနီး၌ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ သေဆုံးသူအမျိုးသားမှာ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့ရာ ယင်းမှာ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ ကိုချစ်ဝိုင်း(၂၆ နှစ်)ဖြစ်ကြောင်း၊ မေ ၁ ရက်က အတည်ပြုသိရှိခဲ့ရပြီး ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက စီစဉ်ညွှန်ကြား၍ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ သေဆုံးသူ ချစ်ဝိုင်းမှာ လူငယ်လေးဦးနှင့်အတူ အင်းလျားကန်ပေါင်၌ ဂီတာတီး သီချင်းဆိုခဲ့ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းရာ လူငယ်လေးဦးတွင် ပါဝင်သော လှိုင်မြို့နယ်နေ စောရန်နိုင်ဆိုသူအား မေ ၄ ရက်က အတည်ပြု စုံစမ်းဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ကျန်ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ရဲမာန်အောင်၊ ဇာနည်ဦး၊ ဝေယံပိုင်(ခ)ပိုင်ပိုင်တို့ကိုလည်း ဆက်လက် ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**



စစ်ဆေးဖော်ထုတ်ချက်အရ ယင်းတို့လေးဦးသည် အခင်းဖြစ်ညက သေဆုံးသူ ချစ်ဝိုင်းနှင့်အတူ အင်းလျားကန်ပေါင်၌ ဂီတာတီးခဲ့ကြကြောင်း၊ ဇာနည်ဦး၏ တယ်လီဖုန်းကို ချစ်ဝိုင်းက ခိုးယူဖျောက်ဖျက်ထားသည့်ကိစ္စနှင့် ပတ်သက်၍ ချစ်ဝိုင်းအား ဝိုင်းဝန်းရိုက်နှိက်ရန် တိုင်ပင်ခဲ့ကြကြောင်း အင်းလျားကန်ပေါင်ပိတ်ချိန်တွင် ချစ်ဝိုင်းနှင့် စောရန်နိုင်ပါ လေးဦးတို့သည် မြကန်သာအိမ်ရာ ကလေးကစားကွင်းသို့ ရောက်ရှိလာကြပြီး အရက်အတူသောက်နေစဉ် စောရန်နိုင်ပါ လေးဦးက ချစ်ဝိုင်းအား ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပြီး အလောင်းကို မြကန်သာအိမ်ရာ အားကစားကွင်း အုတ်နံရံဘေး အမှိုက်ပုံအနီးသို့ ရွှေ့ပြောင်းထားရှိခဲ့ကြကြောင်း၊ အမှုနှင့်ပတ်သက်သည့် သက်သေခံပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် အများပြည်သူ စိတ်ဝင်စားသည့် လူသတ်မှုအား ငါးရက်အတွင်း ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

မေ ၇ရက်မှ ၁၀ရက်အထိ တပ်မတော်ခန်းမတွင်ကျင်းပမည်ဖြစ်သော International Security & Office Solution with Modern Electronics Expo 2015 ခေတ်သစ်ကမ္ဘာတွင် လုံခြုံစွာနေထိုင်ဖို့ လုံခြုံရေးဆိုင်ရာပစ္စည်း မိတ်ဆက်ပြပွဲကြီးနှင့် ရုံးသုံး၊ လုပ်ငန်းသုံး၊ အီလက်ထရွန်နစ် ပစ္စည်းများပြပွဲကြီးကို FISCA Security & Communication Co.,Ltd. (FISCA Enterprises)မှ Main Sponsor ပြုလုပ်၍ အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရန် ပူးပေါင်းပံ့ပိုးသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါသည်။

**Myanmar Promotional Services (MPS)Company Limited**

**အမည်ပြောင်း**

ဦးဖေချစ်၏သမီး ဗဟန်းမြို့နယ်၊ ကွန်ပျူတာတက္ကသိုလ် ပထမနှစ်မှ မထက်အိန္ဒြေချစ်အား ယနေ့မှစ၍ မအိန္ဒြေမြင့်မြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိန္ဒြေမြင့်မြတ်သူ**

**GOLDEN STAR**

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဝေဖြိုးကျော် ၇/ပခန(နိုင်)၂၇၅၄၂၆ ၏ B.S.T လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၈၆၅၃၉**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၆၆၅၇၊ Super Mandalar L/T Sml 90 P/U ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သိန်း ၉/ညဥန(နိုင်)၀၉၇၉၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/6602 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇C/၈၉၂၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများအား အခမဲ့ထောက်ပံ့ရန်အတွက် လိုအပ်သောလေ့ကျင့်ခန်းစာအုပ်(မျဉ်းနှစ်ကြောင်း)များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၈-၅-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၅-၅-၂၀၁၅ရက်၊ ၁၆း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာန(ဖုန်း-၀၄၃-၂၂၆၅၁)တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**အမည်ပြောင်း**

သယ်န်းကျွန်းမြို့နယ်၊ ပညာနန်းတော်၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော အဖဦးရဲနောင်၊ အမိ ဒေါ်ဝင်းစန္ဒာတို့၏သမီးဖြစ်သူ မငြိမ်းချမ်းမြေအား မသဇ္ဈာရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသဇ္ဈာရှင်းသန့်

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးသီဟထွန်း၏ နိုင်ငံကူးလက်မှတ်(A-353838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၂၀၃၆၃**



နီပေါမြေငလျင်ကယ်ဆယ်ရေးဆောင်ရွက်မှုကို တွေ့ရစဉ်။

# နီပေါမြေငလျင် ကယ်ဆယ်ရေးလုပ်ငန်းအတွက် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ ကယ်ဆယ်ရေး ၄၀၅၀ ရောက်ရှိ

**ခတ္တမန္ဒူ မေ ၆**

နီပေါမြေငလျင် ကယ်ဆယ်ရေးနှင့်အကူအညီပေးရေးအတွက် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် ၄၀၅၀ ရောက်ရှိလာကြောင်း၊ နီပေါ ပြည်ထဲရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။ အကူအညီပေးရေး လုပ်သားများတွင် ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများလည်း ပါဝင်သည်။

ထိုအတောအတွင်း နိုင်ငံခြားသား ကယ်ဆယ်ရေးအဖွဲ့ဝင် ၅၀၀ ကျော်သည် လုပ်ငန်းတာဝန်များ ပြီးဆုံးခြင်းမရှိသေးဘဲ ပြန်လည်ထွက်ခွာသွားကြကြောင်း နီပေါ စစ်ဘက်တာဝန်ရှိသူများက ပြောသည်။

နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်သီးပုဂ္ဂလ ပါဝင်ဆောင်ရွက်နေကြသူများကို နိုင်ငံမှထွက်ခွာပေးကြရန် နီပေါအာဏာပိုင်များက တိုက်တွန်းထားကြောင်း အတည်ပြုချက်မရှိသောသတင်းကို ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

အဆိုပါငလျင်သည် ဝေးလံသောဒေသများ၌ ထိခိုက်မှုအများဆုံးဖြစ်ပြီး အစာရေစာနှင့် အခြားထောက်ပံ့မှုများ စောင့်ဆိုင်းနေကြသည်။ ဝေးလံသောဒေသများ၌ အကူအညီများမရောက်ရှိဘဲ ဖြစ်နေသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# မက်ဆီဒိုးနီးယားဆန္ဒပြမှုတွင် လူ ၁၂ ဦးထိခိုက်ဒဏ်ရာရ

**စကော့(ပ်)ယာ့ မေ ၆**

စကော့(ပ်)ယာ့ရှိ မက်ဆီဒိုးနီးယားအဆောက်အအုံရှေ့တွင် အင်္ဂါနေ့ညနေက ရှုန်းရင်းဆန်ခတ်ဖြစ်မှုကိုတားဆီးရန် ကြိုးစားစဉ် ရဲအများစုအပါအဝင် အနည်းဆုံး လူ ၁၂ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု သိရသည်။

အသက် ၂၂ နှစ်ရှိ မာတင်နက်ရှ်ကော့စကီးလူသတ်မှုနှင့် ပတ်သက်၍ အဆင့်မြင့်အရာရှိကြီးများအကြား ဖုန်းခေါ်ဆိုမှုအသံတိပ်ခွေများကို မက်ဆီးဒိုးနီးယားအတိုက်အခံပါတီ(SDSM)က ဖော်ထုတ်ဖွင့်ချခဲ့ပြီးနောက် ပြည်သူများ အင်္ဂါနေ့ညနေက ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

နက်ရှ်ကော့စကီးသည် ၂၀၁၁ ခုနှစ်က မက်ဆီဒိုးနီးယား အာဏာရပါတီအနိုင်ရရှိပြီး အောင်ပွဲခံအခမ်းအနားကျင်းပနေစဉ် အသတ်ခံရခြင်းဖြစ်သည်။

အဆိုပါအသံဖမ်းတိပ်တွင်ဖော်ပြထားသည်မှာ ပြည်ထဲရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်အပါအဝင် အရာရှိကြီးများသည် အထူးရဲတပ်ဖွဲ့မှ ၄င်းအားသတ်ခဲ့ခြင်းကို သိရှိကြပြီး အသေးစိတ်အချက်အလက်များကို ဖုံးကွယ်ထားသည်ဟု ပါရှိသည်။

မာတင်၏ အစ်ကိုနှင့်မိခင်ဖြစ်သူတို့သည် ရဲများ၏ အင်အားသုံးပိတ်ဆို့မှုကို ဖြတ်ကျော်လျက် ပြည်ထဲရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်ကို တွေ့ဆုံဆွေးနွေးရန် အစိုးရအဆောက်အအုံအတွင်း ဝင်ရောက်ခဲ့သည်။ သို့သော် ဆန္ဒပြမှုအရှိန်မမြင့်ခင် တားဆီးခြင်းခံခဲ့ရသည်။

ဆန္ဒပြသူများက ဝန်ကြီးချုပ်နှင့်ပြည်ထဲရေးဝန်ကြီးကို နုတ်ထွက်ပေးရန်တောင်းဆိုလျက် အစိုးရရုံးနှင့် ရဲများကို ပုလင်းများ၊ ကျောက်ခဲများ၊ ကြက်ဥများနှင့်ပစ်ပေါက်ခဲ့ကြသည်။ **(ဆင်ဟွာ)**

# ဟာခုံးမီးတောင်ပေါက်ကွဲနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**တိုကျို မေ ၆**

တိုကျိုမြို့အနောက်တောင်ဘက်ရှိ ကမ္ဘာလှည့်ခရီးသည်များအတွက် အထင်ကရ နေရာတစ်ခုဖြစ်သည့် ဟာခုံးမီးတောင် ပေါက်ကွဲမှုဖြစ်ပွားနိုင်သည့်အတွက် ဂျပန်အာဏာပိုင်များက မေ ၆ ရက်က သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ မီးတောင်ပေါက်ကွဲခဲ့လျှင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် အဆိုပါဒေသရှိလူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ဂျပန် မိုးလေဝသအေဂျင်စီ၏ သတိပေးချက်အရ အဆင့်(၁)သည် ပုံမှန် အနေအထားဖြစ်ပြီး အဆင့်(၂)က ပိုမိုပြင်းထန်လာနိုင်ကြောင်း ပြောခဲ့သည်။



အဆိုပါဒေသတွင် ယမန်နေ့က မီးတောင်ပေါက်ကွဲမှု ၁၁၆ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောခဲ့သည်။ ၄င်းအကြိမ်အရေအတွက်သည် တစ်နေ့တာအတွင်း အများဆုံးမှတ်တမ်းတင်ခဲ့သည့် အကြိမ်အရေအတွက်ဖြစ်သည်။

မီးတောင်ဒေသမှ မီတာ ၃၀၀ အကွာအဝေးတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အမိန့်တစ်ခုကို ဒေသတွင်းမြို့တော်ဝန်ရုံးက ထုတ်ပြန်ခဲ့သည်။ **(ကျိုဒို)**


နှစ် (၉၀)ပြည့် ပတ္တမြားရတု မင်္ဂလာဆုတောင်းလွှာ

ဖခင်ကြီး ဦးသိန်းဇံ (မြို့နယ်ပညာရေးမှူး-ငြိမ်း)နှင့်
မိခင်ကြီး ဒေါ်အေးအေးစိုး (အ.ထ.ပြ-ငြိမ်း) တို့၏
၇-၅-၂၀၁၅ နေ့ရက်တွင်ကျရောက်သော နှစ်(၉၀)ပြည့်
ပတ္တမြားရတု မင်္ဂလာရက်မြတ် မှသည် သက်ဆုံးတိုင်
ကျန်းမာရွှင်လန်းစွာဖြင့် သာသနာ့အကျိုး၊လူ့ဘောင်အကျိုး
တို့ကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး - ဒေါက်တာကျော်ဇံလင်း+ဒေါက်တာနန္ဒာအောင်
သားလတ် - ဒေါက်တာထင်ဇံလင်း + ဒေါက်တာပပဇင်
သားငယ် - ဒေါက်တာသော်ဇံလင်း + မဖြူမာထွန်း
သမီးထွေး - မစုစုဇံလင်း
ချစ်မြေးများ - ဘုန်းမြတ်သူ၊ ကြည်ဖြူမြင့်မြတ်၊ အောင်ငြိမ်းချမ်းဇင်
ကြယ်စင်လင်းထက်၊ ခိုင်ချမ်းမြေ့သူ၊ နဒီမင်းမြတ်



## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၀ရပ်ကွက်၊ အမှတ်(ဘီ/၃)၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြင့်မိုရ်၊ ကန်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ်၉၃၊ မြေအမျိုးအစား နှစ်၆၀မြေငှားဂရန် ဧရိယာ ၀ဒသမ၇၅၉ ဧက၊ (၄၂ပေ×ပေ၅၀) ပေါ်တွင်ရှိသော အမည်ပေါက် ဒေါ်ရှောက်ဂူ ၁၃/လရန(နိုင်)၀၅၄၈၆၇ ပိုင်ဆိုင်သော မြေကွက်အား ကျွန်ုပ်တို့မောင်နှမများ စုပေါင်း၍ မိခင် ဒေါ်ရှောက်ဂူ အမည်ဖြင့် ပိုင်ဆိုင်ထားပါသည်။ သားတစ်ဦးဖြစ်သော မောင်ရန်စိုက်ချန် ၁၃/လရန(နိုင်)၀၀၃၉၉၁ အား အိမ်ကိစ္စအတွက် Special Power လွှဲအပ်ထားခဲ့ရာတွင် ယခုအခါ ၄င်းတစ်ဦးတည်းသဘောဖြင့် ရောင်းချရန်ကြိုးစားနေကြောင်း သိရှိရပါ၍ အထက်ဖော်ပြပါ အိမ်ခြံနှင့်အိမ်အား တစ်စုံတစ်ရာလွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းဆောင်ရွက်မှုများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရှောက်ဂူ**
**၁၃/လရန(နိုင်)၀၅၄၈၆၇**





## စစ်တောင်းမြစ်အတွင်း ရေချိုးရင်းဒိုင်ဗင်ထိုးချသူ ငုတ်နှင့်ဆောင့်မိ၍သေဆုံး

**တောင်ငူ မေ ၆**

မေ ၃ ရက် နံနက် ၁၀ နာရီခန့်က တောင်ငူမြို့နယ်၊ အနောက်ဆင်ရွာ ကျေးရွာအုပ်စု၊ ဆင်ရွာအနီးရှိ စစ်တောင်းမြစ်အတွင်း၌ လူငယ်တစ်ဦး ရေချိုးရာက သေဆုံးသွားကြောင်း သတင်းအရ ကေတုမတီ မြို့သစ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်သန်းထွန်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာနေ ဝေဖြိုးအောင် (၁၀ နှစ်) သည် အနောက်ဆင်ရွာအုပ်စု ဆင်ရွာသို့ အလည်သွားရင်း ယင်းကျေးရွာနေ မောင်ကျော် (၁၀နှစ်)၊ ပြည်စိုးအောင်(၁၂ နှစ်) ဆင်ရွာနေသူတို့နှင့်အတူ ရေဆင်းချိုးကြရင်း မောင်ဝေဖြိုးအောင်က ကမ်းပါးပေါ်ကနေ စစ်တောင်းမြစ်အတွင်း ဒိုင်ဗင်ထိုးချခဲ့ရာ ရေအောက်ရှိ သစ်ငုတ်နှင့် ဝဲဘက်မျက်လုံးအား ဆောင့်မိပြီး သေဆုံးသွားကြောင်း သိရ၍ ကေတုမတီမြို့သစ်နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## ၁၂ ဘီးယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား

**မြို့သစ် မေ ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့၏တောင်ဘက် သုံးမိုင်ခန့်အကွာ မြို့သစ်မြို့နယ်အတွင်း မေ ၅ ရက် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က ၁၂ ဘီးကား မော်တော်ယာဉ် တိမ်းမှောက်ခဲ့ကြောင်းသတင်းအရ ပုလင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်၊ ပုတီးကုန်းအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဆွေမြင့်တို့ အခင်းဖြစ်အရပ်သို့ ချက်ချင်းသွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၅ ရက် နံနက်၅ နာရီ ၁၅ မိနစ်ခန့်က ယာဉ်မောင်း ညီညီလွင် (ခေါ် )အိုက်စံ သရက်တောရပ်ကွက် အောင်လံမြို့နေသူမောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ် ( 4F /--- ) NISSAN ကောင်တာခေါင်းပြာ၊ လိမ္မော်ရောင်အစင်းကြား (၁၂ ဘီးကား)၊ နောက်ခန်းတွင် ယာဉ်နောက်လိုက် ကျော်ကျော်ဝင်း ကျောင်းစုရပ်ကွက်(အောင်လံမြို့)နေသူလိုက်ပါလာပြီး တောင်တွင်းကြီးမြို့နယ်ဘက်မှ မြို့သစ် မြို့နယ်ဘက်သို့ မောင်းနှင်လာစဉ် တောင်တွင်း-မြို့သစ် ကားလမ်း မိုင်တိုင်အမှတ် ( ၁၃/၁ နှင့် ၁၃/၂) အကြား အောင်စေတံတားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲလမ်းဘေးသို့ ထိုးကျသွားခဲ့သဖြင့်ယာဉ်မောင်း ညီညီလွင်(ခေါ်) အိုက်စံနှင့် ကျော်ကျော်ဝင်းတို့တွင် ဒဏ်ရာများရရှိသဖြင့် ၎င်းတို့နှစ်ဦးအား ရဲဆေးစာဖြင့် မြို့သစ်ဆေးရုံသို့ ပို့အပ် စဉ် ညီညီလွင် (ခေါ်)အိုက်စံမှာ ရရှိဒဏ်ရာဖြင့် နံနက် ၆ နာရီခွဲခန့်က မြို့သစ်ဆေးရုံတွင် သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သေဆုံးသွားသူ ညီညီလွင်(ခေါ်) အိုက်စံအပေါ် ဥပဒေအရ အရေးယူပေးပါရန် တာဝန်မှူးရဲအုပ် ညီညီလွင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြို့မရဲစခန်းမှ အမှုရေးဖွင့်ဆောင်ရွက်ခဲ့ပြီး အမှုစစ်ဒုရဲအုပ်ညွန့်ဝင်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

## မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

**ဘောဂလေ မေ ၆**

ဘောဂလေမြို့တွင် မေ ၄ ရက် ညနေ ၄နာရီခွဲက သစ်စေ့တောင်ရွာ ရွာသစ်ကုန်း ဦးလှသိန်း၏ နေအိမ်၌ သမီးဖြစ်သူ နော်ကလိုမူး (၁၁ နှစ်) ခန့် လေးတန်းကျောင်းသူက နေအိမ်တွင် မိဘများမရှိခိုက် ထင်းဖြင့် မီးမွှေးပြီး ရေနွေးအိုးတည်၍ မီးငြိမ်းခဲ့ပြီဟု ထင်ကာ အိမ်မှတစ်ဖာလုံခန့်အကွာရှိ ရွာ၏အရှေ့ဘက်ရေချိုးဆိပ်သို့ ရေချိုးထွက်ခဲ့ရာ မီးကြွင်းမီးကျန်မှ နေအိမ်မီးလောင်မှုဖြစ်ပွားကြောင်းသိရသည်။

မီးလောင်မှုကို ရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ညနေ ၄နာရီ ၄၅ မိနစ်၌ မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဘောဂလေ( ပြန်/ဆက်)**

## တရားမဝင်မော်တော်ယာဉ်မျိုးစုံ ဖမ်းဆီးထိန်းသိမ်း

**ရန်ကုန် မေ ၆**

တရားမဝင်သယ်ဆောင်ကုန်သွယ်မှုများကို ဧပြီတစ်လအတွင်း ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ရာတွင် မြဝတီကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် လှုပ်ရှား(၂) ညောင်ခါးရှည် Mobile Team အဖွဲ့မှစစ်ဆေးခဲ့ရာ တစ်ဖက်နိုင်ငံမှတင်သွင်းလာသည့် ကုန်သေတ္တာသယ်ဆောင်ယာဉ်များမှ ယာဉ်မျိုးစုံတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါလမ်းတွင်ဝင်ရောက်လာသည့် ကွန်တိန်နာယာဉ်များကို ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုထိန်းချုပ်ရေး ဗဟိုကော်မတီသို့သတင်းပို့ပြီး ဆူးလေမြေပြင်ချစစ်အဖွဲ့သို့ ပို့ဆောင်ခဲ့သည်။ ထိုသို့ဆူးလေမြေပြင်ချစစ်အဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်မျိုးစုံ ၂၉စီး ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၇၆၉သိန်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## စစ်ဆေးရာမှ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိ

**ရန်ကုန် မေ ၆**



မေ ၄ ရက် နံနက် ၀၀ နာရီ ၄၅မိနစ်က ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့မရဲတပ်ဖွဲ့ စခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ကျော်ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နယ်မြေ အတွင်း မှုခင်းကျဆင်းရေးအတွက်လှည့်ကင်း တာဝန် ဆောင်ရွက်နေစဉ် ယုဇနဥယျာဉ် မြို့တော် (၉၄) ရပ်ကွက် စီဘလောက် (၂)လမ်း၊ တိုက် (၃၈) အရောက် မှောင်ရိပ်အတွင်း မသင်္ကာဖွယ်တွေ့ရှိသူ လင်းလင်း(ခ)အောင်ကျော်ကျော် (၂၀နှစ်)နှင့် ငြိမ်းချမ်းဦး(ခ)သားကြီး (၂၂နှစ်) ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်နေသူ နှစ်ဦးကို လက်ဆွဲအိတ် တစ်လုံးနှင့်အတူတွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ လက်ဆွဲအိတ်အတွင်းမှ အလေးချိန်တစ်ကျပ်သားခန့်ရှိ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက် ၁၆ ဒသမ ၃၃ ဂရမ်ခန့်ရှိ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုတ်ထားသော အထုပ်တစ်ထုပ်၊ အလေးချိန် ငါးကျပ်သားခန့်ရှိ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက် ၈၁ ဒသမ ၆၅ ဂရမ်ခန့်ရှိ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် အထုပ်တစ်ထုပ်၊ ငွေစက္ကူငွေကျပ် ၉၇၀၀ နှင့်အတူ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိပြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းက လင်းလင်း (ခ) အောင်ကျော်ကျော် (၂၀နှစ်) နှင့် ငြိမ်းချမ်းဦး (ခ) သားကြီး (၂၂နှစ်) တို့ကို မူးယစ်ပုဒ်မဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**(၀၈၁)**

## ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

နေပြည်တော်နေ
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ အမှတ် (၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး-ဒေါ်ခင်သန်းဌေးတို့၏သား

**ဗိုလ်တိုးဇော်ဦး M.B.,B.S (D.S.M.A)**

**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ ဝင်ဒါမီယာ၊ ခြံအမှတ် ၁၁၇/A နေ
ဦးသိန်းလှိုင်-ဒေါ်အေးအေးစန်း (ချိန်ဆန်းစိန်ရွှေရတနာဆိုင်)တို့၏ တစ်ဦးတည်းသောသမီး

**မဖြူဖြူခိုင် B.E (Naval Architecture)**

တို့၏ ၃၀-၄-၂၀၁၅ ရက် ရန်ကုန်မြို့၊ ကုန်းမြင့်သာ၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာနာယကကြီးအဖြစ် လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီး ဒေါ်နန်းနှင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စန်းနိုင်နှင့်ဇနီးဒေါ်နီနီအောင်၊ ရန်ကုန်တိုင်းကုန်သွယ်ရေးဦးစီးဌာန တိုင်းမန်နေဂျာ(အငြိမ်းစား) ဦးအောင်ခင်နှင့်ဇနီး ဒေါ်မေလာ၊ မင်္ဂလာအခမ်းအနားမှူး ဦးသန်းမြတ်စိုးနှင့် ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၁-၅-၂၀၁၅ ရက် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်တွင်ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲကို စီစဉ်ဆောင်ရွက်ပေးပါသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများ၊ မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တည်ခင်းဧည့်ခံပေးသော Central Hotel မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၅-၂၀၁၅ ရက် ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အကြီးအကဲများနှင့်ဇနီး မိသားစုဝင်များ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီး မိသားစုဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးမိသားစုများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးမိသားစုဝင်များ၊ ရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဧည့်ခံပွဲသို့မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မန္တလေးသိန်းဇော်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်တေးသီဆိုပေးပါသော အကယ်ဒမီဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများအား ဖျော်ဖြေပေးပါသော အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဦးသန်းမြတ်စိုးနှင့် စိုးတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မပိုးဇော်ဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မအိမ့်မှူးဟန်ကျော်နှင့် မနှင်းသီရိဇော်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကျော်တေဇနှင့် ဗိုလ်ဟိန်းဝင်းအောင်၊ မင်္ဂလာသတို့သမီးအရံ မနန်းအိမ်နှင့် ဒေါက်တာပြည့်မွန်ဝင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှပြင်ဆင်ပေးပါသော ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၊ ဓာတ်ပုံဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Pre-wedding ဓာတ်ပုံဗီဒီယို 7 Picture အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော GREAT DIAMOND (Gems & Jewellery) စိန်ရတနာဆိုင်၊ ပန်းအလှပြင်ဆင်ပေးပါသော ကိုခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ တည်ခင်းဧည့်ခံပေးသော Kandawgyi Palace Hotel မှ မန်နေဂျာ ဦးစိန်ဝင်းနှင့်ဝန်ထမ်းများ၊ ဇေယျာသီရိဗိမာန် တာဝန်ခံအရာရှိနှင့်ဝန်ထမ်းများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိများနှင့်ဇနီးများ၊ အရာရှိစစ်သည်မိသားစုများနှင့် မြဝတီဘဏ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်တိုးဇော်ဦး-မဖြူဖြူခိုင်**

## ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လေ့ကျင့်ခန်းစာအုပ်အရည်အသွေး**

| | |
|---|---|
| (က)စာအုပ်အရွယ်အစား | ၆.၂၅×၈.၂၅ လက်မ |
| (ခ)လိုင်းအရေအတွက် | ၂၂လိုင်း(အနည်းဆုံး) |
| (ဂ)အဖုံးစက္ကူ | ၁၈၀ gsm Duplex Board (Color) |
| (ဃ)အတွင်းစက္ကူ | ၆၀ gsm indo 1K Woodfree |
| (င)စာမျက်နှာ | ၈၀ Pages |

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး- ဖုန်း-၀၅၇-၂၅၈၁၅၊ ၀၅၇-၂၇၃၀၃
(ခ) မွန်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး- ဖုန်း-၀၅၇-၂၇၁၄၉

# စင်ကာပူဆီးဂိမ်းတွင် ရွှေတံဆိပ် ၅၀ မျှော်မှန်းပြင်ဆင်နေသည့် မြန်မာအားကစားအဖွဲ့

မင်းခေါင်

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူသမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အမှန်တွင် စင်ကာပူနိုင်ငံမှာ ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပ ရန် အလှည့်ကျခဲ့သော်လည်း ၎င်းတို့၏ အမျိုးသားအားကစားကွင်းသစ်ကြီး တည်ဆောက်မှုမပြီးစီးသေးသည်ကိုအကြောင်းပြကာ ငြင်းပယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တောင်းဆိုခဲ့သည်။ အခြားအကြောင်းရင်းတစ်ရပ်မှာ ၂၀၁၅ ခုနှစ်သည် စင်ကာပူကို မလေးရှားနိုင်ငံမှ ခွဲထွက်ကာ သီးခြားလွတ်လပ်သည့် သမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့သော အနှစ်(၅၀) ပြည့်မြောက်သည့်ကာလနှင့် တိုက်ဆိုင်သဖြင့် ရွှေရတုအထိမ်းအမှတ်အဖြစ် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ အိမ်ရှင်စင်ကာပူနိုင်ငံအနေဖြင့် ၎င်းတို့အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်များကို ရနိုင်သမျှရယူပြီး ပြိုင်ပွဲတွင် ဗိုလ်စွဲအောင်ပွဲခံရန် ကြိုးပမ်းမည်မှာ သေချာသည်။

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၃၆ မျိုးကို ပြိုင်ပွဲပေါင်း ၄၀၂ ပွဲကျင်းပကာ ရွှေတံဆိပ်ဆုပေါင်း ၄၀၂ ဆု ချီးမြှင့်မည်ဖြစ်သည်။ အထူးသဖြင့် အိမ်ရှင်နိုင်ငံအခွင့်အလမ်းသာသည့် အားကစားနည်းများဖြစ်သော ရေကူး၊ ပြေးခုန်ပစ်၊ ကနူး/ကယက်၊ ကျွမ်းဘား၊ ပန်ကြပ်ဆီလတ်၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ရွက်လှေ၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားနည်းများတွင် ရွှေတံဆိပ်ဆုပေါင်း ၂၁၃ ခုအထိ ချီးမြှင့်မည်ဖြစ်ပြီး အခြားအားကစားနည်းများဖြစ်သည့် မြားပစ် ၁၀၊ ဘိလိယက်နှင့်စနူကာ ၁၀ ၊ ဘိုးလင်း ၁၀ ၊ ဓားခုတ် ၁၂၊ ဂျူဒို ၁၂၊ ပီတန်း ၁၀ ၊ သေနတ်ပစ် ၁၂၊ ဝါးတားစကီး ၂၁ ဖြင့် ရွှေတံဆိပ်ပေါင်း (၈၇) ခုချီးမြှင့်ဦးမည်ဖြစ်ရာ ထိုအားကစားပြိုင်ပွဲများမှ အိမ်ရှင်စင်ကာပူအနေဖြင့် ဆုတံဆိပ်အများစုကို ရယူဖို့စနစ်တကျပြင်ဆင်လေ့ကျင့်နေခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံတည်ထောင်သည့် နှစ်(၅၀)ပြည့်ကာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများကို နောက်ဆုံးအကြိမ် အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ၁၉၉၆ ခုနှစ်ကရရှိခဲ့သည့် ရွှေတံဆိပ်ဆု ၅၀ ထက် နှစ်ဆတိုးရရှိအောင် စွမ်းဆောင်မည်ဖြစ်ရာ စင်ကာပူ၏ ရည်မှန်းဆုတံဆိပ်မှာ ၁၀၀ နီးပါးရမည်ဟု မျှော်မှန်းထားကြသည်။

**အိမ်ရှင်တစ်ရာ၊ မြန်မာငါးဆယ်**

အိမ်ရှင်စင်ကာပူက နိုင်ငံထူထောင်သည့် နှစ်(၅၀)ပြည့် ရွှေရတုကာလတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပရင်း ရွှေတံဆိပ်ဆုများ ၁၀၀ နီးပါးရရှိရန် မျှော်မှန်းပြင်ဆင်နေစဉ်တွင် မြန်မာနိုင်ငံကလည်း အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့စဉ်က ရွှေတံဆိပ် ၈၅ ခုအထိရရှိပြီး နိုင်ငံအလိုက်တန်းစီရာတွင် ဒုတိယချိတ်ခဲ့သဖြင့် ထိုအောင်မြင်မှုအဆင့်ထက် သိသိသာသာလျော့ကျသွားခြင်းမျိုးမဖြစ်ရအောင် ကြိုးစားစွမ်းဆောင်ကြရန် လိုအပ်လှပေသည်။

စင်ကာပူဆီးဂိမ်းတွင် အားကစားနည်း ၃၆ မျိုးအနက် မြန်မာနိုင်ငံအားကစားအဖွဲ့က အားကစားနည်း ၃၁ မျိုးတွင် အားကစားသမားပေါင်း ၄၀၂ ဦး စေလွှတ်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ပါဝင်ယှဉ်ပြိုင်မှုမပြုသည့် အားကစားနည်းများမှာ ဝါတာပိုလို-ဆိုင်ခရိုနိုက်စ် (ရေကူးယိမ်း)၊ ဖလိုးဘော (Floorball)၊ ပန်ကြပ်ဆီလတ်၊ ရပ်ဂ်ဘီ (Rugby)၊ ဆော့ဖ်ဘော၊ ဝါးတားစကီ (Waterski) တို့ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်မည့်အားကစားနည်းများအနက် မြားပစ်အားကစားနည်းမှ ရွှေတံဆိပ်သုံးခု၊ ပြေးခုန်ပစ်မှ ရွှေနှစ်ခု၊ ဘိလိယက်နှင့်စနူကာမှ ရွှေ သုံးခု၊ လက်ဝှေ့မှ ရွှေ နှစ်ခု၊ ကျွမ်းဘားမှ ရွှေ တစ်ခု၊ ပီတန်းမှရွှေတစ်ခု၊ ဘောလုံးမှ ရွှေတစ်ခု၊ ဂျူဒိုမှရွှေလေးခု၊ အပြည်ပြည် ဆိုင်ရာလှေမှ ရွှေသုံးခု၊ ပိုက်ကျော်ခြင်းမှ ရွှေနှစ်ခု၊ ခြင်းလုံးမှ ရွှေ နှစ်ခု၊ သေနတ်ပစ်မှ ရွှေ နှစ်ခု၊ ရွက်လှေမှ ရွှေ တစ်ခု၊ တိုက်ကွမ်ဒိုမှ ရွှေ နှစ်ခု၊ ရိုးရာလှေမှ ရွှေရှစ်ခု၊ ကနူး/ကယက်မှ ရွှေ ခြောက်ခု၊ ဂေါက်သီးမှ ရွှေ တစ်ခု၊ ဓားခုတ်မှ ရွှေတစ်ခုနှင့် ဝူရှူးအားကစားမှ ရွှေတံဆိပ်ငါးခုဖြင့် စုစုပေါင်း ရွှေတံဆိပ် ၅၀ ရရှိအောင် ကြိုးစား စွမ်းဆောင်သွားရန် ပြင်ဆင်နေခြင်းလည်းဖြစ်သည်။

**ဒုတိယသမ္မတ၏ အဆိုအမိန့်**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ် ၅၀ ရရှိအောင် ရည်မှန်း ကြိုးပမ်းနေသည်။



ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာလှေလှော်အဖွဲ့ လေ့ကျင့်မှုများပြုလုပ်နေစဉ်။ (ဓာတ်ပုံ-ဖိုးသော်ဇင်)

နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းက မတ် ၂၁ ရက်က သုဝဏ္ဏမြို့သစ်ရှိ အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) ပတ္တမြားခန်းမတွင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများအားတွေ့ဆုံကာ စင်ကာပူဆီးဂိမ်းပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင် အောင်နိုင်ရေးအတွက် လမ်းညွှန်ရင်း လိုအပ်သည်များကို ဖြေရှင်းစီမံပေးရာတွင် အားကစားအဖွဲ့ချုပ်များသည် နိုင်ငံနှင့်လူမျိုး၏ပုံရိပ်လွှာနှင့် ဂုဏ်သိက္ခာကို ကြိုးစားမြှင့်တင်ပေးနေကြသည့် အားကစားနှင့်သက်ဆိုင်သည့် Stakeholder များဖြစ်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်တိုးတက်စေရေးအတွက် ငွေကြေးနှင့်အချိန်တို့ကို ရင်းနှီးပေးဆပ်ကာ မျိုးချစ်စိတ်ဖြင့် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်က ယုံကြည်ကိုးစားအားထားသည့်အတွက် တာဝန်များကို ယုံကြည်စွာအပ်နှံထားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စေရန် နိုင်ငံတော်နှင့်အားကစားဝန်ကြီးဌာနတို့က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်မည်မျှရရန် ရည်မှန်းထားသည်၊ ထိုရည်မှန်းထားချက်ပြည့်ဝအောင် မည်သို့ဆောင်ရွက်မည်၊ အောင်မြင်ရန်လည်း အပြင်းအထန်ကြိုးစားထားမည်ဟူသော ယုံကြည်မှု၊ စိတ်အားထက်သန်၊ ဇွဲမာန်ရှိမှုတို့ကအရေးကြီးပြီး ထိုရည်မှန်းချက်ပေါက်မြောက်အောင် စွမ်းဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်နိုင်မှုများကလည်း အဓိကကျကြောင်း မိန့်ကြားခဲ့သည်။

ထိုသို့ စနစ်တကျကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် အားကစားနှင့် ပတ်သက်ဆက်နွှယ်သည့် နိုင်ငံတော်၊ ဝန်ကြီးဌာန၊ အားကစားအဖွဲ့ချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အသီးသီးအကြား ပူးပေါင်းအသိအမြင်ဖလှယ်မှု (Co-Knowing)၊ ပူးပေါင်းတွေးခေါ်ကြံဆမှု (Co-Thinking) နှင့်ပူးပေါင်းဆောင်ရွက်နိုင်မှု (Co-Operation) တို့ကို လုပ်ကိုင်ကြမည်ဆိုပါက မြန်မာ့အားကစားအဖွဲ့အနေဖြင့် ထိုက်တန်သည့် အဆင့်နေရာတစ်ခုတွင် ရပ်တည်နိုင်မည်ဟု ယုံကြည်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ဒုတိယသမ္မတညွှန်ပြသကဲ့သို့ ပူးပေါင်းအသိအမြင်ဖလှယ်မှု၊ ပူးပေါင်းတွေးခေါ်ကြံဆမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ညှိနှိုင်းပြင်ဆင်ခဲ့ရာ မြန်မာနိုင်ငံ အားကစားနည်း ၃၁ မျိုးကို ပါဝင်ယှဉ်ပြိုင်ရာတွင် နိုင်ငံတော်မှ စရိတ်ကျခံမည့် အားကစားနည်း ၁၈ မျိုး၊ နိုင်ငံတော်မှ အချိုးကျ စရိတ်ကျခံမည့် အားကစားနည်း ကိုးမျိုးနှင့် အဖွဲ့ချုပ်မှစရိတ်ကျခံမည့် အားကစားနည်းလေးမျိုးတို့ ပါဝင်မည်ဖြစ်သည်။ ထိုသို့ စီစဉ်ဆောင်ရွက်ရသည်မှာ ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိမည့် အဆင့်မီအားကစားသမားများရရှိရေး အထူးကြိုးစားနေရခြင်း၊ အချို့သောအားကစားနည်းများမှာ ဆုတံဆိပ်တစ်ခုခု ရရှိနိုင်သော်လည်း အတိအကျမမှန်းဆနိုင်ဘဲ နိုင်ငံတကာပြိုင်ပွဲဆင်နွှဲရမည့် အတွေ့အကြုံပြည့်စုံရေး ဦးတည်ရသော အားကစားနည်းများဖြစ်နေပြီး အချို့သောအားကစားနည်းများမှာ မြန်မာနိုင်ငံတွင် ယခုမှသာ အဖွဲ့ချုပ်များ စတင်ဖွဲ့စည်းထားရပြီး ကနဦးကြိုးစားရမည့် အားကစားနည်းများဖြစ်နေခြင်း၊ အချို့သော အားကစားနည်းများမှာ အိမ်ရှင်နိုင်ငံ၏ ညှိနှိုင်းမှုအရ အပြန်အလှန်အကျိုးပြုနိုင်မည့် အားကစားနည်းများလည်း ပါရှိနေသည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့က မျှော်မှန်းထားသည့် ရွှေတံဆိပ် ၅၀ ရည်မှန်းချက်များပြည့်ဝအောင် အထူးကြိုးစားဆောင်ရွက်ပါမှ တန်ကာကျနိုင်မည်ဖြစ်ပြီး မျှော်မှန်းသည့်အတိုင်း မတက်လှမ်းနိုင်ပါက ရွှေတံဆိပ် ၂၅ နှင့် ၃၀ ဆိုလျှင်ပင် ကျေနပ်ရမည့် ပမာဏဟုယူဆရပါသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ဘောလုံး၊ ရိုးရာလှေ၊ ကနူး၊ကယက်၊ ဝူရှူး၊ မြားပစ်၊ ဂျူဒို၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ကျွမ်းဘား၊ ပီတန်း၊ ခြင်းလုံး၊ ဂေါက်သီး၊ ဓားခုတ်၊ သေနတ်ပစ်၊ သုံးမျိုးစုံ (Triathlon)၊ ဘိလိယက်နှင့်စနူကာ စသည့် အားကစားနည်းတို့မှ ရွှေတံဆိပ် ၅၀ ရရှိရေးမျှော်မှန်းထားသည်ဖြစ်ရာ မျှော်မှန်းသမျှအားလုံးရနိုင်ဖို့မှာ အလားအလာလျော့ပါးနိုင်သော်လည်း သင့်လျော် ထိုက်တန်သည့် အဆင့်အတန်းတစ်ခု ပြန်လည်ရရှိ ရပ်တည်နိုင်ရေး ကြိုးစားကြရမည်ဖြစ်သည်။

အထူးသဖြင့်ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုများစွာရရှိခဲ့သည့် ဒေသတွင်း ရိုးရာအားကစားနည်းအတော်များများကို အိမ်ရှင်စင်ကာပူနိုင်ငံက လျှော့ချပစ်ခဲ့ပြီး ၎င်းတို့အားသာမှုများသည့် အားကစားနည်းများကို ဦးစားပေးခဲ့သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အိုလံပစ်အားကစားနည်းများကို အလေးထားဦးစားပေးမှု လျော့ပါးလာခြင်းမှ ကာကွယ်ဟန့်တားရန်ဟု ၎င်းတို့က အကြောင်းပြခဲ့သဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် အကြောက်အကန် ငြင်းဆန်ရန်မသင့်လျော်သောကြောင့် လိုက်လျောခဲ့ရသည်ဖြစ်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့အနေဖြင့် ထိုက်တန်သင့်လျော်သည့် အဆင့်တစ်ရပ်တွင်ရပ်တည်နိုင်ရေးကို ဦးစားပေးကြိုးစားအားထုတ်သွားကြရမည်သာဖြစ်သည်။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပတော့မည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားသမားများ အောင်မြင်မှုရရှိစေရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအားပေးကြရန် လိုအပ်လှပါကြောင်း။

# ကျေးလက်ဒေသပညာရေးအထောက်အကူပြု ကျောင်းဆောင်သစ်များဖွင့်ပွဲကျင်းပ

**ကလေး မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အူဒူကျေးရွာ အခြေခံပညာမူလတန်းကျောင်း ရွှေမြစ်သာကျောင်းဆောင်သစ်နှင့် ရေလဲဦးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြဝတီကျောင်းဆောင်သစ်ဖွင့်ပွဲများကို မေ ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ်များ၏ မုခ်ဦးအား ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ကလေးခရိုင်စု ပညာရေးမှူး ဦးအောင်ဌေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အူဒူကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ရွှေမြစ်သာကျောင်းဆောင်သစ်နှင့် ရေလဲဦးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြဝတီကျောင်းဆောင်သစ်များသည် အလျား ပေ ၈၀၊ အကျယ် ပေ ၃၀ ရှိ အာရ်စီတစ်ထပ်ဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း ခေါင်းစဉ်အောက် ရန်ပုံငွေမှ ငွေကျပ် ၄၃၂ သိန်းစီ အကုန်အကျခံလျက် မိုးမြင့်အာကာကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**



# မြစိမ်းရောင်စီမံကိန်း တိုးချဲ့

**စလင်း မေ ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာအဖြစ် ကျေးရွာ ၃၀ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထပ်မံ၍ တည်ဘိုကန်ကျေးရွာနှင့် နွယ်တမယ်တို့အား ဧပြီ ၂၉ ရက်က တိုးချဲ့ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းထွဋ်နှင့် ရုံးဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **စစ်ကြည်(စလင်း)**



# မြစ်သာမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် ရေလွှဲတူးမြောင်းဖောက်လုပ်

**ကလေး မေ ၆**

ကလေးမြို့နယ် နတ်မြောင်းကျေးရွာအုပ်စု နတ်နန်းကျေးရွာသည် ယခင်မိုးတွင်းကာလ မြစ်သာမြစ်ရေတိုက်စားမှုကြောင့် ကျေးရွာအနီးကမ်းပါးများ ပြိုကျပျက်စီးသွားသဖြင့် နတ်နန်းကျေးရွာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် အရှည်ပေ ၃၈၀၀၊ အကျယ်ပေ ၃၀၊ အနက်ပေ ၂၀ ရှိ ရေလွှဲတူးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်မှုဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ် ၇၀ သိန်းအကုန်ကျခံ ဆောက်လုပ်ခြင်းဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများနှင့်အတူ မေ ၃ ရက်တွင် လက်တွေ့ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

နတ်နန်းကျေးရွာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ယင်းမြစ်သာမြစ်ရေလွှဲ တူးမြောင်းဖောက်လုပ်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ အလွန်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

**ဂျူနိုင်း**

# မူလတန်းဆရာအတတ်ပညာအထူးသင်တန်းဖွင့်

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့တွင် မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်ပညာအထူးသင်တန်းကို မေ ၄ ရက် နံနက် ၇ နာရီခွဲက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း သရဖူခန်းမဆောင်၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအုန်းမြင့်က သင်တန်း၏ ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

**ကွမ်းလုံ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်ပညာသင်တန်းဖွင့်ပွဲကို မေ ၄ ရက်က အထကကျောင်း သံလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းလုံမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ငွေအေးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမ ၁၂၉ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၄ ရက်မှ ဇွန် ၈ ရက်ထိ ဖွင့်လှစ်မည်ဖြစ် ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ပေါင်**

မွန်ပြည်နယ်ပေါင်မြို့နယ် မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာအထူး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက်နံနက် ၉ နာရီက ပေါင်မြို့ အထက ရွှေရတုခန်းမ၌ ကျင်းပရာ သထုံခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မာနှင့် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လန်းနှင့် မြို့နယ်အတွင်းရှိ မူလတန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ သင်တန်းတတ်ရောက်မည့် မူလတန်းပြဆရာ ဆရာမ ၇၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို သင်တန်းနည်းပြဆရာ၊ ဆရာမ ၁၃ ဦးတို့က မေ ၄ မှ ဇွန် ၆ ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**စိုးစိုးအေး**

**သီပေါ**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် နေ့စားလပေးဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြညီလာခံခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူးဒေါ်ခင်မမလတ်က မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းကို မေ ၄ ရက်မှ ဇွန် ၈ ရက်ထိ တစ်လကြာမြင့်မည်ဖြစ်သည်။

**စိုင်း(သီပေါ)**



# မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးနိုင်ရေး အလှူငွေပေးအပ်ပွဲကျင်းပ

**မော်လိုက် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို မေ ၄ ရက် နံနက်၉ နာရီက မော်လိုက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနား၌ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်းက မော်လိုက်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအခမဲ့ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် အလှူငွေကျပ် ၃၁ သိန်းကိုလည်းကောင်း၊ သက်ကြီး ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေး ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းနှင့် တိုင်းရင်းဆေးဝါးအထုပ် ၈၀ အားလည်းကောင်း လှူဒါန်းရာတာဝန်ရှိသူများမှ လက်ခံယူကြောင်း သိရသည်။

**ကျော်ပွား (မော်လိုက်)**

# တောင်ငူတွင် နွေစပါးပုလဲသွယ်ဧက ၂၀၀ စံပြကွက် စံကွက်ရိတ်သိမ်းပွဲကျင်းပ

**တောင်ငူ မေ ၆**

တောင်ငူခရိုင် တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ဧက ၂၀၀ ပုလဲသွယ်စံ ပြကွက်အတွင်းရှိ ကွင်းအမှတ် (၅၆၁ -က)၊ ဦးပိုင်(၂၀)၌ တောင်သူဦးကျော်စိုး၏ သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) ဖြင့် စိုက်ပျိုးထားသောနွေစပါးပုလဲသွယ် ၁၀ ဧက စံပြကွက်အား စံကွက်ရိတ်သိမ်းခြင်းကို မေ ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်၊ ခရိုင်/မြို့နယ်အဆင့် စိုက်ညှိအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ပုလဲသွယ်စပါးစိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်းများစွာ တိုးတက်မြင့်မားလာပြီး လူတစ်ဦးချင်းဝင်ငွေနှစ်ဆမှ သုံးဆအထိ တိုးတက်လာမည်ဖြစ်ကြောင်း၊ ရေရှည်တွင် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးမှုကို တစ်ရှိန်ထိုး တိုးတက်စိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက ယခုအချိန်တွင် ပုလဲသွယ်စပါးများ ဈေးကွက်ဝင်လာ၍ ဈေးကောင်းများရရှိနေပြီး ဒေသစပါးမျိုးများထက် ဈေးပိုမိုရနေကြောင်း၊ တစ်ဧကချင်းနှိုင်းယှဉ်ပါက ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးသော စပါးခင်းမှာ ရိုးရိုးအထွက်ကောင်းမျိုး စိုက်ပျိုးသော စပါးခင်းထက် ဝင်ငွေသုံးဆအထိ တိုးတက်ရရှိပါကြောင်း၊ ထို့ကြောင့် ပုလဲသွယ်စပါး မျိုးများအား အရှိန်အဟုန်မြင့် တိုးချဲ့စိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ လာမည့်နှစ် မိုးစပါးရာသီတွင် ကျေးရွာ အုပ်စုပြတ်ရေတော် မိုးတော်စိုက်ဧကအားလုံးအား ပုလဲသွယ်စပါးမျိုးများစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စံကွက်ရိတ်သိမ်းမှုအခြေအနေများအား ရှင်းလင်းပြောကြားသွားသည်။

စံကွက်ရိတ်သိမ်းရာတွင် ၁၀ ဧက ပျမ်းမျှအထွက်နှုန်းများအနေဖြင့် အစိုတင်း ၂၅၃ ဒသမ ၅၅ တင်းနှင့် အခြောက်တင်း ၂၃၃ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မတ်ပဲဈေးနှုန်းများဒိုင်ဖွင့်ရက်အတွင်း မြင့်တက်လာ၊ ငါးနှစ်အတွင်းအမြင့်ဆုံးဈေးအဖြစ်ရောက်ရှိ

**ရန်ကုန် မေ ၆**

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ၂၀၁၅ မေ ၄ ရက် မတ်ပဲ FAQ/RC (၂၀၁၅)တစ်တန်လျှင် ၁၂၆၄၀၀၀ ကျပ်နှုန်း၊ SQ/RC တစ်တန် ၁၃၂၀၀၀၀ ကျပ်နှုန်း၊ ပြည်ပပို့ FOB ဈေးနှုန်း မတ်ပဲ FAQ (၂၀၁၅) တစ်တန် ၁၁၆၀-၁၁၉၀ ဒေါ်လာ၊ SQ တစ်တန် ၁၂၂၀-၁၂၅၀ ဒေါ်လာနှုန်းဖြင့် ဈေးနှုန်းမြင့်တက် အရောင်းအဝယ်ဖြစ်သည်ဟု ကုန်စည်ဒိုင်နေ့စဉ်ဈေးနှုန်းစာရင်းမှ သိရသည်။

ဧပြီ ၂၉ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ငွေကျပ် ၁၂၀၈၀၀၀ နှုန်း၊ SQ/RC တစ်တန် ၁၂၆၃၀၀၀ ကျပ်နှုန်းရှိရာ ၂၀၁၀ ဧပြီလကုန်မှ ၂၀၁၅ ဧပြီလ ၂၈ရက်အထိ အမြင့်ဆုံးဈေးနှုန်းအဖြစ်ရှိခဲ့သော ၂၀၁၀ ဧပြီလကုန် မတ်ပဲ FAQ/RC တစ်တန် ဈေးနှုန်း ၁၁၉၁၀၀၀ ကျပ်နှုန်း ထက်ကျော်လွန်၍ စံချိန်သစ်တင်လာသည်။ SQ/RC တစ်တန် ၂၀၁၅ ဧပြီလကုန်ဈေးနှုန်း ၁၂၉၅၀၀၀ ကျပ်နှုန်းကိုမူ ၂၀၁၅ ဧပြီ ၂၉ ရက်တွင် စံချိန်သစ်တင်နိုင်ခြင်းမရှိသေးပေ။

သို့သော် ၂၀၁၅ ဧပြီ ၃၀ ရက် ကုန်စည်ဒိုင်ဖွင့်ရက်အပြီး ကုန်စည်ဒိုင်သုံးရက်ဆက်တိုက် ပိတ်ရက်အလွန် မေ ၄ ရက်တွင် မတ်ပဲ FAQ/RC နှင့် SQ/RC ဈေးနှုန်းအသစ်အဖြစ် ၂၀၁၀မှယနေ့အထိငါးနှစ်တာ ကာလအတွင်း စံချိန်သစ်တင်ခဲ့သည်ဟု ပဲအရောင်း အဝယ်ပြုလုပ်သူ ဦးကူးမားက ပြောသည်။

သကြ်န်အလွန် ကုန်စည်ဒိုင်ဖွင့်ရက်တွင် ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ ဖွင့်ရက် ၅ ရက်တွင် မတ်ပဲ FAQ/RC ကုန်သေတ္တာအလုံးပေါင်း ၅၉၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဧပြီ ၂၂ ရက်မှ မေ ၄ ရက်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၉ ရက်တွင် မတ်ပဲ FAQ/RC ကုန်သေတ္တာ အလုံးရေ ၈၈၅ လုံး၊ SQ/RC ၅၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု နေ့စဉ်ကုန်စည်ဒိုင်ဈေးနှုန်းများတွင် ဖော်ပြသော အရောင်းအဝယ်ဖြစ်သည့် အရေအတွက် ဖော်ပြချက်များအရ သိရသည်။

ယခုနှစ် မတ်ပဲဈေးနှုန်းများ မြင့်တက်ပြီး ငါးနှစ်တာကာလတွင် အမြင့်ဆုံးဈေးနှုန်းအဖြစ် စံချိန်သစ်တင်နိုင်သဖြင့် မတ်ပဲအရောင်းအဝယ်လောကတွင် ပဲလက်ဝယ်ရှိသူများ အကျိုးအမြတ်များစွာ ရရှိလာသည်။ ပြည်တွင်း မတ်ပဲစိုက်ပျိုးသူများ အထွက်နှုန်းကျဆင်းမှုရှိ၍ မြင့်တက်လာသော ပဲဈေးနှုန်းကြောင့် ပဲအရောင်းအဝယ် လုပ်ကိုင်သူများကဲ့သို့ အကျိုးအမြတ်များပြားစွာ မရရှိသော်လည်း အရှုံးမရှိကြပါဟု ကျောင်းကုန်းဒေသမှ မတ်ပဲစိုက်ပျိုးသူတစ်ဦးက ပြောသည်။

၂၀၁၅ သင်္ကြန်မတိုင်မီ ဧပြီ ၁၀ ရက် မတ်ပဲဈေးနှုန်းများထက် ဖွင့်ရက် ၉ ရက်အတွင်း မတ်ပဲ FAQ နှင့် SQ တစ်တန်လျှင် ငွေကျပ် ၂၃၀၀၀၀ကျော်၊ ပြည်ပပို့ FOB မတ်ပဲဈေးနှုန်းတစ်တန် ဒေါ်လာ ၂၀၀ စီအသီးသီး ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ရာ ပြည်တွင်း မတ်ပဲ အရောင်းအဝယ်လောကတွင် တွေ့ကြုံရခဲ့သည့် ထူးခြားသော ဈေးနှုန်းအပြောင်းအလဲဖြစ်သည်ဟု ပဲရောင်းဝယ်သူများက သုံးသပ်ပြောကြားသည်။

**ခင်ဆိုင်**

# မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်ဖြစ်သည့်သစ်ခွပင်များကို မျိုးသုဉ်းမှုအန္တရာယ်မှကာကွယ်ရန် ပြည်သူများပူးပေါင်းပါဝင်ရန်လိုအပ်

**သတင်းဆောင်းပါး-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ချစ်သမီး**

**နေပြည်တော် မတ် ၆**

မြန်မာနိုင်ငံတွင် မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် သစ်ခွများကို မျိုးသုဉ်းမှုအန္တရာယ်မှကာကွယ်ရန် ပြည်သူများကလည်း သက်ဆိုင်ရာများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။

ယခုအခါ သက်ဆိုင်ရာ မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များကို တရားမဝင်ရောင်းချမှုများကို တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်နေသကဲ့သို့ တရားမဝင် မွေးမြူထုတ်လုပ်ရောင်းချနိုင်ရန်လည်း ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

တရားဝင်မွေးမြူထုတ်လုပ်ခြင်းဆိုသည်မှာ သစ်တောဌာန၌ မိမိတို့စိုက်ပျိုးလိုသည့် အပင်နှင့်တိရစ္ဆာန်များကို မှတ်ပုံတင်ပြီး ၄င်းမျိုးစိတ်များ၏ မူလမျိုးကို မျိုးပွားခြင်း၊ ခြံနှင့်တကွ မွေးမြူခြင်းများပြုလုပ်ပြီး နောက်ထပ်ထွက်ပေါ်လာမည့် အကျိုးဆက်ကို ဆက်လက်ထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။ တရားဝင်မွေးမြူထုတ်လုပ်သည့် ဇီဝမျိုးစိတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချမည်ဆိုပါကလည်း ဌာနမှ CITES ပါမစ်ထုတ်ပေးပြီး တရားဝင် တင်ပို့ရောင်းချခွင့်ရှိမည်ဖြစ်သည်။ တရားဝင်တင်ပို့ရောင်းချရသည့်အတွက် ဈေးကွက်တွင်လည်း ဈေးကောင်းကောင်းရရှိနိုင်မည် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ သစ်ခွသည် မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ် စာရင်းတွင် ပါဝင်နေသည်။ တောထဲရှိ သစ်ခွပင်များကို ပြည်သူအချို့မှ တရားမဝင်နည်းလမ်းများဖြင့် ပြည်ပသို့ထုတ်ယူရောင်းချနေမှုများကို တွေ့ရှိနေရသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် မိမိနိုင်ငံမှ ရှားပါးမျိုးစိတ်များသည် မျိုးသုဉ်းပြီး ပျောက်ကွယ်သွားနိုင်သည်။ မိမိတို့နိုင်ငံမှ ရှားပါးမျိုးစိတ်များ ပျောက်ကွယ်မသွားရန် ထိန်းသိမ်းရေးတွင် ပြည်သူများမှာလည်း တာဝန်ရှိသည်။ ထိုသို့ပြည်သူများ လိုက်နာဆောင်ရွက်ရန်မှာလည်း ပြည်သူများကို သက်ဆိုင်ရာဌာနများမှ ပညာပေးဟောပြောပွဲများ၊ စည်းရုံးလှုံ့ဆော်မှုများပြုလုပ်ပေးရန် လိုအပ်သည်။



**Vanda Pat Delight မျိုးစပ်ထားသည့် သစ်ခွကို ခြံနှင့်စနစ်တကျ စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။**

"မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်ဖြစ်တဲ့ သစ်ခွကို တရားဝင်ရောင်းချခွင့်ပေးထားပါတယ်။ တရားဝင်ရောင်းချခွင့်နဲ့ ပြည်ပတင်ပို့ရဖို့ဆိုရင် စိုက်ပျိုးထားတဲ့ သစ်ခွကို သစ်တောဌာနမှာ မှတ်ပုံတင်ရပါမယ်။ မှတ်ပုံတင်တဲ့စိုက်ခင်းတွေကို ဌာနမှ CITES ပါမစ်ထုတ်ပေးပါတယ်၊ ဒါမှတရားဝင် တင်ပို့ခွင့်ပေးပါတယ်။ သစ်ခွကိုစိုက်မယ်ဆိုရင် ခြံနှင့်တကွစနစ်တကျစိုက်ပျိုးရပါမယ်။ မူလမျိုးစိတ်မှ နောက်ထပ်ထွက်ပေါ်လာတဲ့ အကျိုးဆက်ကို ထုတ်လုပ် ရောင်းချတဲ့အတွက် မျိုးသုဉ်းမှုအန္တရာယ်ကိုလည်း ကာကွယ်ရာရောက်တယ်။ တရားဝင်တင်ပို့ရောင်းချတဲ့အတွက် ဈေးကောင်းလည်းရမယ်။ တရားမဝင်ပြုလုပ်မယ်ဆိုရင် ကုန်ကျစရိတ်တွေများမယ်။ သက်ဆိုင်ရာမှလည်း တရားမဝင်မှုဖမ်းဆီးအရေးယူခြင်းကိုခံရမယ်။ အခုနောက်ပိုင်းသစ်ခွကို ဆေးဘက်ပိုင်းဆိုင်ရာမှာရော၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့နေရာမှာပါ အသုံးပြုလာတဲ့ အတွက် စိုက်ပျိုးသူတွေအနေနဲ့လည်း အဆင်ပြေပါတယ်။ ရှားပါးမျိုးစိတ်တွေ ကို ပြည်သူတွေအနေနဲ့ တရားဝင်နည်းလမ်းတွေနဲ့ မွေးမြူထုတ်လုပ်ရောင်းချမယ်ဆိုရင် မျိုးသုဉ်းမှုအန္တရာယ်ကကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါသစ်ခွကို ဆေးဖော်ခြင်း၊ ရေမွှေးထုတ်လုပ်ခြင်းနှင့် ဖျော်ရည်ထုတ်လုပ်ခြင်းများတွင် ပြုလုပ်လျက်ရှိပြီး ကိုရီးယား၊ တရုတ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချရကြောင်း သိရသည်။ ယခုအခါ ထိုင်းဘက်မှ သစ်ခွများကို မျိုးစပ်ခြင်းများပြုလုပ်၍ မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းရောင်းချလျက်ရှိသည်။ တရားမဝင်ကိစ္စများကိုဆောင်ရွက်ခြင်းသည် မိမိနိုင်ငံမှ သယံဇာတများဆုံးရှုံးသွားနိုင်သည်။ တရားဝင်နည်းလမ်းများဖြင့် မူလမျိုးများကိုယူ၍ မျိုးပွားခြင်း၊ ခြံနှင့်တကွစနစ်တကျစိုက်ပျိုးခြင်းများပြုလုပ်၍ တိုးပွားလာမည့် အကျိုးဆက်ပေါ်တွင် အကျိုးစီးပွားဆောင်ရွက်မည်ဆိုပါက သယံဇာတများ ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်မိမိနိုင်ငံမှ ရှားပါးမျိုးစိတ် သယံဇာတများ မပျောက်ပျက်အောင် ထိန်းသိမ်းရန်မှာ ပြည်သူများအားလုံး၏ တာဝန်ပင်ဖြစ်သည်။



## လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်ပေးအပ်လှူဒါန်း

**စဉ့်ကိုင် မေ ၆**

စဉ့်ကိုင်မြို့နယ်အတွင်း၌ ပရဟိတလူမှုကူညီရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ကြက်မျှားကျေးရွာ မိဘမေတ္တာပရဟိတလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲကို မေ ၄ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသင်း၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် တန်ဖိုးကျပ်သိန်းငါးဆယ်ကျော်ရှိ စူပါကာစတန်အမျိုးအစား လူနာတင်ယာဉ်ကို အလှူရှင်ဦးလှဒင်မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံးက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ဦးဇော်ဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင်များက လူနာတင်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးသက်လွင်က လက်ခံရယူခဲ့သည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

## သတင်းတို

### ဘက်စုံပညာထူးချွန်လူငယ်များ ပခုက္ကူမြို့၌လေ့လာ

မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်း ဦးဆောင်သော ဘက်စုံပညာထူးချွန်လူငယ် အဖွဲ့ဝင် ၁၇၆ ဦးပါအဖွဲ့သည် ကြီးကြပ်သူ ဆရာ ဆရာမများနှင့်အတူ မေ ၄ ရက်က ပခုက္ကူမြို့သို့ ရောက်ရှိလာပြီး ပခုက္ကူမြို့ရှိ သမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားနှင့် ရွှေမုဋ္ဌောဘုရား၊ရေစကြိုမြို့နယ်ရှိစည်သူရှင်သရက္ခန်ဘုရားများသို့သွားရောက်ဖူးမြော်လေ့လာခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မီးသတ်ဦးစီးဌာနပိုင် ရေသယ်ယာဉ်များဖြင့် ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေဖြန့်ဝေ

**မြင်းခြံ မေ ၆**

ရေရှားပါးမှုကြုံတွေ့နေရသော မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ညောင်ဝန်းကျေးရွာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သယ်ယူ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဝန်းကျေးရွာသည် ရေတွင်းတူးဖော်ရာတွင်ခက်ခဲခြင်း၊ ရေကန်များခန်းခြောက်ခြင်းတို့ကြောင့် သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ညောင်ဝန်းကျေးရွာ သောက်သုံးရေအခက်အခဲ အဆင်ပြေစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူရတို့ကြီးကြပ်၍ သောက်သုံးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

**ဟသ်ာတ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရဲတပ်ဖွဲ့မှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်းကို မေ ၄ ရက် နံနက် ၈ နာရီက အမှတ်(၁) ရဲစခန်း ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းနှင့် စခန်းမှူးများ၊ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းက လုံခြုံရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသိန်းနိုင်က မြို့နယ်အတွင်း မဲရုံတည်ရှိမှု၊ လူဦးရေနှင့် မဲအရေအတွက်များအား အသေးစိတ်ရှင်းလင်းပြသပြီး သင်တန်းတက်ရောက်သော စခန်းမှူးများ ဆောင်ရွက်ရမည့် အခြေအနေများကို တင်ပြခဲ့ကြောင်း သိရသည်။

**အေးထွန်း(ဟသ်ာတ)**




## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

**မန်စီ မေ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ ရဲဓမ္မာရုံ၌ မေ ၄ ရက် နံနက် ၈ နာရီက ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာယီရဲမှူးဇော်လွင်ဦးက မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးအသိ လုံခြုံရေးသတိရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေးကိစ္စများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိလိုသည့်မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်



# မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ

**တောင်ကြီး မေ ၆**

(၆၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကောင်းမွန်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန်၊ မီးဘေးသာမက သဘာဝဘေး အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် မိမိတို့၏ စွမ်းရည်များကို မြှင့်တင်ထားကြရန်၊ ပြည်သူ့အကျိုးစီးပွားကို အကာအကွယ်ပေးရန်၊ စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက်ကြရန်တို့ကို အမှာစကားပြောကြားခဲ့သည်။

ထို့နောက် လဲချားမြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ (၇၇)ကြိမ်မြောက် သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်တစ်ဦးကိုလည်းကောင်း၊ ကွပ်ကဲမှုစာတမ်းဟောပြောမှု၊ အဆင့်မြင့်အရာရှိသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း၊ အခြေခံယာဉ်မောင်းသင်တန်း၊ Fire Safety Manager သင်တန်း၊ မီးသတ်တပ်ဖွဲ့ဝင်ကျင့်ဝတ်ဖြေဆိုပြိုင်ပွဲ စသည့် သင်တန်းနှင့် ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသော မီးသတ်တပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ မီးသတ်စခန်းသာယာလှပရေးဆုရရှိသည့် မြို့နယ်မီးသတ်တပ်ဖွဲ့များကို လည်းကောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသူများကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့အတွက် အလှူငွေနှင့် မြေနေရာလှူဒါန်းသော အလှူရှင်များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မီးသတ်စွမ်းရည်သရုပ်ပြပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့ကာ မီးသတ်စွမ်းရည်သရုပ်ပြအဖွဲ့အား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးနှင့် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးအပ်သည်။

မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်မောင်မယ်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## မြိုင်မြို့နယ်တွင် ရေလျှံတွင်းရေဖြင့် စိုက်ပျိုးသော ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်း

**မြိုင် မေ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားဒေသဖြစ်သော်လည်း ဆည်ရေ၊ မြေအောက်ရေ၊ ရေလျှံတွင်းရေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို သုံးရာသီလုံး လုပ်ကိုင်နိုင်ကြောင်းနှင့် ယခုနှစ်ဆောင်းတွင်းက စိုက်ပျိုးထားသော မြေပဲအပါအဝင် ဆောင်းသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မြိုင်မြို့နယ် ပန်းစွာကျေးရွာမှ တောင်သူတစ်ဦးက ယခုနှစ်တွင် ဆောင်းသီးနှံအဖြစ်မြေပဲကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ ကုန်းမြင့်များတွင် စိုက်ပျိုးသောမြေပဲများက ပိုမိုအောင်မြင်ပြီး မြေနိမ့်များတွင် အစိုဓာတ်များသဖြင့် အထွက်လျော့နည်းကြောင်း၊ ယခုအခါ ဆောင်းသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးဖြစ်ရာ နွေစပါးကို စစိုက်နေကြပြီဖြစ်ကြောင်း ပြောသည်။

ပန်းစွာကျေးရွာမှ တောင်သူဦးအောင်မင်းကလည်း “ကျွန်တော်တို့ရွာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်တာ ခြောက်နှစ်လောက်ပဲ ရှိပါသေးတယ်။ အရင်က ထန်းလုပ်ငန်း လုပ်ပါတယ်။ ကျွန်တော်တို့ရွာက ကြံကြံဖန်ဖန်ကံကောင်းတယ် ပြောရမယ်။ ဟိုတုန်းက ဘာမှစိုက်မရတဲ့ ထန်းတောကြီးက သဘာဝ ရေလျှံတွင်းတွေ ပေါ်လာတယ်။ နိုင်ငံတော်ကလည်း လယ်မြေတွေ ဖော်ထုတ်ပေးတယ်။ ဒါကြောင့် တစ်နှစ်ကို သုံးသီးစိုက်ရပါတယ်”ဟု ပြောသည်။

မြိုင်မြို့နယ်သည် မိုးနည်းသည့်ဒေသဖြစ်သော်လည်း အသားတင် စိုက်ပျိုးမြေဧကမှာ ၁၆၆၀၆၄ ဧကရှိကြောင်း၊ အဆိုပါစိုက်ပျိုးမြေများတွင် ယခင်က စိုက်ပျိုးနိုင်ခြင်းမရှိဘဲ ယခုအခါတွင်မှ အစိုးရဆည်ရေ၊ မြေအောက်ရေ၊ ဆည်ငယ်ကန်ငယ်များမှရေနှင့် ရေလျှံတွင်းများမှရေဖြင့် စိုက်ပျိုးနိုင်လာခြင်းဖြစ်ကြောင်း သိရသည်။ **ဖေထွေးဇော်(ရေစကြို)**



# ပူပြင်းလှသော နွေရာသီအပူဒဏ်ကို အန်တုဖို့ဆိုလျှင်

မေလ ၄ ရက်အတွက် ထူးခြားသောအပူချိန်သည် ချောက်မြို့တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ဆိုသော မြဝတီရုပ်သံမှထုတ်လွှင့်သည့် မိုးလေဝသသတင်းကို ကြည့်ရှုလိုက်ရပါသည်။ ယခုနှစ်နွေရာသီတွင် အပူချိန်သည် ယခင်နှစ်များထက် ပိုမိုမြင့်တက်လာလျက်ရှိသည်။ နွေရာသီအပူချိန် မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးမှုများလည်း အညာဒေသကျေးရွာအချို့ ကြုံတွေ့နေရသည်။

ထို့ကြောင့်ကျေးလက်နေပြည်သူများသည် အပူဒဏ်ကိုအံတုနိုင်ရန်အတွက် မိုးကိုသာမျှော်ကိုးနေကြရသည်။ အပူချိန်မြင့်မားလာခြင်း၏ အဓိကအကြောင်းအရင်းသည် သစ်တော၊ သစ်ပင်များပြုန်းတီးမှုများကြောင့်ဖြစ်သည်။ ဥတုရာသီတောကိုမှီဆိုသောစကားအတိုင်း သစ်တော၊ သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ချမှတ်စိုက်ပျိုးသွားရန် အရေးတကြီး လိုအပ်နေပြီဖြစ်သည်။

စာရေးသူသည် အညာဒေသတွင်ကြီးပြင်းခဲ့ရသောကြောင့် ငယ်စဉ်က ပူပြင်းသောနွေရာသီတွင် ဧရာဝတီမြစ်ကမ်းဘေးရှိ ညောင်ပင်ကြီးများ၊ ကုက္ကိုပင်ကြီးများ၏ အရိပ်အာဝါသအောက်၌ အိမ်တွင်မွေးထားသော နွားများ၊ ဆိတ်များနှင့်အတူ အပူဒဏ်ခိုခဲ့ရသည်။ ထိုသစ်ပင်ကြီးများအောက်တွင်သာ နွေနေအပူဒဏ်ကို သက်သောင့်သက်သာဖြင့် ဖြတ်သန်းနိုင်ပါသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများအောက်တွင် မိသားစုလိုက်ဝိုင်းဖွဲ့ပြီး နေခိုကြခြင်းဖြင့် ကျေးလက်နေ ရွာသူရွာသားအချင်းချင်း အထူးတလည်ဖိတ်ကြားဝိုင်းဖွဲ့ဆွေးနွေးနေရန်မလိုဘဲ ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲစေပါသည်။

ခေတ်ကာလရွေ့လျားလာသည်နှင့်အမျှ လူများသည်လောဘတက်လာပြီး သစ်တော၊ သစ်ပင်များကို စည်းမဲ့ကမ်းမဲ့ အပြိုင်အဆိုင်ခုတ်လှဲရောင်းချလာကြသဖြင့် အညာဒေသတွင် အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများ မရှိသလောက်ပင်ဖြစ်လာသည်။ သစ်တော၊သစ်ပင်များပြုန်းတီးလာသဖြင့် နှစ်စဉ်မိုးရေချိန်လည်း တဖြည်းဖြည်းလျော့နည်းလာသည်။ သာဓကအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ချောက်မြို့နယ်၌မိုးခေါင်သဖြင့် စိုက်ပျိုးထားသော မြေပဲခင်းနှင့်နှမ်းခင်းများ ခြောက်သွေ့သေဆုံးခဲ့သောကြောင့် လူစာသာမက နွားစာပါ အခက်အခဲကြုံခဲ့ရသည်။ ထို့အပြင် ယခုနှစ်နွေရာသီတွင်လည်း အပူချိန်သည် ယခင်နှစ်များထက် သိသိသာသာမြင့်တက်လာသဖြင့် ထိုဒေသရှိပြည်သူများ အပူဒဏ်ကို အလူးအလဲခံစားနေရမည်မှာ အမှန်ပင်ဖြစ်သည်။

လျှပ်စစ်မီးမရရှိသောနေရာတွင် အပူဒဏ်ကို ကိုယ်တိုင်ခံစားကြည့်မှ သိပါသည်။ အအေးဒဏ်ကို အနွေးထည်ဝတ်ပြီး စောင်ခြုံထားနိုင်သော်လည်း အပူဒဏ်ကိုကာကွယ်ရန်လွန်စွာပင်ခက်ခဲလှပါသည်။ အပူချိန်၄၅ဒီဂရီဖာရင်ဟိုက်သည် လွန်စွာပင်မြင့်မားလှပါသည်။ စာရေးသူသည် ၂၀၁၁ ခုနှစ် နွေရာသီတွင် အညာဒေသရှိ မိဘများထံသို့သွားရောက်ခဲ့စဉ်က အပူချိန်သည် ၄၂ ဒီဂရီဖာရင်ဟိုက်သာ ရှိသော်လည်း နေ့အချိန်တွင်ခေါင်းကိုက်ပြီး နေရထိုင်ရ လွန်စွာခက်ခဲလှပါသည်။ ညအချိန်တွင်လည်း အပူချိန်ပြင်းထန်သောကြောင့် နှစ်ခြိုက်စွာမအိပ်စက်နိုင်ကြပါ။ ယခုနှစ်ကဲ့သို့ ပြင်းထန်သော အပူချိန်မျိုးဆိုလျှင် သက်ကြီးရွယ်အိုများ၏ကျန်းမာရေးအတွက် များစွာစိုးရိမ်စရာပင်ဖြစ်သည်။

လက်ရှိအချိန်တွင် ကျေးလက်ဒေသများ၌ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများလည်း မရှိသလောက်ပင်ဖြစ်နေသည်။ ပူပြင်းသောနွေရာသီတွင် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များကို နံနက်စောစောအချိန်တွင် ရေချိုးပေးသင့်ပါသည်။ ထို့အပြင် ဝမ်းနူးစာများကိုရှောင်ရှားခြင်း၊ ရေနွေးကြမ်းကိုသာ သောက်သုံးခြင်း စသည့်အလေ့အထများ ပြုလုပ်သင့်ပါသည်။ နွေရာသီတွင် လက်လုပ်ချဉ်များ၊ ထန်းသီးဆန်များ၊ သရက်သီးမှည့်များနှင့် ယင်နားစာများသည် ဝမ်းပျက်ဝမ်းလျှောဖြစ်နိုင်သော အစားအသောက်များပင်ဖြစ်သည်။ သောက်သုံးရေရှားပါးသောဒေသများတွင် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်ပွားတတ်သဖြင့် အထူးဂရုစိုက်သင့်ပါသည်။

> “နွေ ထနောင်း၊ ဆောင်း မန်ကျည်း” ဆိုသလို နွေရာသီရောက်လျှင် ထနောင်းပင်အောက်တွင် အရိပ်ခိုလျှင် အေးမြမှုရှိပါသည်. . .

ကျေးလက်နေပြည်သူများသည် မြို့ပြနေလူတန်းစားများကဲ့သို့ လျှပ်စစ်မီးလည်းမသုံးနိုင်သောကြောင့် ပြင်းထန်သောနွေနေကိုအန်တုနိုင်ရန် အဲယားကွန်း၊ ပန်ကာများလည်းမရှိကြချေ။ ထို့အပြင် အေးမြသောရေကိုလည်း သောက်သုံးခွင့်မရရှိချေ။ ထို့ကြောင့် သဘာဝကိုသာ အားကိုးကြရသည်။ သဘာဝသည်လည်း ဆင်ခြင်ဥာဏ်ကင်းမဲ့သောလူများကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည်။ “နွေ ထနောင်း၊ ဆောင်း မန်ကျည်း” ဆိုသလို နွေရာသီရောက်လျှင် ထနောင်းပင်အောက်တွင်အရိပ်ခိုလျှင် အေးမြမှုရှိပါသည်။ ဆောင်းရာသီတွင် မန်ကျည်းပင်သည် နွေးထွေးမှုပေးပါသည်။ သို့သော် အညာဒေသတွင် အရိပ်ကောင်းသောထနောင်းပင်များ တစ်စတစ်စ ကျဲပါးလာလျက်ရှိသည်။

ပြင်းထန်လှသော နွေရာသီအပူဒဏ်ကို အန်တုနိုင်ရန်အတွက် အရိပ်အာဝါသ ကောင်းများရရှိနိုင်မည့်သစ်ပင်များကို စီမံချက်ဖြင့်စိုက်ပျိုးသွားရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ တောရောမြို့ပါ အရိပ်ရအပင်များဖြစ်ထွန်းအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားသင့်ပါသည်။ နှစ်စဉ်လူတစ်ဦးလျှင် အရိပ်ရပင် အနည်းဆုံးနှစ်ပင်ခန့်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားသင့်ပါသည်။ လူဦးရေ ၁၀၀ ရှိသော ရွာတစ်ရွာတွင် အပင် ၂၀၀ ရှင်သန်ဖြစ်ထွန်းလာမည်ဖြစ်သောကြောင့် ထိုကျေးရွာသည် ငါးနှစ်အတွင်း အရိပ်ရပင် ၁၀၀၀ ဖြင့် စိမ်းလန်းစိုပြည်လာမည်ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်ဖြစ်ထွန်းအောင် လွှမ်းခြုံစိုက်ပျိုးသွားမည်ဆိုလျှင် သစ်တောများဖုံးလွှမ်းလာမည်ဖြစ်သောကြောင့် အနာဂတ်တွင် မိုးလေဝသမှန်ကန်လာမည်ဖြစ်သည်။ ထို့အပြင် သစ်တောသစ်ပင်များသည် အပူကိုစုပ်ယူသဖြင့် နွေရာသီတွင် အပူချိန်လွန်စွာ မြင့်တက်လာမှုကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ဥတုရာသီတောကိုမှီဆိုသည့်အတိုင်း သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုဖောက်ပြန်မှုကိုလည်း များစွာအကာအကွယ်ပေးမည်ဖြစ်သည်။

ယနေ့အချိန်တွင် ကမ္ဘာကြီးသည် တစ်နေ့တစ်ခြားပူနွေးလာလျက်ရှိကာ ကမ္ဘာ့နိုင်ငံများ၌လည်း အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း နွေရာသီရောက်ရှိချိန်တွင် တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာလျက်ရှိသောအပူဒဏ်ကို ပြည်သူများခံစားနေရပြီဖြစ်သည်။ အထူးသဖြင့် အညာဒေသရှိကျေးလက်နေပြည်သူများသည် နွေရာသီအပူဒဏ်ကို အလူးအလဲခံစားနေကြရပါသည်။ နွေရာသီအပူဒဏ်ကိုကာကွယ်နိုင်ရန်အတွက် အခြေခံအကျဆုံးသောအချက်မှာ အရိပ်ရအပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားရန်ဖြစ်သည်။

ထို့ကြောင့် နှစ်စဉ်မြင့်တက်လာလျက်ရှိသော အပူဒဏ်ကိုကာကွယ်နိုင်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုကို ကြိုတင်ကာကွယ်ရန်အတွက် မကြာမီရောက်ရှိလာမည့် မိုးကာလမှစ၍ နိုင်ငံသားတိုင်းသည် လူတစ်ဦးလျှင် အရိပ်ရအပင် အနည်းဆုံးနှစ်ပင်ခန့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

**ဆောင်းပါး – မောင်သောင်းဝင်း(တမန်ဟောင်း)**

# ခရီးကြမ်း ဖြတ်သန်းရမယ့် ဒေါ့မွန်




ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၂)ကို မေ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ယူရိုပါလိဂ်ဝင်ခွင့်အတွက် ကြိုးစားမယ့် အသင်းတွေနဲ့ တန်းမဆင်းရရေး အားထုတ်လာမယ့် အသင်းတွေကြောင့် ဘွန်ဒက်စ်လီဂါဖလားကို ဘိုင်ယန်မြူးနစ်တို့ ဆွတ်ခူးသွားပေမယ့် လက်ကျန်ပွဲစဉ်တွေကတော့ မျှော်လင့်ချက်တွေနဲ့ သက်ဝင်လှုပ်ရှားနေဆဲ ဖြစ်ပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် အော့စ်ဘတ်**

အော့စ်ဘတ်ကို ဘိုင်ယန်မြူးနစ်တို့ရှုံးထားဖူးပေမယ့်လက်ရှိအနေအထားအရ အမှတ်မလိုတော့တဲ့ ဘိုင်ယန်မြူးနစ်ကို အော့စ်ဘတ်တို့ အလေးအနက်ကစားပြီးအမှတ်ရအောင် ယူပါလိမ့်မယ်။ ယူရိုပါလိဂ် မျှော်လင့်ချက်ထားရှိနေတဲ့ အော့စ်ဘတ်တို့က အမာခံကစားသမားတွေ အကုန်ထုတ်သုံးပြီး သုံးမှတ်အပြည့်ရယူဖို့ အားထုတ်လာဖို့ရှိနေပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ ဂုဏ်သိက္ခာအတွက် အများအယွင်းမရှိနိုင်ပွဲဆက်ဖို့ စွမ်းဆောင်မှာဖြစ်တာကြောင့် အော့စ်ဘတ်တို့ အမြင့်ဆုံးရနိုင်ရင် တစ်မှတ်ပါပဲ။

**ဒေါ့မွန်နှင့် ဟာသာဘာလင်**

ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာအတွက် ကြိုးစားနေတဲ့ ဒေါ့မွန်တို့ကတော့ အခုပွဲမှာ အိမ်ကွင်းဖြစ်တာမို့ အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ပထမအကျော့မှာ ဟာသာဘာလင်တို့က အိမ်ကွင်းမှာ နိုင်ပွဲရရှိထားတာမို့ အခုပွဲမှာလည်း အပြင်အထန်ခုခံဖို့ ပြင်ဆင်လာပါလိမ့်မယ်။ လောလောဆယ်မှာတော့ ဒေါ့မွန်တို့ ခြေစွမ်းကျဆင်းနေတာမို့ ခက်ခဲမယ့်ပွဲပါပဲ။

**ဟမ်းဘတ်နှင့် ဖရိုင်းဘတ်**

အိမ်ရှင်ဟမ်းဘတ်တို့အတွက် အားကုန်ထုတ်ရမယ့်ပွဲပါပဲ။ ဒါပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ တဖြည်းဖြည်း ခြေစွမ်းထက်မြက်လာတာမို့ ဖရိုင်းဘတ်တို့လည်း ပွဲမချောင်ပါဘူး။ ဒီနှစ်သင်းဆုံတွေ့တိုင်း သရေပွဲဖြစ်တာ များတာမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို ဟမ်းဘတ်တို့ ပုံဖော်ပါလိမ့်မယ်။

**ဂလာဘတ်နှင့် လေဗာကူဆင်**

နှစ်သင်းစလုံး ခြေစွမ်းပြနေတာမို့ ဒီပွဲက အကြိတ်အနယ်ရှိလာမယ့် ပွဲဖြစ်ပါတယ်။ လေဗာကူဆင်ဟာ ဂလာဘတ်နဲ့ဆုံတိုင်း နိုင်ပွဲရရှိတာများတဲ့အပြင် အနိမ့်ဆုံး သရေပွဲဖြစ်အောင် စွမ်းဆောင်နိုင်နေပါတယ်။ ပထမအကျော့မှာ သရေပွဲဖြစ်ခဲ့တာမို့ အခုပွဲစဉ်မှာတော့ လေဗာကူဆင်တို့ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ဟန်နိုဗာနှင့် ဝါဒါဘရီမင်**

ဒီနှစ်သင်းဆုံတွေ့တဲ့ နောက်ဆုံးငါးပွဲရလဒ်ကိုကြည့်ရင် ဝါဒါဘရီမင်က သုံးပွဲနိုင်ပြီး တစ်ပွဲသရေတစ်ပွဲရှုံးထားပါတယ်။ ဟန်နိုဗာတို့က လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေပြီး ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတာမို့ ဝါဒါဘရီမင်တို့ အခွင့်အရေးကောင်းရရှိသွားနိုင်ပါတယ်။ ဒါပေမယ့် ဝါဒါဘရီမင်တို့အတွက် အခုပွဲမှာ တန်းဆင်းဇုန်ရုန်းအားရှိနေတဲ့ ဟန်နိုဗာကို ခက်ခက်ခဲခဲရင်ဆိုင်ရပါလိမ့်မယ်။

**ဖရန့်ဖတ်နှင့် ဟော့ဖန်ဟိန်း**

ဟော့ဖန်ဟိန်းတို့က ဥရောပဝင်ခွင့်အတွက် ကြိုးစားနေတာမို့ အခုပွဲမှာ ခြေကုန်ထုတ်ဖို့ရှိနေပါတယ်။ ဟော့ဖန်ဟိန်းဟာ ဖရန့်ဖတ်ကို အနိုင်ရအောင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေပြီး လက်ရှိအချိန်မှာ ကစားအားတက်နေတာမို့ အိမ်ကွင်းမှာ အနိုင်ရလဒ်ကို သိမ်းပိုက်ပါလိမ့်မယ်။

**စတုဂတ်နှင့် မိန့်ဇ်**

တန်းမဆင်းရရေး ခြေကုန်ထုတ်မယ့် စတုဂတ်တို့အတွက် အခုပွဲဟာ သည်းအူပြတ်မျှကစားရမှာဖြစ်ပါတယ်။ စတုဂတ်ဟာ ဒီပွဲနိုင်ရင် တန်းဆင်းဇုန်က လွတ်မြောက်မယ့် အနေအထားရှိတာမို့ အခုပွဲမှာ စတုဂတ်တို့ အနိုင်ရလဒ်ကိုပဲ ဦးတည်ပုံဖော်ပါလိမ့်မယ်။ စတုဂတ်တို့ကခံစစ်ပိုင်းအားနည်းချက်ရှိပေမယ့် အနိုင်ရလိုစိတ် ပြင်းထန်နေတာမို့ အိမ်ရှင်ကိုအားပေးရမယ့်ပွဲဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ထိပ်တန်းဂိုးသမား တစ်ဦးခေါ်ယူနိုင်ခဲ့ရင် အာဆင်နယ် ဖလားမျှော်မှန်းနိုင်ပြီ

အာဆင်နယ်အသင်းအနေနဲ့ ကမ္ဘာ့ထိပ်တန်းအဆင့် ဂိုးသမားကောင်းကောင်းတစ်ဦးကို စာချုပ်ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ဖို့ စိန်ခေါ်သွားနိုင်မှာဖြစ်ပါတယ်လို့ ဖီးနဗီးလ်က ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဟားလ်စီးတီးကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီးတဲ့နောက် ဒုတိယနေရာမှ မန်စီးတီးနဲ့အတူ ဦးဆောင်လျက်ရှိပါတယ်။ အာဆင်နယ် အသင်းအနေနဲ့ မန်ယူကို လေးငါးပွဲအနိုင်ရအောင် ဂိုးဖမ်းပေးနိုင်ခဲ့တဲ့ ဒေးဗစ်ဒီဂီယာလို ဂိုးသမားကို မရရအောင် ခေါ်ယူသွားဖို့ လိုပါတယ်လို့ အဲဗာတန်အသင်းခေါင်းဆောင်ဟောင်း နဗီးလ်က ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဂိုးသမားကောင်းတစ်ဦးကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံဆုဖလားရတဲ့အသင်းအဖြစ်လာနိုင်တယ်လို့ သူကဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ကိုလံဘီယာဂိုးသမားဒေးဗစ်အိုစပီနာဟာ အာဆင်နယ်အသင်းရဲ့ နံပါတ်တစ်ဂိုးသမားဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ နွေရာသီက နိုက်စ်အသင်းမှ ပေါင်သုံးသန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အိုစပီနာဟာ ပိုလန်ဂိုးသမား ဂိုဂျက်နေရာမှာ ပါဝင်ကစားခဲ့ပြီးနောက် ပထမဂိုးသမားဖြစ်လာခဲ့တာဖြစ်ပါတယ်။



# မြေကြီးကွင်းမှာ ပထမဆုံး ဖလားဆွတ်ခူးသွားတဲ့မာရေး



ဗြိတိသျှ နာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးဟာ မြူးနစ်အိုးပင်းဖလားလုပွဲမှာ ဂျာမန်တင်းနစ်အကျော် ဖီးလစ်ကိုချီလီဘာကို ၇-၆(၇-၄)၊ ၅-၇၊ ၇-၆(၇-၄)နဲ့ နှစ်ပွဲတစ်ပွဲနိုင်ကာ မြေကြီးကွင်းမာပြိုင်ပွဲမှာ ပထမဆုံးဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဖလားဟာသူ့အတွက်တော့ ၃၂ လုံးမြောက် အေတီပီဖလား ဖြစ်ပါတယ်။ သူဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် ယခုလကုန်ပိုင်းမှာ ကျင်းပမယ့် ပြင်သစ်အိုးပင်းဖလားအတွက် ပြင်ဆင်နိုင်ပြီဖြစ်ပါတယ်။ ဒီပွဲက အတော်လေးခက်ခက်ခဲခဲကစားခဲ့ရတဲ့ပွဲပါလို့ အသက် ၂၇ နှစ်အရွယ် မာရေးကပြောပါတယ်။ သူဟာ ၁၉၇၆ ခုနှစ် ဧပြီလက ပါးမားမှာ ကျင်းပတဲ့ တင်းနစ်ပြိုင်ပွဲမှာ ဘူစတာမိုထရန် ပြီးတဲ့နောက် ပထမဆုံးသော ဗြိတိန်နိုင်ငံသားတစ်ဦးအနေနဲ့ မြေကြီးကွင်းမှာ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့သူ ဖြစ်လာခဲ့ပါတယ်။ မာရေးအနေနဲ့ ဗိုလ်လုပွဲမှာ မိုးထဲရေထဲ အကြိတ်အနယ်ကစားခဲ့ရတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မန်ယူမှာဆက်ရှိဖို့ မရေမရာဖြစ်နေတဲ့ ဖယ်ကာအို



ပြင်သစ်ကလပ် မိုနာကိုမှ အငှားခေါ်ယူထားတဲ့ တိုက်စစ်မှူး ဖယ်ကာအိုကို မန်ယူက ဆက်လက်ခေါ်ယူထားရေး မခေါ်ရေးအတွက် ဆုံးဖြတ်ချက်ချနိုင်ခြင်း မရှိသေးပါဘူး။ အသက် ၂၉ နှစ်အရွယ် ကိုလံဘီယာတိုက်စစ်မှူး ဖယ်ကာအိုအနေနဲ့ မန်ယူမှာ ခြေစွမ်းပြနိုင်ခြင်းမရှိပါဘူး။ ၂၇ပွဲ ကစားရာမှာ လေးဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဖယ်ကာအိုဟာ မန်ယူမှ ထွက်ခွာလိမ့်မယ်လို့ ကောလာဟလသတင်းများလည်း ထွက်ပေါ်လျက်ရှိပါတယ်။ မန်ယူအနေနဲ့ ဖယ်ကာအိုကို တစ်နှစ်စာချုပ်နဲ့ အငှားခေါ်ယူထားခဲ့တာပါ။ ရာသီကုန်ခါနီးလာပေမယ့် ဖယ်ကာအိုကို ဆက်ခေါ်မယ်၊ မခေါ်မယ်မသိသေးပါဘူး။ မန်ယူက မဆုံးဖြတ်နိုင်သေးဘူးလို့ ဆိုပါတယ်။ အကယ်၍ မန်ယူအနေနဲ့ ဆက်လက်ခေါ်ယူမယ်ဆိုရင်တော့ ပေါင် ၄၃ ဒသမ ၂ သန်း ပေးချေရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ပြင်သစ်ကလပ်မိုနာကိုအသင်းအနေနဲ့ ဖလားဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ ပီအက်စ်ဂျီအသင်းရဲ့နောက်မှ ကိုးမှတ်ခွာလိုက်နေရပါတယ်။ မန်ယူအနေနဲ့လည်း ထိပ်ဆုံးက ချယ်လ်ဆီးနောက်မှာ ၁၈ မှတ်ခွာပြီး စတုတ္ထနေရာမှ လိုက်နေပါတယ်။





# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ


အမှတ်စဉ်(၁၀)

## သမဝါယမအသေးစားအရင်းအနှီးချေးငွေလုပ်ငန်း ( Microfinance )၊ အရစ်ကျငွေချေးစနစ် (Hire Purchase) လုပ်ငန်းများတွင် စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုတို့ကို ကြိုတင်ကာကွယ်ခြင်း Risk Management ဆောင်ရွက်မှု

သမဝါယမဝန်ကြီးဌာနသည် ပြည်သူများလိုအပ်နေသော အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်၊ ဧပြီလအထိ အသင်းသားပြည်သူ (၂) သန်းကျော်ထံသို့ တရုတ်နိုင်ငံ China EXIM Bank ချေးငွေ ဒေါ်လာသန်း (၁၀၀) အပါအဝင် သမဝါယမ၏အရင်းအနှီးများဖြင့် ချေးငွေ (၂၂၃) ဘီလီယံကျော် ထုတ်ချေးထားပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ မေလတွင် မိုးရာသီစိုက်ပျိုးစရိတ်အမီ တရုတ်နိုင်ငံ China EXIM Bank ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း (၃၀၀) ထပ်မံရယူ၍ ယခင်ချေးငွေ ရယူခံစားပြီးသော အသင်းသားပြည်သူများအား ကျပ် (၁) သိန်းမှ (၅) သိန်းထိ တိုးမြှင့်ထုတ်ချေးခြင်း၊ ချေးငွေမခံစားရသေးသော အသင်းသားပြည်သူများကို ချေးငွေ ကျပ် (၁) သိန်းနှုန်း ထုတ်ချေးခြင်းတို့အပြင် အသင်းသားပြည်သူများ လိုအပ်နေသော လယ်ယာ၊ လုပ်ငန်းသုံးစက်ကိရိယာများ အရစ်ကျငွေချေးစနစ် (Hire Purchase) ဖြင့် ကြိုက်ရောင်းကြိုက်ဝယ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လက်ရှိ အရစ်ကျငွေချေးစနစ် (Hire Purchase) ဖြင့် ကိုရီးယား Daedong လယ်ယာသုံးစက်ပစ္စည်း (၁၀၀၆) စီး၊ တန်ဖိုးကျပ် (၂၄. ၉) ဘီလီယံအပါအဝင် စုစုပေါင်း လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ (၁၇၅၆၃) စီး၊ တန်ဖိုးကျပ် (၃၇. ၉၃) ဘီလီယံ ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ သို့ဖြစ်ရာ သမဝါယမဝန်ကြီးဌာန၏ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း Microfinance နှင့် အရစ်ကျငွေချေးစနစ် (Hire Purchase) လုပ်ငန်းတို့၏ ကျေးလက်နေပြည်သူများသို့ လွှမ်းခြုံနိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




## တာဝန်ယူ၊ တာဝန်ခံ ကြပ်မတ်ဆောင်ရွက်မှု

အထက်ပါလုပ်ငန်းများတွင် ဆုံးရှုံးမှုမရှိစေရန်အတွက် အောက်ပါအတိုင်း အဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည် -

(၁) သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဗဟိုသမဝါယမအသင်းနှင့် အသင်းအဆင့်ဆင့်တို့က သုံးပွင့်ဆိုင် တာဝန်ခံ၊ တာဝန်ယူကြပ်မတ်ဆောင်ရွက်ခြင်း၊

(၂) အသင်းသားတစ်ဦးချင်းတာဝန်ယူမှု၊ ဝိုင်းကြီးချုပ်အဖွဲ့နှင့် သမဝါယမအသင်းအသီးသီး၏ တာဝန်ယူမှုတို့ဖြင့်ဆောင်ရွက်ခြင်း၊

(၃) သမဝါယမဝန်ထမ်းများနှင့် သမဝါယမအသင်းအသီးသီး၏ အမှုဆောင်များက သံမဏိစည်းကမ်းနှင့်အညီကြပ်မတ်ကွပ်ကဲတာဝန် ထမ်းဆောင်ခြင်း၊

(၄) ဒေသတာဝန်ခံများ၊ အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ NGO များ၏ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို စီမံထားရှိပြီးဖြစ်သည်။ ထို့ပြင် လိုအပ်သည့် အဖွဲ့များဖွဲ့စည်းတာဝန်သတ်မှတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

### ဆုံးရှုံးမှုကာကွယ်ရေးအတွက် အခြေခံတာဝန်ခံ၊ တာဝန်ယူ ဆောင်ရွက်မှု

- ❖ အသင်းသားတစ်ဦးချင်း မိမိကိုယ်ကို ထိန်းသိမ်းခြင်း၊
- ❖ အဖွဲ့က အဖွဲ့ဝင်များကို ထိန်းသိမ်းခြင်း၊
- ❖ သမဝါယမအသင်းက အသင်းသားများအား ထိန်းသိမ်းခြင်း၊

၎င်းကို Tripartite Control System ဟု သတ်မှတ်ထားပါသည်။

### ဆုံးရှုံးမှုကာကွယ်ရေးအတွက် အဆင့်ဆင့် တာဝန်ခံ၊ တာဝန်ယူဆောင်ရွက်မှု

- ❖ အသင်းသားတစ်ဦးချင်းက တာဝန်ယူခြင်း၊
- ❖ ဝိုင်းကြီးချုပ်နှင့် တာဝန်ယူထိန်းကျောင်းခြင်း၊
- ❖ သက်ဆိုင်ရာအခြေခံသမဝါယမအသင်းများက တာဝန်ယူထိန်းကျောင်းခြင်း၊
- ❖ သမဝါယမအသင်းအဆင့်ဆင့်ကပါ တာဝန်ယူထိန်းကျောင်းခြင်း၊
- ❖ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကပါ တာဝန်ယူထိန်းကျောင်းခြင်း၊
- ❖ သမဝါယမဝန်ကြီးဌာနက တာဝန်ယူထိန်းကျောင်းခြင်း။

### ဝိုင်းကြီးချုပ်အဖွဲ့၏တာဝန်

- ❖ ချေးယူငွေများကို အလွဲသုံးစားမပြုအောင်အဖွဲ့ဝင် အချင်းချင်းထိန်းရန်၊
- ❖ ချေးယူငွေများကို မိမိလုပ်ငန်းတွင် တကယ်ထိရောက်စွာ အသုံးပြုစေရေး အဖွဲ့ဝင်အချင်းချင်းထိန်းရန်၊
- ❖ သတ်မှတ်ကာလအတွင်း အတိုးအရင်းကိုပြေကျေစွာ ပေးဆပ်ရန်နှင့် တစ်ဦးမဆပ်ပါက ကျန်အဖွဲ့ဝင်များက တာဝန်ယူပေးဆပ်ရန်။

### အခြေခံသမဝါယမအသင်းအမှုဆောင်အဖွဲ့၏တာဝန်

- ❖ ငွေထုတ်ချေးယူရာတွင် အသင်းသားသို့သာ ထုတ်ချေးရမည်၊
- ❖ ချေးယူသည့်ငွေကိုလုပ်ငန်းတွင် သုံးစွဲခြင်းရှိ/မရှိ ကြီးကြပ်ရမည်၊
- ❖ အသင်းတွင်ထားရှိရမည့် သတ်မှတ်ထားသော စာရင်းဇယား (၈) မျိုးကို ပြည့်စုံစွာ ထားရှိရမည်၊
- ❖ ချေးငွေပြန်လည်ပေးဆပ်ရေးအတွက် သတ်မှတ်ကာလမပြည့်မီ နိုးဆော်ရမည်၊
- ❖ ကောက်ခံရရှိသော ချေးငွေများကို ဘဏ်တွင်အပ်နှံရမည်၊ ( ဘဏ်မရှိပါက လုံခြုံစွာ ထိန်းသိမ်းထားရမည် )
- ❖ ကျေးလက်သမဝါယမအသင်းများအနေဖြင့် သမဝါယမလုပ်ထုံးလုပ်နည်းများ၊ စာရင်းဇယားပြုစုထိန်းသိမ်းနည်းများကို တတ်ကျွမ်းနားလည်မှု အားနည်းသဖြင့် ကျွမ်းကျင်သည်အထိ လေ့ကျင့်ပညာပေးသွားရမည်။

### စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုများကို သုတေသနပြုဖော်ထုတ်နိုင်ရန်နှင့် Risk Management စနစ် ရေးဆွဲအကြံပြုရန် အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း

အောက်ပါအဖွဲ့က ကျယ်ပြန့်စွာ လေ့လာသုတေသနပြု၍ Risk Management စနစ်ကို ၂၀၁၅ ခုနှစ်၊ မေလကုန် တွင်တင်ပြရမည်ဖြစ်ပါသည် -

| | |
|---|---|
| ■ ဒေါက်တာသိန်းထွန်း၊ ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်(သန်လျင်) | အဖွဲ့ခေါင်းဆောင် |
| ■ ဒေါက်တာရီရီဝင်း၊ ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ■ သမဝါယမတက္ကသိုလ်များမှ ပါမောက္ခ၊ တွဲဘက်ပါမောက္ခများ | အဖွဲ့ဝင် |
| ■ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ■ ဗဟိုသမဝါယမအသင်းမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| ■ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒုတိယညွှန်ကြားရေးမှူးများ | အဖွဲ့ဝင် |
| ■ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်းစုချုပ်ဥက္ကဋ္ဌများ | အဖွဲ့ဝင် |

### Risk Management Team ၏လုပ်ငန်းတာဝန်များ

- ❖ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများအပေါ် Research ပြုလုပ်ခြင်း၊
- ❖ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့် ဝိုင်းကြီးချုပ်စနစ်၊ တစ်ဦးချင်းလိုက်နာရမည့် စည်းကမ်း၊ အသင်း/အသင်းသား တာဝန်၊ သံမဏိစည်းကမ်း Tripartite Control System တို့နှင့် ချမှတ်ထားသော မူဝါဒများအား လိုက်နာမှုရှိ/မရှိ အခြေအနေနှင့် အထွေထွေ Feedback များကို လေ့လာသုံးသပ်ခြင်း၊
- ❖ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို Evaluation လုပ်ခြင်း၊
- ❖ အာမခံစနစ် (Insurance) ပါ ပူးတွဲဆောင်ရွက်နိုင်ရေးအတွက် လေ့လာခြင်း၊
- ❖ ဤသို့ကျယ်ပြန့်စွာ လေ့လာသုံးသပ်ရရှိချက်များအပေါ် အခြေခံ၍ အထက်ပါ သမဝါယမလုပ်ငန်းများအားလုံးအတွက် ကျင့်သုံးရမည့် Risk Management စနစ်များ ပြုစုတင်ပြခြင်း၊

# စွန့်စားရမှု၊ ဆုံးရှုံးနိုင်မှုများ ( Risks ) ကိုကာကွယ်နိုင်အောင် စီမံထားမှုနှင့် ရရှိသည့်အတိုးကို ခွဲဝေလျာထားမှု

၂၀၁၅ ခုနှစ်၊ မေလမှစ၍ သမဝါယမဝန်ကြီးဌာန အသေးစားအရင်းအနှီးချေးငွေကို ကျပ် ၁၀၀ လျှင် တစ်လ အတိုးနှုန်း (ဒိ/၁၅ါး)ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ရရှိသည့်အတိုးငွေများ သုံးစွဲခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်း၊ စာရင်းဇယားများ ထားရှိစစ်ဆေးခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်သည် -

**ချေးငွေကျပ်(၁၀၀)တွင် ရရှိသည့်တစ်လအတိုး (ဒိ/၁၅ါး) ကို ခွဲဝေလျာထားမှု**

| စဉ် | အကြောင်းအရာ | တစ်လအတိုးနှုန်း (ပြား) | တစ်နှစ်အတိုးရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | China EXIM Bank သို့ပေးရမည့် အတိုး+ Management Fee | ၃၇. ၉၂ (ပြား) | ၄. ၅၅ % |
| ၂။ | ဗဟိုသမဝါယမအသင်း | ၂၃. ၅၀ (ပြား) | ၂. ၈၂ % |
| ၃။ | အသင်းစုချုပ်များ | ၅. ၂၅ (ပြား) | ၀. ၆၃ % |
| ၄။ | အသင်းစုများ | ၂၄. ၁၇ (ပြား) | ၂. ၉၀ % |
| ၅။ | အခြေခံအသင်းများ | ၂၄. ၁၇ (ပြား) | ၂. ၉၀ % |
| | **စုစုပေါင်း** | **၁၁၅.၀၀ (ပြား)** | **၁၃.၈ % (တစ်နှစ်)** |

**မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုများအတွက် အသေးစားချေးငွေလုပ်ငန်းဆုံးရှုံးမှုကာကွယ်ရေး လျာထားငွေထားရှိရန် နည်းလမ်းများ**

❖ သမဝါယမအသင်းများ၏ အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းတွင် အသင်းအဆင့်ဆင့် အလိုက်ရရှိမည့် အတိုးနှုန်းအပေါ် ( ကျပ် ၁၀၀ လျှင် ၅ပြား/ ၁၀ပြား) ပြားဂဏန်းများ သတ်မှတ်၍ ခွဲဝေထားရှိခြင်း၊

❖ သမဝါယမအသင်းများ၏ အသေးစားအရင်းအနှီးချေးငွေ Microfinance လုပ်ငန်းတွင် အသင်းအဆင့်ဆင့်အလိုက် ရရှိမည့်အတိုးငွေမှ ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ ခွဲဝေထားရှိခြင်း။

**ဗဟိုသမဝါယမအသင်း** ရယူသည့်အတိုး (၂. ၈၂%) မှ ရန်ပုံငွေများအား အောက်ပါအတိုင်းခွဲဝေသုံးစွဲပါမည် -

(၁) သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ကျခံရန်၊
(၂) ငွေကြေးလဲလှယ်နှုန်း (Exchange Rate) အပြောင်းအလဲအတွက် ကျခံရန်၊
(၃) သင်တန်းများ၊ ပညာပေးရေးလုပ်ငန်းများ၊ သတင်းမီဒီယာများအတွက် သုံးစွဲရန်၊
(၄) ဝန်ထမ်းများနှင့် အထွေထွေအသုံးစရိတ်သုံးစွဲရန်တို့ဖြစ်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်** များ ရယူသည့်အတိုး (၀. ၆၃%) မှ ရန်ပုံငွေများကို အောက်ပါအတိုင်း ခွဲဝေသုံးစွဲပါမည် -

(၁) သာမန် သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ကျခံရန်၊
(၂) သင်တန်းများ၊ ပညာပေးရေးလုပ်ငန်းများနှင့် သတင်းမီဒီယာလုပ်ငန်းများအတွက် သုံးစွဲရန်၊
(၃) ဝန်ထမ်းနှင့် အထွေထွေအသုံးစရိတ်များအတွက် သုံးစွဲရန်တို့ဖြစ်ပါသည်။

**မြို့နယ်သမဝါယမအသင်းစု** များ ရယူသည့်အတိုး(၂. ၉၀%) မှ ရန်ပုံငွေများကို အောက်ပါအတိုင်းခွဲဝေသုံးစွဲပါမည် -

(၁) မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ကွင်းဆင်းအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်း၍ အသင်းများ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခြင်း၊ ဖွဲ့စည်းခြင်း၊ ငွေထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံပေးသွင်းခြင်းစသည့် လုပ်ငန်း အသုံးစရိတ်သုံးစွဲရန်၊
(၂) စာရင်းဇယားများစနစ်တကျရေးဆွဲတတ်စေရန်၊ အခြေခံသင်တန်းများပေးခြင်းနှင့် ပညာပေးလုပ်ငန်းများအတွက် သုံးစွဲရန်၊
(၃) သာမန်အသေးအဖွဲဆုံးရှုံးမှုများအတွက်မျှဝေကျခံရန်၊
(၄) ဝန်ထမ်းနှင့် အထွေထွေအသုံးစရိတ်များအတွက် ကျခံသုံးစွဲရန် တို့ဖြစ်ပါသည်။

**အခြေခံသမဝါယမအသင်း** များ ရယူသည့်အတိုး (၂. ၉၀%)မှ ရန်ပုံငွေများကို အောက်ပါအတိုင်းခွဲဝေသုံးစွဲသွားပါမည် -

(၁) အသင်း၏ရန်ပုံငွေရရှိစေရန်၊
(၂) သာမန်အသေးအဖွဲဆုံးရှုံးမှုများအတွက် ကျခံရန်၊
(၃) ဝန်ထမ်းနှင့် အထွေထွေအသုံးစရိတ်သုံးစွဲရန်တို့ဖြစ်ပါသည်။

## ချေးငွေရယူသည့် အသင်းသားများလိုက်နာရမည့်အချက်များ

(၁) ငွေချေးရန် လျှောက်လွှာတင်ရမည်၊
(၂) ဆန္ဒတူညီသူ(၅)ဦးဖြင့် ဝိုင်းကြီးချုပ်အဖွဲ့ဖွဲ့၍ စာချုပ်ချုပ်ဆိုရမည်၊
(၃) သတ်မှတ်ကာလမပြည့်မီ တစ်ပတ်အလိုနှင့် ပြည့်ပြီး တစ်ပတ်အတွင်း အသင်းသို့ ကိုယ်တိုင်အရောက်ပေးသွင်းရမည်၊
(၄) ချေးငွေကို အသင်းသားကိုယ်တိုင် ထုတ်ယူရမည်၊
(၅) ချေးငွေပြန်လည်ပေးဆပ်ခြင်းမပြုပါက ဝိုင်းကြီးချုပ်အဖွဲ့မှ အညီအမျှပေးလျော်ရမည်။

## ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်အချက်များ

(၁) သမဝါယမအသင်း အမျိုးအစားအလိုက် အမှန်တကယ် အလုပ်လုပ်သူကိုသာ ငွေထုတ်ချေးခြင်း၊
(၂) ထုတ်ချေးငွေကို အသင်းသားလက်ဝယ်အရောက် ထုတ်ချေးစေပြီး ဝိုင်းကြီးချုပ်အဖွဲ့ဖြင့် တစ်ဖွဲ့ချင်း ချေးငွေစာချုပ်ပြုလုပ်၍ တစ်ဦးချင်းလက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း၊
(၃) ချေးငွေကို ကိုယ်စားလှယ်ဖြင့် ထုတ်ယူခြင်းမပြုဘဲ အသင်းသားကိုယ်တိုင်ထုတ်ယူစေခြင်း၊
(၄) အသင်းသားများအား အသင်းသားလက်ဝယ်ရှိ ချေးငွေထုတ်ပေးမှုမှတ်တမ်းတွင်လည်းကောင်း၊ အသင်းရှိချေးငွေထုတ်ပေးမှု မှတ်တမ်းတွင်လည်းကောင်း စာရင်းသွင်းလက်မှတ်ရေးထိုးစေခြင်း။

## ချေးငွေပြန်လည်ကောက်ခံရာတွင် လိုက်နာရမည့်အချက်များ

(၁) ချေးငွေကောက်ခံရေးအဖွဲ့သည် ချေးငွေကောက်ခံရန် သတ်မှတ်ရက်မတိုင်မီ တစ်ပတ်အလိုနှင့် တစ်ပတ်အကျော်အပြီးကောက်ခံရန်၊
(၂) အသင်းသားများ ချေးငွေပြန်ဆပ်သည့်အခါ ဝိုင်းကြီးချုပ် ခေါင်းဆောင်များ မှချေးငွေများစုစည်း၍ဖြစ်စေ၊ အသင်းသားကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာ သတ်မှတ်ထားသည့်အဖွဲ့သို့ပေးဆပ်ရန်၊
(၃) ချေးငွေကောက်ခံရေးအဖွဲ့သည် ကောက်ခံရရှိသည့်ငွေကို ချေးငွေမှတ်တမ်းတွင် ရေးသွင်းပြီး လုံခြုံစိတ်ချရသော နေရာ(သို့မဟုတ်) နီးစပ်ရာဘဏ်သို့အပ်နှံရန်၊
(၄) ချေးငွေကောက်ခံရေးအဖွဲ့မှ ကောက်ခံရရှိငွေနှင့် စာရင်းကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ အထက်အဆင့်ဆင့်သို့ တင်ပြခြင်း။

## စာရင်းဇယားများစနစ်တကျထားရှိမှုအခြေအနေ

**အခြေခံသမဝါယမအသင်းတွင်ထားရှိသည့် စာရင်းဇယား(၈)မျိုး**

(၁) ငွေစာရင်းစာအုပ်
(၂) အစုငွေနှင့် စုဆောင်းငွေစာရင်းစာအုပ်
(၃) အထွေထွေလယ်ဂျာ
(၄) ချေးငွေ၊ ဆပ်ငွေမှတ်တမ်းစာအုပ်
(၅) အစည်းအဝေးမှတ်တမ်းစာအုပ်
(၆) ချေးငွေစာချုပ်
(၇) ဝိုင်းကြီးချုပ်အဖွဲ့လိုက်မှတ်တမ်းစာအုပ်
(၈) ချေးငွေလျှောက်လွှာပုံစံ

## စာရင်းဇယားများ ရေးဆွဲခြင်း

❖ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ကျေးလက် သမဝါယမအသင်းများ၏ စာရင်းဇယားများအား ရေးဆွဲပေးခြင်း၊

❖ အခြေခံအသင်းများမှ အမှုဆောင်များကို စာရင်းဇယားများ ရေးဆွဲတတ်စေရန် On Job Training လေ့ကျင့်သင်ကြားပေးခြင်း၊

❖ အခြေခံအသင်းများမှ အမှုဆောင်များကို စာရင်းဇယားများ ရေးဆွဲတတ်စေရန် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊

❖ အခြေခံအသင်းများမှ စာရင်းဇယားများအား ၎င်းတို့ကိုယ်တိုင်ရေးဆွဲ၍ သမဝါယမဦးစီးဌာနမှ စာရင်းစစ်ဆေးပေးခြင်း၊

## သမဝါယမအသင်းများ၏ စာရင်းများစစ်ဆေးခြင်း

❖ သမဝါယမအသင်း နည်းဥပဒေနှင့်အညီ
➢ (၆)လချုပ်စာရင်းစစ်ဆေးခြင်း
➢ နှစ်ချုပ်စာရင်းစစ်ဆေးခြင်း

❖ သမဝါယမနည်းဥပဒေနှင့်အညီ အခြေခံနှင့် မြို့နယ်သမဝါယမ အသင်းစု များကို မြို့နယ်သမဝါယမဦးစီးဌာနမှ စစ်ဆေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသင်းစုချုပ်များကို တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာနများမှ စစ်ဆေးခြင်း၊

❖ သမဝါယမဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားလွှာနှင့်အညီ China Exim Bank ချေးငွေတစ်ရာသီပြီးပြတ်တိုင်း ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့ကို သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ စစ်ဆေးခြင်း၊

## မြို့နယ်သမဝါယမဦးစီးဌာနနှင့် အသင်းစုတွင်ထားရှိသည့် စာရင်း (၅)မျိုး

(၁) ချေးငွေစာချုပ်
(၂) ဝိုင်းကြီးချုပ်အဖွဲ့လိုက်မှတ်တမ်းစာအုပ်
(၃) ချေးငွေလျှောက်လွှာပုံစံ
(၄) အစုငွေနှင့် စုဆောင်းငွေစာရင်းစာအုပ်
(၅) ချေးငွေ၊ ဆပ်ငွေမှတ်တမ်းစာအုပ်

**မှတ်ချက်။ မြို့နယ်သမဝါယမဦးစီးဌာနအားလုံးနှင့် အသင်းစုအားလုံးတွင် စာရင်းဇယားနှင့်ပတ်သက်၍ ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းရန်နှင့် နောင်အနာဂတ်တွင် အခြေခံအသင်းများအထိ ကွန်ပျူတာစနစ်အသုံးပြုနိုင်အောင် ဆောင်ရွက်သွားရန်၊**

## သမဝါယမလုပ်ငန်းများ အောင်မြင်မှု ရှိ/ မရှိ စိစစ်အကဲဖြတ်မည့် အခြေခံအချက် (၃)ချက်

(၁) ချေးငွေ (သို့မဟုတ်) ဝယ်ယူသောစက်ပစ္စည်းများနှင့် ၎င်းတို့၏လုပ်ငန်းများတွင် ပိုမိုထိရောက် တိုးတက်နိုင်အောင် ဆောင်ရွက်နိုင်ပြီး ဝင်ငွေတိုးတက်လာခြင်း၊ ၎င်းတို့၏ လူမှုစီးပွားဘဝပိုမို မြင့်မားတိုးတက်လာခြင်း ရှိ/မရှိ၊
(၂) အသေးစားအရင်းအနှီးချေးငွေ အရင်းနှင့်အတိုး ၊ အရစ်ကျပေးဆပ်ရမည့် အရင်းနှင့်အတိုးတို့ကို သတ်မှတ်ချိန်တွင် မှန်ကန်စွာ ပြန်လည်ပေးဆပ်နိုင်ခြင်း ရှိ/မရှိ၊
(၃) သမဝါယမလုပ်ငန်းများ တိုးတက်အောင်မြင်လာပြီး သမဝါယမအသင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း ရှိ/မရှိ။

## သမဝါယမလုပ်ငန်းများ အောင်မြင်ရေးအတွက် ပုတ်ပြတ်တာဝန် (တာဝန်ခံ၊ တာဝန်ယူမှု)

(၁) “ မြို့နယ်အလိုက် အောင်မြင်ရေး ” အတွက် မြို့နယ်သမဝါယမဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အမှုဆောင်များကတာဝန်ယူရန်၊
(၂) “ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်အောင်မြင်ရေး ” အတွက် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များကတာဝန်ယူရန်၊
(၃) “ တစ်နိုင်ငံလုံး အောင်မြင်ရေး ”အတွက် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများ၊ ဗဟိုသမဝါယမ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များကတာဝန်ယူရန်၊
(၄) “ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်အောင်မြင်ရေး ” အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက အဆင့်ဆင့် တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရန်၊

## အထက်ပါ အခြေခံအချက် (၃)ချက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက် (၁၁) ချက်

၁။ သတ်မှတ်ထားသော ‘ စံ ’နှုန်းများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်၊
၂။ ချေးငွေ (သို့မဟုတ်) အရစ်ကျဆပ်စနစ်ဖြင့် ဝယ်ယူထားသော စက်ပစ္စည်းများကို ၎င်းတို့၏လုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးပြုပြီး၊ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝတိုးတက်လာစေရေးအတွက် “ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်း၊ အရေးယူခြင်း” တို့ဖြင့် ဆောင်ရွက်ရန်၊
၃။ ချေးငွေအရင်းနှင့်အတိုး၊ အရစ်ကျပေးဆပ်ရမည့် အရင်းနှင့်အတိုးတို့ကို သတ်မှတ်ချိန်တွင် မှန်ကန်စွာပြန်လည်ပေးဆပ်စေရေးအတွက် “ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်း၊ အရေးယူခြင်း” တို့ဖြင့် ဆောင်ရွက်ရန်၊
၄။ သမဝါယမလုပ်ငန်းများ အမှန်တကယ်တိုးတက်လာအောင် “ငွေကြေး၊ နည်းပညာ၊ ဈေးကွက်” တို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးပြီး စည်းမျဉ်း စည်းကမ်း၊ “ စံ ”နှုန်း၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းကျောင်းကြပ်မတ်ရန်၊
၅။ စက်ကိရိယာများကို အဆင့်မီ၊ စံချိန်မီ၊ ဝယ်သူကျေနပ်လက်ခံမည့် ပြုပြင်ထိန်းသိမ်း ဝန်ဆောင်မှုများပေးရန်၊
၆။ စာရင်းဇယားများ အချိန်နှင့်တစ်ပြေးညီ ပြည့်စုံ၊ မှန်ကန်အောင် ရေးဆွဲရန်၊
၇။ စာရင်းစစ်ဆေးခြင်းကိုလည်း သတ်မှတ်အဆင့်၊ သတ်မှတ်ကာလအတိုင်း စစ်ဆေးရန်နှင့် အာမခံချက်ပေးနိုင်စေရန်၊
၈။ ဗဟိုအပါအဝင် ဒေသအလိုက်၊ အဆင့်အလိုက် သမဝါယမဆိုင်ရာ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးရန်၊
၉။ ဝန်ထမ်းများနှင့် အမှုဆောင်များအားလုံး သံမဏိစည်းကမ်းအပါအဝင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာပြီး တာဝန်ခံ၊ တာဝန်ယူမှု အပြည့်အဝရှိအောင်ဆောင်ရွက်ရန်၊
၁၀။ သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင်မြင်ရေး (Sustainable Development) အတွက် ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
၁၁။ ပြည်သူ၏ ယုံကြည်မှုရအောင်နှင့် ခိုင်မာအောင်တည်ဆောက်ရန်၊

*သိပ္ပံ၊ နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်၊ နျူကလီးယားစွမ်းအင်၊ မော်တော်ကားနည်းပညာနှင့် ယာဉ်ထိန်းသိမ်းကွပ်ကဲမှုဆိုင်ရာ အင်ဂျင်နီယာပညာစသည်တို့ကို အများပြည်သူ အသိပညာနှင့် ဗဟုသုတတိုးပွားပြီး လွယ်လင့်တကူ နားလည်သဘောပေါက်နိုင်စေရန် ပင်တိုင်ဆောင်းပါးရှင် သိပ္ပံစာရေးဆရာ ကိုကိုအောင်၏ ဆောင်းပါးများကို မြန်မာ့အလင်း သတင်းစာတွင် အပတ်စဉ်ကြာသပတေးနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။*

# ပျော်ရွှင်တစ်လှည့် ဝမ်းနည်းတစ်ခါ...အို-မြစ်ဝါ

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

ကမ္ဘာပေါ်ရှိ မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် ဖြတ်သန်းစီးဆင်းရာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ တောတောင်နှင့် မြို့ရွာများကို တင့်တယ်ကြည့်ကောင်းစေခြင်းဖြင့် သာယာဖွယ်အတိဖြစ်စေသည်။ မြစ်တစ်စင်းကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ်ဖြစ်ထွန်းကာ လမ်းပန်းဆက်သွယ်ရေးကိုလည်း ကောင်းစွာအထောက်အကူပြုပေးသည်။ ကုန်စည်စီးဆင်းမှုကို ဖြစ်ပေါ်လာစေရုံမျှမက ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ကြီးမားစွာအထောက်အပံ့ပြုပေးနိုင်သည်။

ကမ္ဘာ့အထင်ကရမြစ်ကြီးများသည် နိုင်ငံနှင့်လူမျိုးတို့၏ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများကို လက်ဆင့်ရေထွက်ပစ္စည်း ထုတ်လုပ်ရေးစသည်တို့ကို ကြီးမားစွာ အထောက်အကူပြုပေးနိုင်ရုံမျှမက ကောက်ပဲသီးနှံများကို အောင်အောင်မြင်မြင် စိုက်ပျိုးဖြစ်ထွန်းစေသော မြစ်ဝါမြစ်ကြီးသည် ရုတ်တရက်မြစ်ရေကြီးခြင်း၊ မြစ်ရေစီးလမ်းကြောင်း ပြတ်တောက်ခြင်း၊ မြစ်ကြောင်းပြောင်းလဲစီးဆင်းခြင်းစသော အကြောင်းများကြောင့်လည်း လူ့အသက်ပေါင်းများစွာတို့ကို ဆုံးရှုံးစေပြီး ဘေးဒုက္ခများစွာတို့ကို အကြီးအကျယ် ကျရောက်စေခဲ့သည်။ ကောက်ပဲသီးနှံများကို ပျက်စီးစေပြီး စားနပ်ရိက္ခာရှားပါးမှုများကိုပါ ကြုံတွေ့စေခဲ့သော မြစ်ကြီးတစ်စင်းလည်းဖြစ်သည်။ ထို့ကြောင့်ပင် ကောင်းကျိုးများစွာကို ဖြစ်စေခဲ့သလို ဆိုးကျိုးများစွာကိုလည်း ဖြစ်ပေါ်စေခဲ့သည့် မြစ်ဝါမြစ်ကြီးကို Joy And Sorrow River ဟု



ကမ်းပေးရာ သမိုင်းအမွေအနှစ်များလည်း ဖြစ်ကြသည်။ ကမ္ဘာအရပ်ရပ်တွင် သဘာဝအလျောက် စီးဆင်းနေကြသော မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် လူနှင့်သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေမှု အလွန်နည်းပါးသည်။ သဘာဝအတိုင်းစီးဆင်းနေသော မြစ်များကြောင့် အများဆုံးအားဖြင့် မြစ်ရေလျှံတက်ခြင်း၊ ရေတိုက်စားခြင်းနှင့် ကမ်းပြိုခြင်း စသည့်ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေနိုင်သည်။

သို့ရာတွင် မြစ်ရေများသဘာဝအလျောက် စီးဆင်းနေမှုကို အကြောင်းတစ်နည်းနည်းဖြင့် ဟန့်တားခုခံခြင်း၊ ဆည်၊ တမံနှင့်ရေကာတာများ တည်ဆောက်ခြင်း၊ မြစ်တွင်းစီမံကိန်းများ လုပ်ဆောင်ခြင်း၊ မြစ်ရေကို အတိုင်းအဆမဲ့ရယူသုံးစွဲခြင်း၊ ဓာတုဓာတ်ကြွင်းများပါဝင်နေသော ရေဆိုးရေညစ်များကို မြစ်အတွင်းသို့ စီးဆင်းဝင်ရောက်စေခြင်း၊ မြစ်ကမ်းဘေးဝဲယာရှိ သဘာဝသစ်ပင်သစ်တောများကို ပြုန်းတီးစေခြင်း၊ ရေဝေရေလဲဒေသများကို ဖျက်ဆီးခြင်းစသော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြမည် ဆိုလျှင်မူ ရုတ်တရက်မြစ်ရေကြီးခြင်း၊ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခြင်း၊ ကောက်ပဲသီးနှံများ အကြီးအကျယ် ပျက်စီးခြင်း၊ ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ဓာတုအဆိပ်သင့်ခြင်းစသော ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာပေါ်ရှိအမည်နာမအားဖြင့် ထင်ရှားကျော်ကြားသော မြစ်ကြီးများထဲတွင် တရုတ်ပြည်ရှိ မြစ်ဝါမြစ်ကြီးသည်လည်း တစ်စင်းအပါအဝင်ဖြစ်သည်။ ရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းရေး၊ တင်စားသုံးနှုန်းခဲ့ကြသည်။

တိဗက်အရှေ့ပိုင်းရှိ တောင်တန်းများ၌မြစ်ဖျားခံကာ ဂိုဘီသဲကန္တာရ၏ မြောက်ပိုင်းတစ်လျှောက် ကွေ့ဝိုက်စီးဆင်းလာပြီး တရုတ်ပြည်မကြီး၏ အလယ်တည့်တည့်ကို ဖြတ်သန်းကာ ပင်လယ်ဝါထဲသို့စီးဝင်နေသော မြစ်ဝါမြစ်ကြီးသည် တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှုများကို မွေးဖွားလက်ဆင့်ကမ်းရာ မဟာဗျူဟာမြောက် မြစ်ကြီးတစ်စင်းပင်ဖြစ်သည်။

အရှည်မိုင်ပေါင်း ၃၄၀၀ ရှိသော မြစ်ဝါမြစ်ကြီးသည် ကမ္ဘာ့ပဉ္စမမြောက် အရှည်လျားဆုံးမြစ်ကြီးဖြစ်ပြီး ရေပေးဝေမှု ဧကပေပေါင်း ၄၆ သန်းမျှရှိသည်။ နွံနှစ်များဖြင့် ပြည့်နှက်နေသောရေများ အလျင်မပြတ် စီးဆင်းနေသည့်အတွက် မြစ်ဝါမြစ်ဟု အမည်တွင်လျက်ရှိသည်။ မြစ်ဝါမြစ်ကြီးသည် ဟူခိုရေတံခွန်ကြီးများအောက်၌ တည်ရှိနေပြီး ထိုရေတံခွန်ကြီးများမှ နွံနှစ်အများအပြား ပါဝင်နေသော ရေတန်ချိန်ပေါင်း တစ်သန်းခန့်မှာ နှစ်စဉ်ကျရောက်စီးဆင်းလျက်ရှိနေသည်။ နွံနှစ်များကြောင့် အဝါရောင်သန်းနေသော မြစ်ဝါမြစ်ကြီးသည် ကမ္ဘာ့နွံနှစ်အထူပြောဆုံး မြစ်ကြီးတစ်စင်းဖြစ်ပြီး မြစ်ရေတစ်တန်တွင် နွံနှစ်များပေါင် ၉၀ နီးပါးပါဝင်လျက်ရှိနေသည်။ မြစ်ဝါမြစ်ကြီး၏ မြစ်ရေတွင် နွံနှစ်ပါဝင်မှု အချိုးအစားမှာ အမေရိကန်ပြည်ထောင်စုရှိ ကော်လိုရာဒိုမြစ်၏ နှစ်ဆဖြစ်ပြီး မစ္စစ္စပီမြစ်၏ အဆ၇၀ မျှပင် ရှိနေသည်။

ထိုနွံနှစ်များကြောင့်ပင် ဖြတ်သန်းစီးဆင်းရာ တောင်ကြားလွင်ပြင်ဒေသတစ်ခုလုံးကို မြေဆီဩဇာ အလွန်ကောင်းစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားဖြင့် အထောက်အပံ့ပြုပေးလျက်ရှိသည်။ မြစ်ဝါမြစ်ကြီးသည် တရုတ်နိုင်ငံကို ကမ္ဘာ့ဂျုံအများဆုံး စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်စေခဲ့သလို ကမ္ဘာ့ပြောင်းစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ်လည်း ရပ်တည်နိုင်စေခဲ့သည်။

အနည်းဆုံးအားဖြင့် နိုင်ငံ့လူဦးရေ ၅ သန်းကျော်တို့အတွက် မြစ်ဝါမြစ်ကြီးက ရာနှုန်းပြည့် အမှီသဟဲပြုခံနေရသလို၊ တရုတ်ယဉ်ကျေးမှုများ ထွန်းကားရာ သမိုင်းဝင်မြစ်ကြီးတစ်စင်းလည်းဖြစ်သည်။ အဆိုပါမြစ်ဝါမြစ်ကြီးသည် ဘီစီ ၆၀၀ ခုနှစ်မှ အေဒီ ၁၉၄၉ ခုနှစ်အတွင်း တရုတ်ပြည်မြောက်ပိုင်းလွင်ပြင်၌ မြစ်ကြောင်းပြောင်းလဲစီးဆင်းမှု ၂၆ ကြိမ်တိုင် ဖြစ်ပွားခဲ့သည်။

ပျမ်းမျှအားဖြင့် ရာစုနှစ်တစ်စုတွင် တစ်ကြိမ်ကျစီဖြင့် မြစ်ကြောင်းပြောင်းလဲ စီးဆင်းခဲ့ခြင်းဖြစ်သည်။ တရုတ်လူမျိုးတို့၏ ရှေးရိုးစဉ်လာယုံကြည်မှုများအရ မြစ်ဝါမြစ်ကြီး၏မြစ်ကြောင်း ပြောင်းလဲမှုဖြစ်ပေါ်လျှင် ကောင်းကင်ဘုံက ပေးအပ်ထားသော အခွင့်အာဏာများ ကုန်ဆုံးပြီဟု တရုတ်သက်ဦးဆံပိုင် ဘုရင်တို့ယုံကြည်ကြသည်။ ထိုသို့ယုံကြည်သည့်အတိုင်းလည်း မြစ်ဝါမြစ်ကြီး ရေစီးလမ်းကြောင်းပြောင်းလဲသည့် အချိန်ကာလများတွင် မင်းပြောင်းမင်းလဲများဖြစ်ခဲ့သည်။

မြစ်ဝါမြစ်ကြီး ရေစီးလမ်းကြောင်းပြောင်းလဲစီးဆင်းခဲ့သည့် အကြိမ်များအနက် ၁၄ ရာစုအတွင်းက ဖြစ်ပျက်ခဲ့သော မြစ်ကြောင်းပြောင်းလဲစီးဆင်းမှုကြီးတွင် မြစ်ဝါမြစ်ကမ်းဘေးဝဲယာ၌ မှီခိုရှင်သန်ပေါက်ပွားခဲ့ကြသော သောင်းဂဏန်းနှင့်ချီသည့် ကြွက်များသည် ဥရောပတိုက်သို့ ပြောင်းရွှေ့ထွက်ပြေးခဲ့ကြသည်။ ထိုကြွက်များသည် ပုလိပ်ရောဂါပိုးကို သယ်ဆောင်ထားကြသည့်အတွက် ထိုကြွက်များမှတစ်ဆင့် ကူးစက်လာသော ပုလိပ်ရောဂါကြောင့် ဥရောပတိုက်သား ထက်ဝက်ကျော်မျှ သေဆုံးခဲ့ကြရသည်။

တရုတ် - ဂျပန်စစ်ပွဲကာလအတွင်းကလည်း မြစ်ဝါမြစ်ကြီး ထိန်းမနိုင်သိမ်းမရ ရေလျှံတက်မှုကြောင့် တရုတ်ပြည်သူသိန်းပေါင်းများစွာ သေဆုံးခဲ့ကြရသည်။ စစ်ပွဲကာလ ၁၉၃၈ ခုနှစ် ဇွန်လဆန်းက ဂျပန်တို့၏ ထိုးစစ်ကို ဟန့်တားရန် ရည်ရွယ်ချက်ဖြင့် တရုတ်စစ်ဗိုလ်ချုပ်ကြီးများက မဟာအမှားတော်ပုံကြီးတစ်ခုကို ကျူးလွန်ခဲ့ကြရာမှ မြစ်ဝါမြစ်ကြီး တားမရဆီးမနိုင် ရေလျှံသွားခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်မြောက်ပိုင်းလွင်ပြင်တစ်ခုလုံးကို ရေလွှမ်းမိုးခြင်းမှကာကွယ်ရန်အတွက် ရှေးတရုတ်မင်းဆက်တို့က တည်ဆောက်ထားခဲ့ကြသော နှစ်ပေါင်း ၄၀၀ သက်တမ်းရှိ ဟွာယွမ်ခိုတမံကြီးကို ရာပေါင်းများစွာသော မိုင်းများ၊ အမြောက်ကြီးများဖြင့် ပစ်ခတ်ဖောက်ခွဲရန် စစ်ဗိုလ်ချုပ်ကြီးများက အမိန့်ပေးခဲ့ကြသည်။ ဟွာယွမ်ခိုရေတမံကြီး ပြိုကွဲပျက်စီးကာ ထိုတမံကြီးမှ ပေါက်ထွက်လာသော ဧရာမရေလုံးကြီးများက ဂျပန်စစ်တပ်ကို ဟန့်တားနိုင်ခဲ့ပြီး ဂျပန်တို့၏ထိုးစစ်ကို တစ်လခန့်မျှ တုံ့ဆိုင်းနှေးကွေးသွားစေခဲ့သည်။

သို့ရာတွင် တရုတ်စစ်ဗိုလ်ချုပ်ကြီးတို့ မစဉ်းစားမိခဲ့သော ကံဆိုးမိုးမှောင်ဖြစ်ရပ်ကြီးတစ်ခုလည်း ဖြစ်ပွားခဲ့တော့သည်။ ဖောက်ခွဲမှုများကြောင့် ဧရာမရေလုံးကြီးများကျဆင်းလာပြီး မြစ်ဝါမြစ်ကြီး ထိန်းမနိုင်သိမ်းမရ ရေလျှံမှုဖြစ်ပေါ်ကာ ရေစီးလမ်းကြောင်းကိုပါ လုံးဝသွေဖည်ပြောင်းလဲသွားစေခဲ့သည်။ မြစ်ဝါမြစ်ကြီး ရုတ်တရက်ရေလျှံတက်လာသဖြင့် ပြည်နယ်သုံးခုရှိ မြို့၊ ရွာ လယ်မြေများ ရေနစ်မြုပ်ကာ၊ လူသန်းပေါင်းများစွာတို့ အိုးအိမ်စွန့်ခွာထွက်ပြေးကြရသည်။ ကူးစက်ရောဂါများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီး တရုတ်ပြည်သူ ကိုးသိန်းနီးပါး အသက်ဆုံးရှုံးခဲ့ကြရသည်။

တရုတ်စစ်ဗိုလ်ချုပ်ကြီးများ၏ စစ်ရေးအမြင် တစ်ခုတည်းဖြင့် ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့မှုကြောင့်၊ တရုတ်ပြည်သူ သိန်းပေါင်းများစွာ သေဆုံးပြီး သန်းပေါင်းများစွာတို့မှာ အတိဒုက္ခကျရောက်ခဲ့ကြရသည်။ အကယ်၍ ဂျပန်တို့၏ထိုးစစ်ကို ရင်ဆိုင်တိုက်ခိုက်ခဲ့လျှင်သော်မှ တရုတ်စစ်သားဦးရေ အများဆုံး ထောင်ဂဏန်းမျှသာ သေဆုံးနိုင်သော်လည်း မှားယွင်းသောဆုံးဖြတ်ချက်ကြောင့် အပြစ်မဲ့သော တရုတ်ပြည်သူ သိန်းနှင့်ချီသေဆုံးကာ သန်းနှင့်ချီပြီး အတိဒုက္ခ ရောက်ခဲ့ကြရခြင်းဖြစ်သည်။

ထိုစဉ်က အဖြစ်အပျက်တွင် မြစ်ဝါမြစ်ကြီးသည် မူလစီးဆင်းရာလမ်းကြောင်းမှ လုံးဝသွေဖည်သွားပြီး မူလနေရာ၏ တောင်ဘက်ကီလိုမီတာ ၇၂၀ အကွာထိတိုင် နေရာရွှေ့သွားကာ၊ ပင်လယ်ဝသို့ ရောက်ခါနီးတွင် ယန်စီမြစ်နှင့် အလွန်နီးကပ်သွားပြီးမှ ပင်လယ်ဝါထဲသို့ စီးဆင်းသွားခဲ့သည်။

ဤသို့အားဖြင့် ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုတို့ကို အကြိမ်ကြိမ်ပေးစွမ်းခဲ့သော မြစ်ဝါမြစ်ကြီးသည် ရေကြီးရေလျှံဖြစ်ပြီးသည်နှင့် မိုးခေါင်မှုများလည်း ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် မြစ်ဝါမြစ်ကြီးသည် ပင်လယ်ထဲသို့ရောက်အောင် စီးဝင်နိုင်ခြင်းမရှိတော့ပေ။ ဖြတ်သန်းစီးဆင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ထောင်ပေါင်းများစွာသော ရေအိုင်များသည်လည်း တစ်စတစ်စ ပျောက်ကွယ်သွားကြသည်။ စားကျက်မြေများ၏ သုံးပုံတစ်ပုံမှာ သဲကန္တာရဖြစ်သွားသလို၊ တစ်ချိန်က မြေဆီဩဇာကောင်းခဲ့သည့် မြောက်ပိုင်းလွင်ပြင်ကြီးရှိ ဧက သန်းပေါင်းများစွာတို့မှာလည်း စိုက်ပျိုး၍မရတော့ပေ။ မြစ်ဝါမြစ်ကြီး၏ ပုံမှန်ရေပေးဝေနိုင်မှု ပမာဏကလည်း ဧက ပေ ၄၆ သန်းမှ ၃၅ သန်းသို့ ကျဆင်းလာတော့သည်။ ဂျုံနှင့် ပြောင်းအထွက်နှုန်းများ သိသာစွာကျဆင်းသွားပြီး တောင်သူအများစုတို့ကလည်း စိုက်ပျိုးရေးကို စွန့်လွှတ်လာကြတော့သည်။

တစ်ချိန်က မြစ်ဝါမြစ်ကြီးကြောင့် ကောက်ပဲသီးနှံနှင့် စားနပ်ရိက္ခာများ ပိုပိုလျှံလျှံရှိခဲ့သည့် တရုတ်နိုင်ငံသည် မိမိ၏ပြည်သူများစားသုံးရန်အတွက် စားနပ်ရိက္ခာများကို အိမ်နီးချင်းနိုင်ငံများမှ ရနိုင်သလောက် တင်သွင်းနေရတော့သည်။ ထိုအခါ မြန်မာ၊ ဗီယက်နမ်၊ လာအို စသောအိမ်နီးချင်းနိုင်ငံတို့မှ ထွက်ရှိသည့် စားနပ်ရိက္ခာမျိုးစုံတို့သည်လည်း တရုတ်ဈေးကွက် ဟူသော မက်လုံးများကြောင့် အဆမတန် ဈေးနှုန်းကြီးမြင့်လာကြသည်။

ထိုထိုသောနိုင်ငံများမှ နိုင်ငံသူနိုင်ငံသားများသည် မိမိတို့မြေပေါ်တွင် စိုက်ပျိုးဖြစ်ထွန်းသော ကောက်ပဲသီးနှံနှင့်စားနပ်ရိက္ခာများကို တရုတ်ပြည်ပေါက်ဈေးအတိုင်း ဈေးနှုန်းအဆမတန်ဖြင့် ဝယ်ယူစားသုံးနေကြရတော့သည်။

စာချုပ်ဆိုရသော် မြစ်ဝါမြစ်ကြီး၏ ပြဿနာသည် ယင်းကို အမှီသဟဲပြုနေသော တရုတ်ပြည်သူတို့၏ ပြဿနာမျှသာမကဘဲ တရုတ်တစ်နိုင်ငံလုံး၏ ပြဿနာကြီးပါ ဖြစ်လာရသလို. . . အိမ်နီးချင်းနိုင်ငံများအတွက်လည်း အခြေခံစားဝတ်နေရေးကို သက်ရောက်ထိခိုက်လာသည့် ပြဿနာကြီးတစ်ရပ် ဖြစ်လျက်ရှိနေပေတော့သည်။

**ဤသို့အားဖြင့် ပျော်ရွှင်မှုနှင့် ဝမ်းနည်းမှုတို့ကို အကြိမ်ကြိမ်ပေးစွမ်းခဲ့သော မြစ်ဝါမြစ်ကြီးသည် ရေကြီးရေလျှံဖြစ်ပြီးသည်နှင့် မိုးခေါင်မှုများလည်း ဆက်လက်ဖြစ်ပေါ်လာခဲ့**

# ဒလမြို့နယ်တွင် သောက်ရေသန့်ဘူး ၃၅၀၀ ပေးဝေလှူဒါန်း



**ရန်ကုန်  မေ  ၆**

မေ ၃ ရက် တနင်္ဂနွေနေ့က ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်ရှိ သောက်ရေရှားပါးသည့် ရပ်ကွက်အချို့တွင် ရန်ကုန်မြို့ အလှူရှင်များက ၂၀ လီတာသောက်ရေသန့်ဘူး ၃၅၀၀ ကို ကုန်ကားကြီးငယ်များဖြင့် တင်ဆောင်လာပြီး ရပ်ကွက်နေပြည်သူများအား ဖြန့်ဝေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

NGO အဖွဲ့အစည်းတစ်ခုမှ နံနက်ပိုင်းတွင် ၂၀ လီတာ သောက်ရေသန့်ဘူးအလုံးရေ ၁၀၀၀ ကို ညောင်ကုန်း၊ ရာဇသကြီး၊ ကျွန်စစ်သား၊ မှော်စက်ရပ်ကွက်များတွင် လည်းကောင်း၊ ညနေပိုင်းတွင် ဘုရင့်နောင်ပွဲရုံဝင်းမှ NGO ကားဂိတ် အဖွဲ့အစည်းမှ သောက်ရေသန့်ဘူး ၁၀၀၀ကို ညောင်ကုန်း၊ မင်းစု၊ ငါးဒန်တရာတို့တွင် လည်းကောင်း ရပ်ကွက်နှင့် ကျေးရွာနေပြည်သူများအား ပေးဝေလှူဒါန်းကြောင်း ဒလမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလားတူ လှိုင်သာယာမြို့နယ်မှ အလှူရှင်များကလည်း နေ့လယ်ပိုင်းတွင် ဒလမြို့နယ်အတွင်း သောက်ရေသန့်ဘူး ၁၅၀၀ လာရောက်လှူဒါန်းပေးဝေရေဒါန ပြုလုပ်နေသည်ကို ဒလမြို့အဝင်တွင် မြင်တွေ့ခဲ့ရသည်ဟု ညနေပိုင်း ရေဒါန လာရောက်ပြုသူတစ်ဦးက ပြောသည်။

သောက်ရေရှားပါးသော ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမြို့နယ်အတွင်း ရန်ကုန်ဘက်ကမ်းမှ သောက်ရေဒါန လာရောက်ပြုလုပ်ပေးဝေလှူဒါန်းသည့်အတွက် သောက်ရေအခက်အခဲရှိသော ရပ်ကွက်များ၊ ကျေးရွာများမှပြည်သူများ ဝမ်းသာအားရဖြစ်နေသည်ကို မြင်တွေ့ရသည်။ မိမိတို့အိမ်ရှိ ရေထည့်ရန်ပုံးမျိုးစုံ၊ ဇလုံစသည်ဖြင့် လာရောက်၍ ယူဆောင်ကြသည်ကို မြင်တွေ့ရသည်။ အချို့သောကျေးရွာတွင် တစ်ရက်စာသာ သောက်ရေသိမ်းဆည်းရန် ပုံး၊ ခွက်များရှိသဖြင့် မေ ၂ ရက်တွင် လာရောက်ရေဒါနပြုပြီး မေ ၃ ရက်တွင် ယင်းနေရာသို့ လာရောက်ထပ်မံပေးဝေရာတွင် သောက်ရေသိမ်းရန် အခက်အခဲဖြစ်နေသည်ကို မြင်တွေ့ရသည်ဟု ရေဒါနပြုလုပ်ရာ နေရာများသို့ လိုက်ပါကူညီလုပ်ဆောင်ပေးနေသည့် ဒေသခံတစ်ဦးက ဆိုသည်။

ဒလမြို့နယ်တွင်း ပေးဝေနေသောရန်ကုန်ပေါက် ရေပိုက်လိုင်းမှရေများသည် သောက်ရေအတွက် သုံးစွဲ၍မရဘဲ သုံးရေအဖြစ်သာ သုံးစွဲ၍ရသည်။ စည်ပင်ပိုင်ရေသယ်ကားအချို့ ရေဖြည့်နေသည်ကို မြင်တွေ့ရသည်။ ဒလမြို့နယ်တွင် နေထိုင်သူများမှာ မိုးရေခံရေကန်ကြီးများမှ ရေကိုသောက်ရေအဖြစ် အားထားသုံးစွဲနေရသည်။ ရေတစ်ထမ်းလျှင် ခရီးအနီးအဝေးပေါ်မူတည်၍ ငွေကျပ် ၂၀၀/၂၅၀ နှုန်းပေးဝယ်သုံးစွဲနေရရာ သောက်ရေကန်အချို့ ရေခန်းမှုရှိလာသည်။ သောက်ရေကန်များမှရေကို နံနက်ပိုင်း၊ ညပိုင်းအချိန် သတ်မှတ်၍ စည်းကမ်းတကျ ခပ်ယူသုံးစွဲခွင့်ပြုထားသည်။ နှစ်စဉ်ကြုံတွေ့နေရသော သောက်ရေရှားပါးမှုကို စေတနာသောက်ရေ အလှူရှင်များက လာရောက်လှူဒါန်းရာတွင် သောက်ရေတစ်ဘူး၏တန်ဖိုးမှာ ၂၀ လီတာတစ်ဘူးလျှင် ငွေကျပ် ၃၀၀ ဝန်းကျင်သာရှိသော်လည်း သယ်ယူစရိတ်မှာ သောက်ရေသန့်တန်ဖိုးနီးပါးရှိနေသည်။ လှိုင်သာယာ-ပန်းလှိုင်-တွံတေး-ဒလလမ်းအတိုင်း ယာဉ်များလာရောက်ရာတွင် ပေးဆောင်နေရသော တံတားကြေးများ၊ လမ်းကြေးများကောက်ခံမှု၊ ရန်ကုန်နှင့်ဒလမြို့ဝင်ကြေးများ ခရီးအကွာအဝေး ၁၇ မိုင်ဝန်းကျင်တွင် ခြောက်နေရာရှိပြီး ငါးဒန်တရာကျေးရွာသို့သွားရောက်သည့် ဒလ-ခနေ-သခွပ်-လက်ခုပ်ကုန်းလမ်းတွင် နှစ်နေရာထပ်မံကြုံတွေ့ရသည်။ သို့သော် အချို့သော ကောက်ခံရေးစခန်းများတွင်ရေအလှူအတွက် လာရောက်သည်ဆိုပါက ငွေကောက်ခံခြင်းမရှိသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းမှ ကားဂိတ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုနှစ် ဧပြီလအတွင်း ရန်ကုန်အပါအဝင် နေရာအများအပြားတွင် မိုးရွာသွန်းမှုများရှိသဖြင့် ဒလမြို့နယ်အတွင်း သောက်ရေရှားပါးမှုမှ ယခင်နှစ်များကဲ့သို့ မများသော်လည်း သောက်ရေအလှူရှင်များ လာရောက်လှူဒါန်းမှုရှိသဖြင့် ဒလမြို့နယ်တွင် နေထိုင်သော ဝင်ငွေနည်းလူတန်းစားများအတွက် အဆင်ပြေမှုရှိလာသည်။

**ခင်ဆိုင်**

## လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ ဟောပြောမည်

**ရန်ကုန်  မေ  ၆**

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတိုးတက်လာရာ ပြည်တွင်းလုပ်ငန်းရှင်များနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိသည်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေစေရေးအတွက် ခေတ်စနစ်နှင့်အညီ လုံခြုံရေးဆိုင်ရာနည်းပညာများ၊ စီမံခန့်ခွဲမှုများကို အသင့်ပြင်ဆင်ထားရန် လိုအပ်လာနေပြီဖြစ်သည်။

ထို့ကြောင့် လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုများ၊ နည်းပညာနှင့်စက်ပစ္စည်းများ၊ ကမ္ဘာ့လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ဟောပြောပွဲများကို FISCA မှဦးစီးပြီး ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် မေ ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကဏ္ဍဖွံ့ဖြိုးစေသည့် အဆိုပါပြပွဲကြောင့် ပုဂ္ဂလိကဘဏ်နှင့်တန်ဖိုးကြီးလုပ်ငန်းများအား ကိုင်တွယ်ရသော ပုဂ္ဂလိကလုပ်ငန်းအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရွှေကူ  မေ  ၆**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေချောင်းသာကျေးရွာအုပ်စု ရွှေချောင်းသာကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ မေ ၃ ရက်က မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဘုန်းမော်မိုးက ကျေးလက်နေပြည်သူ ၁၃၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်တို့က တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

(၁) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့်ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် လုပ်ငန်းအမျိုးအစား | အတိုင်းအတာ | စံချိန်စံညွှန်း |
| --- | --- | --- |
| (၁) တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး (မကွေး) | ၈၂'×၇၆'×၂၂' (တစ်ရုံး) | သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံနှင့်ရေ၊ မီး၊ မိလ္လာစနစ်အပြည့်အစုံ |
| (၂) ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး (မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါ) | ၇၆'×၇၆'×၁၂' (ငါးရုံး) | သံကူကွန်ကရစ်တစ်ထပ် အဆောက်အအုံနှင့်ရေ၊ မီး၊ မိလ္လာစနစ်အပြည့်အစုံ |

(၂) တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် ဦးစီးဌာနကသတ်မှတ်ထားသောလုပ်ငန်း စံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်သည်။

(၃) အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၇-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အမှတ် A(6)၊ တောင်တွင်းကြီးလမ်းရှိ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၆-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်ရက်ကို တင်ဒါသွင်းသူထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

(၄) အသေးစိတ်သိရှိလိုသောအချက်များကို အထက်ပါရုံး၌လည်းကောင်း၊ ဖုန်း-၀၆၃-၂၈၃၆၈ နှင့် ၀၆၃-၂၈၃၆၉တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


**ဂျာထူးဝင်ခွင့်သင်တန်း**

**မြိုး**

(၆)လပိုင်း၊ (၉)လပိုင်းဖြေဆိုရမည့် ဂျာထူးများ

စိစစ်ရေးမှူး-၂ (ဘဏ္ဍာရေးနှင့် အခွန်)

Special Class -၃၅၀၀၀ိ/-
အနီးကပ် -၂၀၀၀၀ိ/-

Assignment ဝယ်ယူနိုင်သည်။

၃၀၊၃လွှာ၊ရတနာလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁၃၇၂၄၉


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

### ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(လျှပ်စစ် စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို ၁၈-၅-၂၀၁၅) ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၄င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မည်သူမဆို ၁၃-၅-၂၀၁၅ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန** - အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
**ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃**

### သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ကွယ်လွန်သူ ဒေါက်တာနော်မာစောတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၈၀ဘီ/၂၊ မြေဧရိယာ ၀ဒသမ၁၄၄ဧကရှိ မြေပိုင်မြေကွက်နှင့် ဒေါက်တာနော်မာစော အပါအဝင် မောင်နှမ သုံးဦးအမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဒီ၊ မြေကွက်အမှတ် ၈၀ဘီ/၁၊ မြေဧရိယာ ၀ ဒသမ ၆၃၁ဧကရှိ မြေပိုင်မြေကွက်နှစ်ကွက်တို့နှင့်စပ်လျဉ်း၍ ဒေါက်တာနော်မာစော၏အမွေပစ္စည်းများကို တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဦးကျော်ညိမ်းနှင့် ဒေါက်တာနော်မာစောတို့၏တစ်ဦးတည်းသော သမီးအရင်းဖြစ်သူ ဒေါ်မြမြအေး ၁၂/ကမရ(နိုင်)၀၂၇၈၉၈နှင့် ဒေါ်မြမြအေး အပါအဝင် မိသားစုလေးဦးတို့၏ကတိပြုချက်အရ ဒေါ်မြမြအေး၏အမွေမှုအမှန်အတိုင်း အနိုင်ရရှိရေးအတွက် ငွေကြေးအမြောက်အမြားအကုန်အကျခံလျက် ခြောက်နှစ်ကြာ ဆောင်ရွက်ပေးခဲ့သူ ဦးကိုထွန်း ၁၂/မရက(နိုင်)၁၅၇၆၆၂တို့အကြား ဖြစ်ပွားလျက်ရှိသော ကတိပဋိညာဉ်ဆိုင်ရာ ငွေကြေးကိစ္စများကို တရားနည်းလမ်းတကျ ရှင်းလင်း၍ မပြီးပြတ်မီ မည်သူမဆို အဆိုပါမြေကွက်နှစ်ကွက်အား ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ကြရန် မြန်မာ့အလင်းသတင်းစာမှ ၇-၆-၂၀၁၄ ရက်တွင် ကြေညာထားပြီးဖြစ်သော်လည်း ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၈၀ဘီ/၂၊ မြေဧရိယာ ၀ ဒသမ ၁၄၄ဧကရှိ မြေပိုင်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ဦးကိုထွန်း လက်ရှိနေထိုင်အသုံးပြုလျက်ရှိသည့် နေအိမ်ကို ဦးကိုထွန်းမရှိခိုက် ဖျက်ဆီးလျက် နေအိမ်ပေါ်ရှိ ဦးကိုထွန်းပိုင်ပစ္စည်းများကို ဦးကိုထွန်း၏သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ယူဆောင်သွားကြသော ဦးအုန်းရွှေပါ ခြောက်ဦးတို့အား အရေးယူပေးပါရန် ၂-၅-၂၀၁၅ရက် နံနက်ပိုင်းတွင် သိသိချင်းချက်ချင်း ကမာရွတ်မြို့မ ရဲစခန်းတွင် တိုင်ကြားခဲ့ပြီး ဥပဒေနှင့်အညီအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ကျုံပျော် မန်းဟန်တင်** B.A,D.S,R.L
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၁)**
**တိုက်-၁၂၊ အခန်း-၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် အသုံးပြုရန် လိုအပ်သောမော်တော်ယာဉ်တာယာ(DUNLOP)(ဆိုက်စုံ)နှင့် မော်တော်ယာဉ်သုံး ဘက်ထရီ(AK) အမျိုးအစား ၂၃ လုံးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ တင်သွင်းလွှာများကို ၂၁-၅-၂၀၁၅ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာများတွင် ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ် (၄၈)၊နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊၀၆၇-၄၃၁၀၀၂**

**ပျောက်ဆုံးကြောင်း**

အီခမ်းခေါင်(ဘ)ဦးနွဲ့အွန်ခမ်း ၁၃/ မယတ(နိုင်)၀၂၅၉၅၉၏ ပတ်စပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၄၇၆၂၅၇**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယဉ်အမှတ် ၄ဂ/၅၈၈၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်၊ အလက(သစ်ချောက်)သတ္တမတန်းအောင်မှ မယွန်းနဒီထွန်း (ကျောင်းဝင်အမှတ်-၅၄၉၂)၏ဖခင်အမည်မှန်မှာ ဦးနေထွန်း ၅/ကလထ(နိုင်)၁၂၁၂၈၃ ဖြစ်ပါကြောင်း။

**ဦးနေထွန်း ၅/ကလထ(နိုင်)၁၂၁၂၈၃**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၇၄၃၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ VEC ပညာ့ရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ ဦးအောင်သူကြွယ် ၅/ရဘန(နိုင်)၀၂၅၆၇၈၏သား မောင်ပြည့်ဖြိုးအောင်အား ယနေ့မှစ၍ မောင်ပိုင်မိုးထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပိုင်မိုးထွဋ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## မိုးကုတ်ရတနာနယ်မြေ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်သက်တမ်းတိုးလျှောက်လွှာများ တင်သွင်းရန်
## ကြေညာချက် (၄/၂၀၁၅)
## ၁၃၇၇ခုနှစ် ကဆုန်လဆန်း ၁၃ရက်
## (၂၀၁၅ခုနှစ် ဧပြီ ၃၀ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်ရတနာနယ်မြေတွင် ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရေး၊ ဒေသခံများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန်အတွက် ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ကြေညာချက်(၆/၂၀၁၁)ဖြင့် ကြေညာခေါ်ယူပြီး လုပ်ကိုင်ခွင့်ချထားပေးခဲ့ပါသည်။

၂။ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များအနက်မှ ၂၀၁၅ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန်လုပ်ကွက်များအတွက် သက်တမ်းတိုးလျှောက်ထားခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၅)နှင့်အညီ ခွင့်ပြုမိန့်ကတ် ပြန်လည်ထုတ်ပေးခြင်းတို့ကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၅ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် သက်တမ်းကုန်ဆုံးမည့် သက်တမ်းကုန် တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များကို သက်တမ်းတိုးလျှောက်ထားနိုင်ရန်အတွက် သက်တမ်းတိုးလျှောက်လွှာများထုတ်ယူခြင်းနှင့် လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းများကို ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **တစ်ပိုင်တစ်နိုင်ဖော်ထုတ် လုပ်ကွက်သက်တမ်းတိုး လျှောက်လွှာများ ထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် သက်တမ်းတိုးလျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ၂၀၁၅ ခုနှစ် မေ ၈ ရက်မှစ၍ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။

(ခ) **တစ်ပိုင်တစ်နိုင်ဖော်ထုတ် လုပ်ကွက်သက်တမ်းတိုး လျှောက်လွှာများ တင်သွင်းခြင်း။** သက်တမ်းတိုး လျှောက်လွှာတင်သွင်းလိုသူများသည် ဖော်ထုတ်လုပ်ကွက် လျှောက်လွှာပုံစံ(မကလ-၅)တွင် ဖြည့်စွက်ရမည့် အချက်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ခုနှစ် မေ ၈ရက်မှ ဇွန် ၃၀ရက်အထိ ရုံးဖွင့်ရက်များတွင် ၀၈း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် တင်သွင်းရန်ဖြစ်ပါသည်။

၄။ တစ်ပိုင်တစ်နိုင်ဖော်ထုတ်လုပ်ကွက်များ သက်တမ်းတိုးရန်အတွက် ကြေညာခေါ်ယူမည့် လုပ်ကွက်များစာရင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ မန္တလေးမြို့၊ မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် နယ်အသင်းခွဲများတွင်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန၏ website ဖြစ်သည့် www.mining.gov.mm တွင်လည်းကောင်း ကြော်ငြာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၄င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် မြို့နယ်စုပေါင်းရုံး(၁)ရုံး တည်ဆောက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းအသေးစိတ်တင်သွင်းရန်ဖြစ်ပြီး တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၄-၅-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၃-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၀၇၊ ၀၇၀-၂၂၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဟားခါးမြို့**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၃)အတွင်း၊ ဘုရင့်နောင်လမ်းနှင့် ဦးထွန်းညိုလမ်းထောင့်ရှိ ဘောလုံးကွင်းနေရာ၌ ဝန်ထမ်းအိမ်ရာ (၁၂)ခန်းတွဲ (၅)ထပ် (၈)လုံးဆောက်လုပ်ရန် မြန်မာငွေကျပ်ဖြင့် နိုင်ငံသားကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံလိုပါသည်။

၂။ **တင်ဒါပုံစံနှင့်စည်းကမ်းချက်စတင်ရောင်းချရက်** - ၈-၅-၂၀၁၅ ရက်

၃။ **Company Profile အပါအဝင် TecExperance အာမခံငွေသွင်းချလန်နှင့်အတူတင်ဒါနောက်ဆုံး တင်သွင်းရမည့်အချိန်** - ၁၄-၅-၂၀၁၅ ရက်

၄။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ Drawing များကို တင်ဒါပုံစံရောင်းသည့် ၈-၅-၂၀၁၅ ရက် ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးကော်မတီ**
**စီမံခန့်ခွဲရေးကော်မတီရုံး**
**ရွှေပြည်သာစက်မှုဇုန်(၂+၃+၄)**
**ဖုန်း-၀၁-၆၁၈၁၅၇၊ ၀၁-၆၁၈၅၈၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ဆေးရုံ၊ ဆေးပေးခန်း၊ ဝန်ထမ်းအိမ်ရာများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသော ကုမ္ပဏီများသည် တင်ဒါစည်းကမ်းပုံစံများကို ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - ၀၄၃-၂၃၃၆၆၊ ၀၄၃-၂၁၂၀၂
**တင်ဒါစတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၁၅ ရက်
**တင်ဒါပိတ်သည့်ရက်၊ အချိန်** - ၁၈-၅-၂၀၁၅ ရက်၊ ညနေ ၅း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 03/DHPI/Geology Spare/2015-2016**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဘူမိဗေဒလုပ်ငန်းသုံးဆက်စပ်ပစ္စည်းနှင့် စက်အရန်ပစ္စည်းများအား D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိတ်ပိတ်၍ ၄-၆-၂၀၁၅ရက် (၁၂း၀၀) နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာ စံချိန်စံညွှန်းရမှတ် (၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းများသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၆၇-၄၁၃၈၇၄**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | AG Truck | (၁၀) စီး |
| (ခ) | 132 KW (175 HP) Motor/Pump & Accessories | (၄) စုံ |
| (ဂ) | အုန်းတံမြက်စည်း၊ ထုံး၊ ဗီနိုင်း၊ ရာဘာလက်အိတ် | 1 Lot |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၄-၅-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

## မြန်မာနိုင်ငံဗိသုကာအသင်း
## ပညာရပ်ဆိုင်ရာဟောပြောပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံဗိသုကာအသင်း UNESCO / Japanese Fund in Trust နှင့် Carleton Immersive Media Studio တို့မှ ပူးပေါင်းစီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ CPD Talk (၀၂/၂၀၁၅)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့်ခေါင်းစဉ်** - Documenting Built Heritage
**ဟောပြောမည့်သူ** - Professor Mario Satana (Carleton University)
**ဟောပြောမည့်ရက်နှင့်အချိန်** - ၉ ရက် မေလ ၂၀၁၅
စနေနေ့ (မွန်းလွဲ ၂ နာရီ)
**ဟောပြောမည့်နေရာ** - မြန်မာနိုင်ငံဗိသုကာအသင်းခန်းမ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။

*CPD Talk တက်ရောက်သူ အသင်းဝင်ဗိသုကာများအား CPD Points ပေးမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

---

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈) မြေကွက်အမှတ်(၄၄၃)ဟုခေါ်သည့် နှစ်(၆၀)ဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈) မြေကွက်အမှတ်(၄၄၃)၊ အကျယ်အဝန်း(၄၀'×၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို တရားဝင်အမည်ပေါက်ကာ လက်ရှိထားပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသူ-ဦးထွန်းဝင်း(၁၂/လမတ(နိုင်)၀၂၉၄၈၃)ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက(စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင် (LL-B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)** |
| **Ph-09-731 70516** | **Ph-09-4200 73685** |

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန်
## ကြေညာချက်(၃/၂၀၁၅)
## နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၅ရက်
## (၂၀၁၅ခုနှစ် ဧပြီလ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့်သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများတွင် သက်တမ်းကုန်သည့် လုပ်ကွက်များကို ကြေညာချက် ၄/၂၀၁၃ဖြင့် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း ၃၁-၅-၂၀၁၂ ရက်မှစ၍ တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၄င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်း မပြုခဲ့ပါ။ ၄င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါက ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် ၄/၂၀၀၃ တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၄င်းကြေညာချက်ဖြင့် ဈေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့ရှိ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ ၁၂)၊ (ပုဒ်မ ၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှု လေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၄င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် ဧပြီလ ၂၇ရက်မှ မေလ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြေညာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၄င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်သာမြို့နယ်တရားရုံး
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၅

| | | |
|---|---|---|
| ဦးသိန်းဆောင် | နှင့် | ၁။ ဦးသက်တင်ဦး<br>၂။ ဒေါ်မြတ်မြတ်စိုး |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ချောကလက်စက်ရုံနေ ဦးသက်တင်ဦး၊ ဒေါ်မြတ်မြတ်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေသိန်း(၆၀)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၁၂ရက် (၁၃၇၇ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်နိုင်လတ်)**
**မြို့နယ်တရားသူကြီး**
**တောင်သာမြို့နယ်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခ ဒေါက်တာ ဦးသာလှိုင်**
**မနနလ - ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အငြိမ်းစားသံအမတ်ကြီး၊ မော်ကွန်းဝင်(ဒုတိယဆင့်)**
**အသက်(၉၁)နှစ်**

ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)နှင့် ဇနီး ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)တို့၏ဘကြီး ပါမောက္ခ ဒေါက်တာ ဦးသာလှိုင်သည် ၂၇-၄-၂၀၁၅(တနင်္လာနေ့)ညနေ ၆း၀၀ နာရီတွင် ရန်ကုန်မြို့၊ SSC ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဆွေမျိုးများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် အရာထမ်းဝန်ထမ်းမိသားစုများ
တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ ရွှေဘိုမြို့။

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးယုစိန် အသက်(၈၆)နှစ်**

ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးအုန်းကျော်(မြန်မာနိုင်ငံ သုံးမျိုးစုံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ)တို့၏ဖခင် ဦးယုစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသောင်းထိုက်-ဒေါ်အယ်လ်ခွန်းရီ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်ယုံ(၈၆)နှစ်**

သူငယ်ချင်း ကိုသိန်းစိုး (ဥက္ကဋ္ဌ၊ စည်ပင်-လှိုင်မြို့နယ်)၏ မိခင်ဖြစ်သူ ဒေါ်ကျင်ယုံ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၆-ခုနှစ်(ရန်ကုန်)၊ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယုစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

Max Myanmar Holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယုစိန်သည် ၅-၅-၂၀၁၅ ရက် Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Max Myanmar Holding Co.,Ltd.**
ဝန်ထမ်းမိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**
**ပြည်ထောင်စုစာရင်းစစ်ချုပ်**
**ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**
**အသက်(၆၄)နှစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ် သရေစည်သူ ဦးသိန်းထိုက် (ဒုတိယဗိုလ်ချုပ်ကြီး၊ ငြိမ်း) အသက်(၆၄) နှစ်သည် ၃-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမျိုးမင်းဦး**
**(ကထိက၊ သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်)**
**အသက်(၄၃)နှစ်**

ဒေါက်တာသိန်းသိန်းစိုး(ကထိက၊ သတ္တဗေဒဌာန၊ ကျောက်ဆည်တက္ကသိုလ်)၏ခင်ပွန်း ဒေါက်တာမျိုးမင်းဦးသည် ၃-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခဆရာ၊
ဆရာမများနှင့် သတ္တဗေဒမိသားစု
(ဘားအံတက္ကသိုလ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**
**ပြည်ထောင်စုစာရင်းစစ်ချုပ် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)**
**အသက်(၆၄)နှစ်**

ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သမီးမြထွေးတို့ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အန်ကယ် ဗိုလ်မှူးကြီး ပီကာရော(လ်)(ငြိမ်း)မိသားစု
ဩစတေးလျနိုင်ငံ ပါတ်(သ်)မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**
**ပြည်ထောင်စုစာရင်းစစ်ချုပ် (ဒုတိယဗိုလ်ချုပ်ကြီး-ငြိမ်း)**
**အသက်(၆၄)နှစ်**

ချစ်ခင်လေးစားရပါသော အစ်ကိုကြီး ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မမလေး၊ သမီးကြီး၊ သမီးငယ်၊ သားသားတို့ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မောင်ငယ်-ညီမငယ်
ထွန်းနေဦး-ခင်ခင်ချို
ဟိုတယ်တာချီလိတ်၊ ဘုရင့်နောင်ဈေး မိသားစု၊ တာချီလိတ်မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**
